# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက် ၂၀၁၅ ခုနှစ်၊ မေ ၁၈ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၂၅]


**သုဘာသိတာ စ ယာ ဝါစာ မင်္ဂလာ**

မှန်ကန်၍ အကျိုးရှိသော စကားကို ချိုသာစွာ ပြောဆိုခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

# ရန်ကုန်ဆေးရုံကြီးသည် လူနာများစိုက်ထုတ်သုံးစွဲကုန်ကျစရိတ် လျှော့ချရေးလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့

**ရန်ကုန် မေ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး သင်တန်းဗဟိုဌာန၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်မှုဆပ်ကော်မတီ အဖွဲ့ခေါင်းဆောင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တည်ဆောက်ရေးလုပ်ငန်း ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေး ဆောင်ရွက်ပြီးစီးမှုနှင့် နှလုံးဆေးကုသဆောင်တိုးချဲ့တည်ဆောက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံတည်ဆောက်မှုလုပ်ငန်းများကို သတ်မှတ်ထားသော အချိန်ကာလအတွင်း အမြန်ပြီးစီးအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်စေလိုကြောင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး

*စာမျက်နှာ ၈ ကော်လံ ၁* ◆



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဘယ်ဘက်လက်မောင်းပြတ်တောက်သွားသဖြင့် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာနက အောင်မြင်စွာ ပြန်လည်ဆက်ပေးနိုင်ခဲ့သည့် လူနာကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းသစ် ဖွင့်လှစ်မည်

သတင်း-ဝေယံဦး




မောတောင်နယ်စပ်ကုန်သွယ်ရေးဂိတ်ကို ထိုင်းဘက်မှတွေ့ရစဉ်။

**ရန်ကုန် မေ ၁၇**

နယ်စပ်ကုန်သွယ်ရေး ပိုမိုဖွံ့ဖြိုးပြီး နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု တိုးတက်စေရန် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးဂိတ်စခန်းသစ်တစ်ခု ဖြစ်သည့် မောတောင်နယ်စပ်စခန်းကို မကြာမီဖွင့်လှစ်ရန် စီစဉ်နေကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ မောတောင်နယ်စပ်ကုန်သွယ်ရေးဂိတ်စခန်းကို မကြာမီဖွင့်လှစ်ရန် စီစဉ်နေရာ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းသစ် ထပ်မံတိုးတက်လာခြင်းဖြစ်သည်။ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများကို ယခင်က တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းစသည်တို့တွင် ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းသစ်များအဖြစ် ဘုရားသုံးဆူနှင့် မောတောင်တို့၌ ဖွင့်လှစ်နိုင်ရေးစီစဉ်နေရာ မောတောင်၌ မကြာမီ ဖွင့်လှစ်နိုင်ရေး စီစဉ်နေခြင်းဖြစ်သည်။ မြန်မာ-ထိုင်း နယ်နိမိတ်ထိစပ်မှုသည် မိုင်ပေါင်း ၁၃၁၄ မိုင်ခန့်ရှိနေရာ နယ်စပ်ကုန်သွယ်ရေးသည် အရေးပါသည့် အနေအထားတွင်ရှိနေသည်။

*စာမျက်နှာ ၆ ကော်လံ ၃* ❐

**ယနေ့ မာတိကာ**


တင်းမာမှုများရှိနေသော်လည်း အမေရိကန်-တရုတ် ဆက်ဆံရေးခိုင်မြဲနေ စာ » ၄

ကျွန်တော်နဲ့ ငြိမ်းချမ်းရေးအတွက် စီးပွားရေး Business for Peace (B4P) ဆောင်းပါး စာ » ၁၀





# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## နိုင်ငံတိုးတက်ရေးစွမ်းဆောင်ဆုများ

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လူတစ်ဦးချင်းစီ၏ ကြိုးပမ်းစွမ်းဆောင်မှုမှ အစပြုကာကျေးလက်၊ မြို့ပြနှင့်လုပ်ငန်းဌာနအသီးသီး၊ အစိုးရမဟုတ်သော အဖွဲ့အစည်း အသီးသီးတို့၏ တက်ညီလက်ညီ ကြိုးစားအားထုတ်မှုသည် အရေးကြီးပါသည်။ နိုင်ငံတစ်ဝန်း စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတော်ကာကွယ်ရေး အစရှိသဖြင့် ဘက်ပေါင်းစုံထူးချွန် ပြောင်မြောက်စွာဆောင်ရွက်တတ်၊ ဆောင်ရွက်လေ့ရှိသော၊ စွမ်းစွမ်းတမံကြိုးစားလုပ်ကိုင်တတ်သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ တိုးပွားလာမှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် လာနိုင်မည်ဖြစ်ပါသည်။

ဤသို့နိုင်ငံတော်အတွင်း ထူးထူးချွန်ချွန်၊ ပြောင်ပြောင် မြောက်မြောက်ဆောင်ရွက်နေသူများ၊ အဖွဲ့အစည်းများအား နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်သမ္မတ၏ ဆုများချီးမြှင့်လေ့ရှိပါသည်။ နိုင်ငံတော်သမ္မတ၏ ဆုများသည်ကား နိုင်ငံတော်တွင် အမြင့်ဆုံးပေးအပ်သည့်ဆုများဟု ဆိုရပေလိမ့်မည်။ နိုင်ငံတော်ကိုတာဝန်ယူ တာဝန်ခံရသည့် သမ္မတကြီးကိုယ်တိုင် ဂုဏ်ပြုချီးမြှင့်ပေးအပ်သည့်ဆုများဖြစ်ခြင်းကြောင့်ပင် ဖြစ်ပါသည်။ ယခုနှစ်ဆိုလျှင် နိုင်ငံတော်အတွင်း အဘက်ဘက်မှ ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်နိုင်သူများအား ဂုဏ်ပြုချီးမြှင့်နိုင်မှုသည် တတိယအကြိမ်ရှိသွားပြီဖြစ်ပါသည်။

၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားနှင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ချီးမြှင့်ပွဲအခမ်းအနားတစ်ရပ်ကို မေလ ၁၅ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန၌ ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ကိုယ်တိုင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဤအခမ်းအနားတွင် ကျေးလက်၊ မြို့ပြစည်ပင်ဖွံ့ဖြိုးအောင်စွမ်းဆောင်နိုင်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးစွမ်းဆောင်နိုင်မှု၊ လူမှုရေး၊ စီးပွားရေးစွမ်းဆောင်နိုင်မှုစသော နယ်ပယ်အသီးသီးတွင် ထူးချွန်စွာ ဆောင်ရွက်နိုင်သည့်အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီအား ပေးအပ်သည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်နေသည့် မြန်မာ့တပ်မတော်အား နိုင်ငံတော်သမ္မတ၏ သီးသန့်အထူးဆု၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသောလုပ်ငန်းများကို ထူးချွန်စွာဆောင်ရွက်သူများအား နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင်ဆုကို မြို့ပြ၊ ကျေးလက်အဆင့်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မှုအပေါ် ပေးအပ်သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ဆုများ၊ လူမှုရေးနှင့်စီးပွားရေး ထူးချွန်စွာဆောင်ရွက်နိုင်မှုအပေါ် ပေးအပ်သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ဆုများ စုစုပေါင်းဆု ၅၉ ဆုကို ချီးမြှင့်နိုင်ကြောင်း သိရပါသည်။ ဤကဲ့သို့ နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ချီးမြှင့်နိုင်မှုကြောင့် နိုင်ငံတော်အတွင်း ကုန်ထုတ်စွမ်းအားများ ရင်းနှီးမြှုပ်နှံမှုများတိုးပွားကာ ဖွံ့ဖြိုးရေးအတွက် အဓိကမဏ္ဍိုင်များသဖွယ် တိုးတက်မှုများ၊ အောင်မြင်မှုများရရှိလာမည်ဖြစ်ပါကြောင်း။ ။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေ-ပါသျှိုး-ကျိုင်းလပ်လမ်းပေါ်မှ နန့်မွေတံတား



**တာလေ မေ ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ တံတားဦးစီးဌာနသည် နိုင်ငံတစ်ဝန်း လမ်းပန်း ဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်အတွက် လမ်းတံတားကြီးများကို တိုးချဲ့တည်ဆောက်ပေးမှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ မှ ၂၀၁၄-၂၀၁၅ အထိ လေးနှစ်တာကာလအတွင်း အဓိက မြစ်ကူးတံတားကြီး ၈၇ စင်း အပါအဝင် တံတားအစင်းပေါင်း ၄၅၆ စင်းကို ရာနှုန်းပြည့် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

တံတားဦးစီးဌာနမှ တည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့ (၉)သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ပြည်ထောင်စုရန်ပုံငွေဖြင့် မြန်မာ-လာအို ချစ်ကြည်ရေးတံတား အပါအဝင် တံ တားပေါင်းရှစ်စင်း၊ ပြည်နယ်ရန်ပုံငွေဖြင့်တစ်စင်း စုစုပေါင်း တံတားကိုးစင်း ရာနှုန်းပြည့် တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထိုသို့ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော တံတားများထဲတွင် ရှမ်းပြည်နယ်(အရှေ့ ပိုင်း) တာလေ-ပါသျှိုး-ကျိုင်းလပ် ကားလမ်းပေါ်၌ အလျား ပေ ၃၀၀ ရှိ နန့်မွေတံတားသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါ တံတား၏ ယာဉ်တစ်စီးချင်းခံနိုင်ဝန် ၇၅ တန်ဖြစ်သည်။ တံတားအား ခွင့်ပြုရန်ပုံငွေကျပ် ၃၉၄ ဒသမ ၀၀ သန်းဖြင့် ၁-၁၁-၂၀၁၃ရက်နေ့က စတင် တည်ဆောက်ခဲ့ရာ ၁၅-၆-၂၀၁၄ ရက်နေ့တွင် ရာနှုန်းပြည့်တည်ဆောက်ပြီးစီးခဲ့၍ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်**

# ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်း အောင်မြင်ရေး ဆွေးနွေးပွဲကျင်းပ

**ဖျာပုံ မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ရဲတပ်ဖွဲ့၏ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းများ အောင်မြင်စေရေးအတွက် မီဒီယာများ ပါဝင်သည့် သတင်းစာရှင်းလင်းဆွေးနွေးပွဲတစ်ရပ်ကို မေ ၁၆ ရက်က ခရိုင်ရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူးက ခရိုင်အတွင်းထိန်းချုပ်ဓာတုပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားရှိမှုများမှ မလိုအပ်သည့်ကိစ္စရပ်များ မဖြစ်ပေါ်စေရေးနှင့် ခရိုင်အတွင်းမှုခင်းများမဖြစ်ပေါ်စေရေးအတွက် ရဲလုပ်ငန်းများပြည်သူ့ဗဟိုပြုပြီး အဆင်ပြေစွာဆောင်ရွက်နိုင်ရေးဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

ထို့နောက် မှုခင်းများမဖြစ်ပေါ်ရေးနှင့် ဖြစ်ပေါ်လာပါက ဆောင်ရွက်သင့်သည့်လုပ်ငန်းများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အကြံပြုဆွေးနွေးကြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ခရိုင်အဆင့် စံပြရဲရွေးချယ်

**မန္တလေး မေ ၁၇**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ၂၀၁၅ ခုနှစ် မန္တလေးခရိုင်ရဲတပ်ဖွဲ့လက်အောက်ရှိ အရာရှိ၊ အခြားအဆင့် တပ်ဖွဲ့ဝင်များအား ခရိုင်အဆင့်စံပြရဲ စိစစ်ရွေးချယ်ရေးစာမေးပွဲကို မေ ၁၆ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အရာရှိတပ်ဖွဲ့ဝင် ၁၀ ဦး၊ အခြားအဆင့် တပ်ဖွဲ့ဝင် ၂၆ ဦး စုစုပေါင်း ၃၆ ဦးတက်ရောက်ဖြေဆိုကြသည်။ အဆိုပါ စိစစ်ရွေးချယ်ရေး စာမေးပွဲတွင် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ထွန်း၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးအောင်နှင့် တာဝန်ရှိသူများက ကြီးကြပ်စစ်ဆေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၉၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၂၃၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၀၈-၁၁၁၁ |
| ဥရောပ | တစ်ယူရို | ၁၂၆၀-၁၂၆၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၃၃-၈၄၅ |
| ထိုင်း | တစ်ဘတ် | ၃၃.၅-၃၃.၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇-၁၇.၅ |
| တရုတ် | တစ်ယွမ် | ၁၇၄-၁၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄-၃၀၈ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ တင်ပြသည်။**

## လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
- လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ငြိမ်းသတ်ပါ။
- လျှပ်စစ်ဝိုင်ယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
- ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

# လွှတ်တော်များသည် ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကြား အပြန်အလှန်ထိန်းကျောင်းခြင်းလုပ်ဆောင်နေ

နေပြည်တော် မေ ၁၇

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မေ ၁၆ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ဥတ္တမာရုံစာသင်တိုက်၌ ကျောက်တံခါးမြို့နယ်မှ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။**



အဆိုပါတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က ကျောက်တံခါးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့လုပ်ဆောင်ကြမည်၊ မည်သို့စီမံဆောင်ရွက်ကြမည်ကို စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ရာတွင် လွှတ်တော် ကိုယ်စားလှယ်များနှင့် ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီများ၌ ပါဝင်ကြသည့် ဝန်ထမ်းများအနေဖြင့် ကိုယ့်မြို့ကိုယ့်ဒေသကဲ့သို့ သဘောထားကြီးပြီး ဆောင်ရွက်ပေးကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များနှင့် မြို့မိ မြို့ဖများက ဒေသဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲမစတင်မီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥတ္တမာရုံစာသင်တိုက်၌ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ပဲနွယ်ကုန်းဓမ္မရတနာကျောင်းတိုက်ဆရာတော် အမှူးပြုသော ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားခဲ့သည်။

ဆက်လက်၍ ညောင်လေးပင်မြို့သို့ ရောက်ရှိပြီး သီရိရတနာခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူများ၏ ဆန္ဒ၊ လိုအပ်ချက်များကို လွှတ်တော်အတွင်း၌ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ ဆွေးနွေးခြင်းများဖြင့် ဥပဒေအရ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ညောင်လေးပင်မြို့မှ ပြည်သူများနှင့် တွေ့ဆုံခြင်းသည် လွှတ်တော်ကိုယ်စားလှယ်များ ကြားမခံဘဲ ပြည်သူ့အသံကို လာရောက်နားထောင်ခြင်းပင် ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်တွင် တစ်နှစ်လျှင် ရှစ်လခန့် လွှတ်တော်လုပ်ငန်းများ လုပ်ဆောင်ပြီး ကျန်လေးလတွင် မဲဆန္ဒနယ်မြေများသို့ သွားရောက်၍ မဲဆန္ဒရှင်များကို ပြန်လည်ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်များသည် ဥပဒေပြုရေးလုပ်ငန်းများကို ထမ်းဆောင်သည့်အပြင် ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကြား အပြန်အလှန်ထိန်းကျောင်းခြင်းနှင့် နိုင်ငံတကာနှင့် ဆက်ဆံခြင်း လုပ်ငန်းများ လုပ်ဆောင်နေပါကြောင်း၊ ယနေ့တွေ့ဆုံပွဲတွင် တင်ပြချက်များအပေါ် မှတ်သားပြီး ချက်ချင်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စများကို ချက်ချင်းလုပ်ဆောင်ပေးမည်ဖြစ်ပြီး အချိန်ယူဆောင်ရွက်ရမည့်ကိစ္စများကို အချိန်ယူဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ရှေ့ဆက်မည့် ခရီးစဉ်၌လည်း ညှိညှိနှိုင်းနှိုင်း ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ညောင်လေးပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(အငြိမ်းစား)က နှုတ်ခွန်းဆက် စကားပြောကြားသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ **(အပေါ်ဓါတ်ပုံ)**

တွေ့ဆုံပွဲမစတင်မီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ညောင်လေးပင်မြို့ ခင်တန်းကျောင်း ပရိယတ္တိစာသင်တိုက်၌ မဒေါက်မြို့ပန်းငွေရုံကျောင်းတိုက်ဆရာတော် အမှူးပြုသော ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားသည်။ **(သတင်းစဉ်)**

## ဖျာပုံခရိုင်အတွင်း ပြည်သူ့အကျိုးပြု သွားနှင့်ခံတွင်း စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**ဖျာပုံ မေ ၁၇**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ရန်ကုန် စတုတ္ထနှစ် ဘီဒီအက်စ် (၁/၂၀၁၅)မှ ကျောင်းသားကျောင်းသူ ၁၃၅ ဦး၊ အလုပ်သင်ဆရာဝန် ၂၀ နှင့် ဆရာ ဆရာမ ၂၁ ဦး စုစုပေါင်း ၁၇၆ ဦး ပါဝင်သော အဖွဲ့သည် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ဦးရွှေတိုး၏ စီမံမှု၊ အဖွဲ့ခေါင်းဆောင် ဆရာ ဆရာမများ၏ ကြီးကြပ်မှုဖြင့်မေ ၁၀ရက်မှ ၁၆ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေးမြို့နယ်များသို့ သွားရောက်၍ ပြည်သူ့အကျိုးပြု သွားနှင့်ခံတွင်း စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ ၃၁၉၅ ဦးအား ပညာပေးဟောပြောခြင်း၊ ၂၇၄၄ ဦးအား သွားနှင့်ခံတွင်း စစ်တမ်းကောက်ယူခြင်း၊ သွားနှင့်ခံတွင်း ဝေဒနာရှင် ၁၆၆၃ ဦးအား ကုသပေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်လေ့ကျင့်

**ဖျာပုံ မေ ၁၇**

မိုးကြိုကာလအတွင်း ဖြစ်တတ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများ ကိုယ်တိုင် ပူးပေါင်းပါဝင်လုပ်ဆောင်တတ်ကြစေရန်ရည်ရွယ်ပြုလုပ်သည့် ဆူနာမီသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခန်းကို မေ ၁၆ ရက် နံနက် ၉ နာရီက ဖျာပုံမြို့နယ် တင်ပုလ္လဲကျေးရွာအုပ်စု၊ ခမင်းဆိပ်ကျေးရွာရှိ ခမင်းဆိပ် Cyclone Shelter တွင် ပြုလုပ်ကြောင်း သိရသည်။

ဒေသခံပြည်သူ ၄၀၀ ခန့် စိတ်ပါဝင်စားစွာ တက်ရောက်လေ့ကျင့်ခဲ့သည့် အဆိုပါ လေ့ကျင့်ခြင်းအစီအစဉ်တွင် ဖျာပုံခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလှိုင်က ဆူနာမီ သရုပ်ပြလေ့ကျင့်ခြင်းအကြောင်း ရှင်းလင်းတင်ပြကာ စုပေါင်း လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



## Public Digital Library Service စက်များတွင် ထည့်သွင်းအသုံးပြုရန် ဝတ္ထု၊ သုတ၊ ရသ၊ ကာတွန်း၊ စာအုပ်စာစောင်များ၏ Electronic Version များ လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာ

**နေပြည်တော် မေ ၁၇**

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စာကြည့်တိုက်များ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များနှင့် လူစည်ကားရာနေရာများ (သင်္ဘောဆိပ်၊ လေဆိပ်၊ ဘူတာရုံ၊ ကားဂိတ်၊ ဆေးရုံ၊ တက္ကသိုလ်) စသည်တို့တွင် Laptop များ၊ Mobile Phone များ၊ Tablet များဖြင့် Wifi စနစ်ကိုအသုံးပြု၍ အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ရန်အတွက် Public Digital Library Service ( PDLS) စက်ကို စာအုပ် ၇၁၂၅ အုပ် ပါဝင်သော စက်စုစုပေါင်း အလုံးရေ ၆၀၀ အား ဝယ်ယူတပ်ဆင်ပေးခဲ့ပြီးဖြစ်ပါသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးမှ မြို့နယ်အသီးသီးရှိ လူစည်ကားရာနေရာများတွင် ပြည်သူများအနေဖြင့် စာပေဗဟုသုတများ အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန်အတွက် Public Digital Library Service စက် အလုံး ၂၀၀ ကို ထပ်မံတပ်ဆင်ဆောင်ရွက်ပေးသွားရန်ရှိပြီး စာဖတ်ရှုလေ့လာသူများအနေဖြင့် မိမိတို့ကိုယ်တိုင် လေ့လာဖတ်ရှုရန်အတွက်သာ အသုံးပြုပါရန် (Fair Use ) နှင့် တစ်ဆင့်ဖြန့်ဝေခြင်း၊ ကူးယူပုံနှိပ်ထုတ်ဝေခြင်း၊ တစ်ဆင့် ဖြန့်ဖြူးရောင်းချခြင်းတို့မပြုရန် မေတ္တာရပ်ခံဖော်ပြသွားမည်ဖြစ်ပါသည်။

၃။ ပြည်သူများ စာပေဗဟုသုတ အလွယ်တကူဖတ်ရှုနိုင်ရန်အတွက် ရည်ရွယ်၍ စာရေးဆရာကြီး၊ ဆရာမကြီးများအနေဖြင့်လည်းကောင်း၊ စာပေထုတ်ဝေသူများအနေဖြင့်လည်းကောင်း စာအုပ် Electronic Version (Soft Copy-PDF)များကို လှူဒါန်းမှုပြုလုပ်နိုင်ပါရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ဌာနခွဲ (ရန်ကုန်) ဦးစန်းဝင်း(စာတည်းမှူး) ဖုန်း- ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၂ အမှတ် (၂၂၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် စာအုပ်များ၏ Electronic Version များကို စာရေးဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ရောင်းချလိုပါကလည်း ရောင်းချနိုင်မည့် မျှော်မှန်းဈေးနှုန်းဖော်ပြ၍ အဆိုပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ရောင်းချနိုင်ပါကြောင်း ရှိသေလေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

# တင်းမာမှုများရှိနေသော်လည်း အမေရိကန်-တရုတ် ဆက်ဆံရေးခိုင်မြဲနေကြောင်း တရုတ်သမ္မတကဆို

**ပေကျင်း မေ ၁၇**

တောင်တရုတ်ပင်လယ်အရေး အခင်းနှင့်ပတ်သက်၍ တရုတ်နှင့် အမေရိကန် တင်းမာမှုများရှိနေသော်လည်း ကန်-တရုတ်အပြန်အလှန် ဆက်ဆံရေးမှာ ခိုင်မာနေသည်ဟု တနင်္ဂနွေနေ့တွင် တရုတ် သမ္မတရှီ ကျင့်ဖျင်က ပြောခဲ့သည်။

နှစ်နိုင်ငံ ဆက်ဆံရေးပုံစံအသစ် အဖြစ် အမေရိကန်သမ္မတအိုဘားမားနှင့်ရေရှည် ဆက်ဆံရေးတိုးမြှင့်သွားရန် မျှော်လင့်ကြောင်း ဂျွန်ကယ်ရီ၏တရုတ်နိုင်ငံသို့ နှစ်ရက်တာခရီးစဉ်တွင် ရှီကပြောကြားခဲ့သည်။



တောင်တရုတ်ပင်လယ်တွင် တရုတ်၏ရေပိုင်နက်ပြဿနာများနှင့်ပတ်သက်၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးရန် ဂျွန်ကယ်ရီက လာရောက်ခြင်းဖြစ်သည်။ တောင်တရုတ်ပင်လယ်တွင် ရေပိုင်နက်ဆိုင်ရာ အငြင်းပွားတင်းမာမှုများကို လျှော့ချရန် အမေရိကန်က တရုတ်သို့ တိုက်တွန်းခဲ့သည်။

တစ်ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များတွင် အင်အားကြီးနိုင်ငံနှစ်နိုင်ငံ အနေဖြင့် ဆက်ဆံရေးပုံစံအသစ်အဖြစ် ဆက်လက်လုပ်ဆောင်သွားရန် သမ္မတရှီက ထပ်တလဲလဲ တောင်းဆိုခဲ့သည်။

သို့သော်လည်း အဆိုပါဆက်ဆံရေးသည်နိုင်ငံအချင်းချင်း၏ အချုပ်အခြာအာဏာ၊ နယ်မြေပိုင်ဆိုင်မှု၊ နိုင်ငံရေးသဘောထားနှင့်စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင်မူ အပြန်အလှန် အလေးထား ဆက်ဆံရမည်ဖြစ်သည်။

**(ရိုက်တာ)**

# အိုင်အက်စ်ထိပ်တန်း ခေါင်းဆောင်တစ်ဦးကို သုတ်သင်နိုင်ခဲ့

**နယူးယောက် မေ ၁၇**

အမေရိကန်အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်များသည် ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်ထိပ်တန်းခေါင်းဆောင်တစ်ဦးကို လျှပ်တစ်ပြက် စစ်ဆင်ရေးအတွင်း သုတ်သင်နိုင်ခဲ့ကြောင်း အမေရိကန်အရာရှိများက စနေနေ့က ပြောခဲ့သည်။ အမေရိကန် ကွန်မန်ဒိုများသည် အီရတ်နိုင်ငံမှ ဆီးရီးယားနိုင်ငံ အရှေ့အတွင်းပိုင်း သို့ ဝင်ရောက်စီးနင်းရန် UH-60 Black Hawk ဟယ်လီကော်ပတာနှင့် V-22 လေယာဉ်တို့ကို အသုံးပြုခဲ့သည်။ စစ်ဆင်ရေးအတွင်း အဘူဆေရပ်ဖ်အမည်ရှိ အိုင်အက်စ်အဖွဲ့၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးကို သုတ်သင်နိုင်ခဲ့ပြီး ၄င်း၏ဇနီးကို ဖမ်းဆီးထားနိုင်ခဲ့ကြောင်း အမေရိကန်အရာရှိများက ပြောခဲ့သည်။

ဆေရဖ်သည် တူနီးရှားအမျိုးသားတစ်ဦးဖြစ်ပြီး အိုင်အက်စ်အဖွဲ့ ရန်ပုံငွေရရှိနိုင်ရေးအတွက် ရေနံနှင့်ဓာတ်ငွေ့များကို မှောင်ခိုဈေးကွက်မှ တင်ပို့ရောင်းချပေးသူတစ်ဦးဖြစ်သည်။

အမေရိကန်သမ္မတ အိုဘားမားက ညွှန်ကြားပြုလုပ်သော စစ်ဆင်ရေးကို ကွပ်ကဲခဲ့ပြီး အိုင်အက်စ်တပ်ဖွဲ့ဝင်တစ်ဒါဇင်ခန့်ကို သုတ်သင်နိုင်ခဲ့သည်။ ယခုစစ်ဆင်ရေးသည် သီတင်းပတ်ပေါင်းများစွာ အချိန်ယူအစီအစဉ်ရေးဆွဲခဲ့ခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ယခု စစ်ဆင်ရေးသည် အဘူဆေရပ်ဖ်ကိုဖမ်းဆီးရန် ရည်ရွယ်ခဲ့သော်လည်း ၄င်းမှာ သေဆုံးသွားခဲ့ကြောင်း၊ ၄င်း၏ဇနီး အမ်ဆေရပ်ဖ်ကိုဖမ်းဆီးခဲ့ပြီး အီရတ်နိုင်ငံ၌ ထိန်းသိမ်းထားကြောင်း ပြောခဲ့သည်။ ၄င်းကို အိုင်အက်စ်အဖွဲ့က ဖမ်းဆီးထားသော ဓားစာခံများနှင့် အိုင်အက်စ်အဖွဲ့၏ စစ်ဆင်ရေးများကို မေးမြန်းသွားမည်ဟုလည်း ကာတာက ပြောခဲ့သည်။

ယခုစစ်ဆင်ရေးအတွင်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမျှ ဒဏ်ရာရသေဆုံးခြင်းမရှိခဲ့ကြောင်း ၄င်းက ပြောခဲ့သည်။ **(ရိုက်တာ)**

# ယီမင်တွင် ညဘက်တိုက်ခိုက်မှုအတွင်း ၁၀ ဦးထက်မနည်း သေဆုံး

**ဆာနား မေ ၁၇**

ယီမင်နိုင်ငံ မြို့တော်တိုင်းဇ်တွင် ဟူသီသူပုန်များနှင့် ကာကွယ်ရေးတပ်ဖွဲ့များကြား ညဖက်တိုက်ပွဲများဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၀ ဦး သေဆုံးခဲ့ကြောင်း ဒေသခံများနှင့် ဆေးရုံများမှ ဝန်ထမ်းများက တနင်္ဂနွေနေ့က ပြောခဲ့သည်။

ရက်သတ္တပတ်အတော်ကြာ ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် အစာ၊ လောင်စာနှင့်ဆေးဝါးများ အခက်အခဲဖြစ်နေသော လူပေါင်းမြောက်မြားစွာကို အကူအညီပေးရန် ငါးရက်ကြာလူသားချင်းစာနာမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးတစ်ရပ် အင်္ဂါနေ့က စတင်လင့်ကစား ယီမင်နိုင်ငံမြို့တော်တိုင်းဇ်တွင် တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အနောက်အုပ်စုက ထောက်ခံလျက်ရှိသည့် အာရပ်ပြည်ထောင်စု၏ ဦးဆောင် မဟာမိတ်နိုင်ငံဖြစ်သော ဆော်ဒီအာရေဗျက မတ် ၂၆ ရက်ကတည်းက သမ္မတမန်ဆောဟာဒီကို အာဏာပြန်လည်ရရှိရန် ကြိုးပမ်းမှုကြောင့် အီရန်၏မဟာမိတ်ဟူသီတပ်ဖွဲ့များနှင့် ယီမင်ခေါင်းဆောင် အလီအဗ္ဗဒူလာကို သစ္စာခံသော တိုက်ခိုက်သူများကြား တိုက်ပွဲများဖြစ်ပွားခဲ့ကြသည်။

တိုက်ပွဲအချို့ ဒါလီယာမြို့တွင် စနေနေ့ညက ဖြစ်ပွားခဲ့သော်လည်း အသေအပျောက်စာရင်းကို မရရှိသေးပေ။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အဆုံးသတ်ပြီးနောက် တနင်္လာနေ့က ရီယာ့ဒ်တွင် သမ္မတ ဟာဒီ အစိုးရနှင့် ယီမင်နိုင်ငံရေးအုပ်စုများကြား ညှိနှိုင်းဆွေးနွေးပွဲတစ်ခုကို ပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးက ဟူသီတိုက်ခိုက်ရေးသမားများနှင့် ယခင်သမ္မတ သစ္စာတော်ခံများကြား ဆွေးနွေးခဲ့သောအချက်များကို ငြိမ်းချမ်းရေးအတွက် အထောက်အပံ့မဖြစ်ဟုဆိုကာ ပယ်ချခဲ့သည်။

အစည်းအဝေးတွင် ပါဝင်ခဲ့သော ခေါင်းဆောင်များက စနေနေ့နှောင်းပိုင်းက ယခင် သမ္မတဟောင်းကို ပယ်ချရန်ကြေညာချက်တစ်ခုထုတ်ပြန်ခဲ့သည်။

**(ရိုက်တာ)**

# ကဘူးလ်လေဆိပ်အဝင် အသေခံဗုံးခွဲတိုက်ခိုက်

**ကဘူးလ် မေ ၁၇**

အာဖဂန်နစ္စတန် နိုင်ငံ၏ မြို့တော် ကဘူးလ်အဓိကလေဆိပ် အဝင်ဝ၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်။ အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားသည် တိုယိုတာကိုရိုလာကားဖြင့် နိုင်ငံခြားတပ်ဖွဲ့ဝင်များ သယ်ဆောင်သော စစ်ယာဉ်တန်းကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။




အဆိုပါ တိုက်ခိုက်မှုအတွင်း ဆယ်ကျော်သက်မိန်းကလေးနှစ်ဦး သေဆုံးသွားခဲ့သည်ဟု တာဝန်ရှိသူများက ပြောသည်။ သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ပြီး အနည်းဆုံး အရပ်သား ၁၈ ဦး ဒဏ်ရာရရှိသွားခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် နိုင်ငံ ခြား စစ်ဘက်ယာဉ်တစ်စီးနှင့် အရပ်သား ယာဉ်နှစ်စီး ပျက်စီးသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

သို့ရာတွင် ယင်းတိုက်ခိုက်မှုသည် မည်သူမည်ဝါ၏ လက်ချက်ဖြစ်ကြောင်း ချက်ချင်းမသိရသေးဟု ဆိုသည်။ သို့သော်လည်း မေ ၁၄ ရက်က နိုင်ငံခြားသားများ အပါအဝင် လူပေါင်း ၁၄ ဦး သေဆုံးခဲ့ရသည့် ကဘူးလ်ဟိုတယ် တိုက်ခိုက်မှုတွင် တာလီဘန်တို့က ယင်းတို့လက်ချက်ဖြစ်သည်ဟု ဆိုသည်။

**(ရိုက်တာ)**

# နီပေါနိုင်ငံသည် အင်အားပြင်း ငလျင်လှုပ်ပြီးနောက် စီးပွားရေးစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ

**ခတ္တမန္ဒူ မေ ၁၇**

နီပေါအစိုးရသည် နိုင်ငံ၏ စီးပွားရေးကို ပြန်လည်ဦးမော့အောင် ကြိုးစားနေသည်။ ငလျင်ကြောင့် အဓိကစီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာက တနင်္ဂနွေနေ့က ပြောခဲ့သည်။

ဧပြီ ၂၅ ရက်တွင် နိုင်ငံကို ဝရုန်းသုန်းကားအခြေအနေဖြစ်စေသော ၇ ဒသမ ၉ ပမာဏရှိသော အင်အားပြင်းငလျင်လှုပ်ခဲ့သောကြောင့် နီပေါနိုင်ငံ၏ စီးပွားရေးသည် ဒယိမ်းဒယိုင်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း ၊ ငလျင်ကြောင့် လူပေါင်း ၈၅၀၀ နီးပါး သေဆုံးခဲ့ကြောင်း သိရသည်။

ပျက်စီးမှုပမာဏကို အတိအကျ မတွက်ချက်နိုင်သေးကြောင်းနှင့် ငလျင်ကြောင့်စီးပွားရေးအပေါ် ထိခိုက်ပျက်စီးမှုကို တွက်ချက်ရန်မှာလည်း စောနေသေးကြောင်း ဒေသတွင်းသတင်းမီဒီယာများက ဖော်ပြခဲ့သည်။

နီပေါအစိုးရသည် ယခုဘဏ္ဍာနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကို ၄ ဒသမ ၅ ရာခိုင်နှုန်းထိ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

**(ဆင်ဟွာ)**

# မော်စီအားသေဒဏ်ချမှတ်လိုက်ပြီးနောက်ဆိုင်းနိုင်းတွင် တရားသူကြီးသုံးဦး ပစ်သတ်ခံရ

**ကိုင်ရို မေ ၁၇**

အီဂျစ်တရားရုံး တစ်ရုံးက သမ္မတဟောင်း မိုဟာမက်မော်စီအား ထောင်ဖောက်ထွက်ပြေးမှု သေဒဏ်ချမှတ်လိုက်ပြီး နာရီပိုင်းအကြာ စနေနေ့က အီဂျစ်မြောက်ပိုင်း ဆိုင်းနိုင်း၌ တရားသူကြီး သုံးဦးအား သေနတ်သမားများက ပစ်သတ်ခဲ့သည်။

ကိုင်ရိုမြို့ ရာဇဝတ်မှုခုံရုံးက မော်စီနှင့် ဒါဇင်နှင့်ချီသောမွတ် စလင်ညီအစ်ကိုတော် ခေါင်းဆောင်များအား ထောင်ဖောက်ထွက်ပြေးမှုဖြင့် သေဒဏ်ချမှတ်လိုက်ပြီး နှစ်နာရီအကြာ စစ်သွေးကြွအုပ်စုတစ်စုက အယ်လ်အာရစ်မြို့၌ တရားသူကြီးများ တင်ဆောင်လာသောကားပေါ်မှ ယာဉ်မောင်းနှင့်အတူ တရားသူကြီးသုံးဦးအား သေနတ်ဖြင့် ပစ်သတ်သွားခဲ့သည်ဟု ဆိုသည်။

ယင်းတိုက်ခိုက်မှုတွင် အခြားတရားသူကြီးသုံးဦးလည်း ဆိုးရွားစွာ ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည် ဟု ဆိုသည်။ ပစ်ခတ်တိုက်ခိုက်မှုများအပြီး ရဲတပ်ဖွဲ့က အခင်းဖြစ်ပွားရာနေရာကို အမြန်ဆုံးထိန်းချုပ်လိုက်ပြီး တိုက်ခိုက်မှုအပေါ် စုံစမ်းမှုများပြုလုပ်လျက်ရှိသည်။

ယင်းတိုက်ခိုက်မှုသည် မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ဟု ချက်ချင်း မသိရသေးသော်လည်း အိုင်အက်စ်စစ်သွေးကြွများ၏ မိတ်ဖက် ဆိုင်းနိုင်းအခြေစိုက် အန်ဆာဘတ် အယ်လ်မာဒစ်အဖွဲ့မှ ဖြစ်နိုင်ကြောင်းလေ့လာသူများက ပြောသည်။ **(ဆင်ဟွာ)**



# ကျောက်ဆည်မြို့၌ ရိုးရာယဉ်ကျေးမှုဆင်အကဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများလာ

လူသိများထင်ရှားလှသည့် ကမ္ဘာကျော် ကျောက်ဆည်မြို့၏ ဆင်အကသည် ဆင်ပွဲတော်ကျင်းပသည့်ကာလ တစ်နည်းအားဖြင့် ဆင်ရာသီမဟုတ်သည့်တိုင် မြန်မာနိုင်ငံအနှံ့မှ အထိမ်းအမှတ်ပွဲများ၊ အလှူပွဲများအတွက် ဆင်အဖွဲ့များ ငှားရမ်းခြင်း၊ ကျောက်ဆည်မြို့သို့ လာရောက်လည်ပတ်ကြသည့် ဧည့်သည်များမှ အမှတ်တရ ဆင်ရုပ်များ ဝယ်ယူလျက်ရှိခြင်းနှင့် တခြားမြို့နယ်များက ဆင်များ ဝယ်ယူလျက်ရှိခြင်းကြောင့်ဆင်အကနှင့်ပတ်သက်သည့် ဆင်အဖွဲ့တည်ထောင်သူများ၊ အကဆင်ချိုးသူများ၊ အမှတ်တရ ဆင်ရုပ်လုပ်သူများနှင့် ရောင်းချသူများ၊ ဆင်အကပညာရှင်များ၊ ဆင်အကနှင့် ဆက်စပ်သည့်သူများဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ များပြားလာကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီလုပ်ငန်းက မိသားစုစီးပွားရေးတစ်ခုလုံးကိုတော့ မလွှမ်းခြုံနိုင်ဘူး၊ စားနိုင်တယ်၊ သောက်နိုင်တယ်၊ လှူနိုင်တယ်၊ နောက်ပြီး သူများအလှူဒါနပြုတဲ့ပွဲတွေမှာ ပါဝင်ဆောင်ရွက်ခွင့်ရတဲ့အတွက်ကိုယ်လည်း ကုသိုလ်ရတယ်၊ ကျွန်တော်တို့အဖွဲ့က မြန်မာနိုင်ငံအနှံ့ လာငှားတဲ့ပွဲတိုင်းကို လိုက်ကပေးတယ်၊ တစ်လတစ်လကို မလိုက်ရတဲ့လက လေးပွဲလောက်၊ လိုက်ရတဲ့လဆို ခုနစ်ပွဲလောက်ထိ လိုက်ရတယ်" ဟု နိုင်ငံတော်မှ စေလွှတ်သည့် စင်ကာပူ အာဆီယံပွဲတော်ကို ဖျော်ဖြေကာ ပထမဆုရရှိခဲ့ပြီး တရုတ်၊ အိန္ဒိယနှင့် ထိုင်းတို့တွင် ဖိတ်ကြားမှုဖြင့် သွားရောက်ဖျော်ဖြေခဲ့ဖူးသည့် ကျောက်ဆည်မြို့၏ သက်တမ်းရင့် "ဧရာမောင်" ဆင်နှင့် "ဂန္ဓဝင်" တေးဂီတကို ဦးစီးတည်ထောင်သူ ဦးဝင်းတင်က ဆင်အကဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်မှုကို ပြောပြသည်။

ကျောက်ဆည်မြို့၌ ပုဂ္ဂလိကအနေဖြင့် ဆင်အဖွဲ့များတည်ထောင်ထားသလို အများစုပေါင်း၍လည်း ဆင်အဖွဲ့များ တည်ထောင်ကြပြီး အများစုပေါင်းတည်ထောင်ထားသည့် ဆင်အဖွဲ့များသည်အငှားလိုက်ခြင်းမရှိ၊ တစ်ဦးတည်းက ဦးဆောင်တည်ထောင်ထားသည့် ပုဂ္ဂလိကဆင်အဖွဲ့များကသာ အငှားလိုက်ကြသည်။ ကျောက်ဆည်မြို့၌ အငှားလိုက်ကသည့် ဆင်အဖွဲ့များအနေဖြင့် ခြောက်ဖွဲ့ခန့် အထိရှိပြီး မည်သည့်နယ်၊ မည်သည့်ဒေသကမဆို လာရောက်ငှားရမ်းပါက လိုက်လံကာ ဖျော်ဖြေကပြကြသည်။

ဆင်အကကို ကြိုက်နှစ်သက်သည့် အခြားမြို့နယ်များသည်ဆင်ကို ကျောက်ဆည်မြို့မှ မှာယူကာ ဆင်အကပညာကိုလည်း လာရောက်သင်ယူကြပြီး မိမိတို့ မြို့ရွာများတွင် ပြန်လည်ကပြ ဖျော်ဖြေကြသည်။ သို့သော်ဘူမိနက်သန် နေရာမှန်ဖြစ်သည့် ကျောက်ဆည်မြို့၏ ဆင်အကနှင့် ဆင်ပွဲတော်ကြီးသည် ရိုးအီသွားသည်မရှိ ကြွက်ပျံမကျ စည်ကားမြဲဖြစ်သည်။ ဆင်အကပညာရှင်များနှင့် ဆင်ချိုးပညာရှင်များသည်လည်း မျိုးဆက်သစ်တို့ဖြင့် အစားထိုးကာ ဝင်ရောက်နေရာယူကြသည်။ ဆင်အကပညာရှင်များကို အဆင့်သုံးဆင့်ဖြင့် ခွဲခြားသတ်မှတ်နိုင်သည်။ (က) အဆင့်သည် ပညာရှင်အဆင့်ဖြစ်ကာ စားပွဲ၊ဗိုပါ၊ အသားပြားများပေါ်တွင် တက်ကနိုင်သော အဆင့်မျိုးဖြစ်သည်။ (က)အဆင့်တွင် အနည်းငယ်ရှားသော်လည်း ကျန်အဆင့်များဖြစ်သော မြေပြင်ပေါ်တွင်ကျွမ်းကျင်ပိုင်နိုင်စွာ ကနိုင်သူများ အများအပြားရှိကြောင်း ဆင်အကနယ်ပယ်မှ စုံစမ်းသိရှိရသည်။

"ကျောက်ဆည်မှာ ဆင်ချိုးတဲ့ပညာရှင်ဆိုရင် ငါးဦးလောက်ရှိတယ်၊ မျိုးဆက်သစ် ဆင်ချိုးပညာရှင်တွေလည်းရှိကြတယ်၊ ဆင်တစ်စီးရဲ့ အချိုးအစားညီအောင် ချိုးနိုင်တဲ့သူတော့ ရှားတယ်။ ကျွန်တော်တို့ကတော့ တကယ့်ဆင်ချိုး ပညာရှင်ကြီးတွေဆီက စနစ်တကျသင်ယူခဲ့ရတာ။ ဒါကြောင့်လည်း အခုလုပ်ကိုင်နေတဲ့သူတွေကိုလည်း ကျောက်ဆည်မြို့ရဲ့ ဆင်လို့ ပြောလို့ရအောင် နည်းစနစ်တကျသင်ယူစေချင်တယ်" ဟု ဆင်အဖွဲ့များ၏ ဆင်အများစုကိုချိုးပေးလျက်ရှိသည့် ဆင်ချိုးပညာရှင်ဦးဝင်းက ပြောပြသည်။

ကသည့် ဆင်အဖွဲ့များဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုနေကြသည်မဟုတ်ဘဲ အမှတ်တရလက်ဆောင်ဆင်ရုပ်များကို ပြုလုပ်ခြင်း၊ ရောင်းချခြင်းများလည်း ရှိကြသေးသည်။ အမှတ်တရ ဆင်ရုပ်များမှာ ဆင်ပွဲတော်ကာလအတွင်းရောင်းအားကောင်းသလို တစ်နှစ်ပတ်လုံးလည်း ရောင်းချရသည်။ အရောင်းဆိုင်များသည် မိမိတို့ရောင်းချလိုသော ဆင်ရုပ်များကို ဆင်ရုပ်လုပ်သောသူများအား နှစ်ပေါက်ပြုလုပ်ခိုင်းကာ အပေါ်ယံအလှခြယ်သည့် ဘော်ကြယ်များကိုလည်း တခြားအပ်နှံဆောင်ရွက်ကြရသောကြောင့် လူအများအပြား အလုပ်အကိုင်ရရှိကြသည်။

ရိုးရာယဉ်ကျေးမှုကိုအမှီပြုသော အသက်မွေးဝမ်းကျောင်းပြုသူများသည် ရိုးရာယဉ်ကျေးမှုကို အရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရန်နှင့် တိုးတက်အောင်ဆောင်ရွက်ရန် တာဝန်ရှိပေသည်။ ဆင်အကဖြင့် သက်ဆိုင်သူများက ကျောက်ဆည်မြို့၏ ရိုးရာယဉ်ကျေးမှုအမွေကိုတန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်သွားမည်ဆိုသည်ကို တစ်ညီတစ်ညွတ်တည်း ပြောပြခဲ့ကြသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



# သားမျှားကျေးရွာ၌လေပြင်းများတိုက်ပြီး မိုးသည်းထန်စွာရွာ၊ အဆောက်အအုံများပျက်စီး

**နတ်မောက် မေ ၁၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် သားမျှား(မ)ကျေးရွာ၌ မေ ၁၆ ရက် ညနေ ၄ နာရီခန့်က လေပြင်းတိုက်ခတ်ခဲ့ရာ လူနေအိမ် အဆောက်အအုံ ၂၁ လုံး၊ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံနှစ်ကျောင်းနှင့် ညောင်ပင်ပိ၍ ဉာဏ်တော်ခြောက်ပေရှိ ရုပ်ပွားစေတီတော်ပျက်စီးပြိုလဲခဲ့ကြောင်း သိရသည်။

သားမျှား(မ) ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့အမိုးလန်ခြင်း၊ အိမ်ပြိုခြင်း၊ ဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံအမိုးလန်ခြင်းနှင့်စေတီတော် ပြိုလဲပျက်စီးခြင်းတို့ကို မေ ၁၇ ရက်နံနက် ၉ နာရီက နတ်မောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ မြို့နယ် အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးသိန်းဌေး၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစောမောင်နှင့်နတ်မောက်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ လိုက်ပါခဲ့ပြီး လူနေအိမ်အဆောက်အအုံ၊ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံနှင့် စေတီတော်ပျက်စီးမှု စာရင်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက တွက်ချက်ခဲ့ရာ စုစုပေါင်းငွေကျပ် ၁၈၅၄၉၅၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။



**လှဝင်း**

# ဆူနာမီအန္တရာယ်သိမှတ်ဖွယ်များ မြို့နေပြည်သူများသို့ အသိပညာပေးပိုစတာများ ခင်းကျင်းပြသ

**ကော့သောင်း မေ ၁၇**

ယခုရက်ပိုင်းအတွင်း နိုင်ငံတကာသတင်းများနှင့် လူမှုကွန်ရက် စာမျက်နှာများတွင် လူအများစိတ်ဝင်စားမှုအများဆုံးသတင်းတစ်ပုဒ်၌ အိန္ဒိယသမုဒ္ဒရာအတွင်းရှိ Barren ကျွန်းမှ ပေါ်ရှိမီးတောင်တစ်ခုပေါက်ကွဲလာနိုင်ကြောင်း၊ ပေါက်ကွဲပါက ပင်လယ်ကြမ်းပြင်အောက်မြေငလျင်လှုပ်၍ဆူနာမီလှိုင်းအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့သည်လည်း အဆိုပါမီးတောင်ပေါက်ကွဲမှု၏ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

အဆိုပါ မီးတောင်ပေါက်ကွဲမှုကြောင့်ဖြစ်စေ အခြားအကြောင်းကြောင့်ဖြစ်စေ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက မြို့နေပြည်သူများ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာဗဟုသုတများ လက်လှမ်းတမီသိရှိနိုင်စေရန် ကော့သောင်းခရိုင်ပြန်/ဆက်ဦးစီးဌာနမှ ဝန်ထမ်းများသည် မေ ၁၆ ရက်က ပင်လယ်ကြမ်းပြင်အောက် မီးတောင်ပေါက်ကွဲမှုဖြစ်ပါကမြေငလျင်လှုပ်ကာ ဆူနာမီလှိုင်းများဖြစ်ပေါ်လာလျှင် ကြိုတင်ဆောင်ရွက်ရမည့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ဝေဖြန့်ချိသည့် ပညာပေးနံရံကပ်ရောင်စုံပိုစတာကြီးများ၊ ဆောင်ရန်/ ရှောင်ရန် အရေးပေါ်အခြေအနေများ၊ မြေငလျင်လှုပ်ချိန်တွင် လိုက်နာရမည့်လုပ်ငန်းစဉ်များကို မြို့နေပြည်သူများ ဗဟုသုတရရှိသတိထားနိုင်ကြရန် ဦးစီးဌာနမြေစိုက်နံရံကပ်ဘုတ်တွင် အသိပညာပေးပိုစတာများ ခင်းကျင်းပြင်ဆင်ထားရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**


## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ ထုတ်လုပ်ရောင်းချမှု ထူးချွန်အသေးစား စီးပွားရေးလုပ်ငန်းရှင်ဆုရရှိသော **ဦးကိုလေး (JKL အဆင့်မြင့်ထုပ်ပိုးမှုလုပ်ငန်း)** နှင့် **ဦးတင်မောင်ကြည် (အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်း)**တို့အား လှိုက်လှဲဝမ်းသာ ဂုဏ်ပြုအပ်ပါသည်။

**ထက်လင်းတိုင်းရင်းဆေးဝါးမိသားစု**

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ဆု၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆုရရှိသော ဦးစိုးပိုင် (ပိုင်မိသားစု အပြည်ပြည်ဆိုင်ရာကုမ္ပဏီ)အား အထူးဝမ်းသာဂုဏ်ပြုပါသည်။

တိုင်းပြည်အကျိုး၊ အမျိုးဘာသာ၊ သာသနာ့အကျိုးကို ဆတက်ထမ်းပိုး စွမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

ဒေါင်လံမြို့နယ်အသင်း (ရန်ကုန်) အသင်းသားများ

# တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ ထိုင်းနိုင်ငံမှ နာမည်ကြီးဘတ်စကက်ဘောအသင်းလာရောက်ကစား

**ရန်ကုန် မေ ၁၇**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်စကက်ဘောပြိုင်ပွဲကြီး၌ထိုင်းနိုင်ငံမှ နာမည်ကြီး ဘတ်စကက်ဘောအသင်းဖြစ်သည့် YANHEE INTERNATIONAL HOSPITAL(ထိုင်း)အသင်းကအဖွင့်ပွဲစဉ်တွင် Myanmar Media-7 အသင်းနှင့် ချစ်ကြည်ရေးအဖြစ် ရန်ကုန်မြို့အောင်ဆန်းကွင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ယနေ့ညနေ ၃နာရီက လာရောက်ယှဉ်ပြိုင်ကစားခဲ့သည်။



အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ အလွတ်တန်းအမျိုးသားခုနစ်သင်း၊ ၁၉ နှစ်အောက်အမျိုးသားခုနစ်သင်း၊ အလွတ်တန်း အမျိုးသမီးခြောက်သင်းနှင့် ၁၉ နှစ်အောက် အမျိုးသမီးခြောက်သင်းတို့ ဝင်ရောက်ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ ပြိုင်ပွဲကို အောင်ဆန်း အားကစားပြိုင်ပွဲရုံမိုးလုံလေလုံအားကစားခန်းမ၌ မေ ၁၇ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသည့်အသင်းကိုငွေကျပ် သုံးသိန်း၊ ဒုတိယဆုရရှိသည့်အသင်းကိုငွေကျပ်နှစ်သိန်းနှင့် တတိယဆုရရှိသည့် အသင်းကိုငွေကျပ် တစ်သိန်းစီချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်အသင်းများထဲမှ အကောင်းဆုံးအသင်းကိုလည်းဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့ ဒီတိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲတွေကို နှစ်စဉ်နှစ်တိုင်းကျင်းပပေးလျက်ရှိပါတယ်။ ဒါကလည်း မြန်မာနိုင်ငံရဲ့ ဘတ်စကက်အားကစား ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်လုပ်ဆောင်ပေးတာပါ။ မြန်မာနိုင်ငံဘတ်ကစက်ဘောအဖွဲ့ဟာဆိုရင် ၁၉၄၇ ခုနှစ်ကစတင်ဖွဲ့စည်းခဲ့စဉ်ကတည်းက အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲကို ပထမဦးဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီမှာ မြန်မာဘတ်စကက်ဘောအဖွဲ့ဟာအမျိုးသမီးအသင်းကဒုတိယနဲ့ အမျိုးသားအသင်းကတတိယဆုရရှိခဲ့ပါတယ်။ ခုလည်း မြန်မာဘတ်စကက်ဘော နိုင်ငံတကာထိုးဖောက်နိုင်ဖို့ အခုလိုပြိုင်ပွဲတွေကိုကျင်းပရခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဘတ်စကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ၌ ပြိုင်ပွဲအကြိုအဖွင့်ပွဲစဉ်ဖြစ်သည့် YANHEE INTERNATIONAL HOSPITAL (ထိုင်း) အသင်းနှင့် ယှဉ်ပြိုင်ကစားသည့် MYANMAR MEDIA-7 အသင်းတွင် သရုပ်ဆောင်၊ အဆိုတော် ဟက်ကက်နှင့် သရုပ်ဆောင် ကောင်းပြည့်တို့လည်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့သည်။ အဖွင့်ပွဲစဉ်တွင် အနုပညာရှင်များဖြစ်သည့် ဟဲလေး၊ ArT၊ အစ္စဏီ၊ စစ်သွေး၊ သိန်းလင်းစိုး၊ ဟိန်းသစ်၊ လီယို၊ ဇေရဲ၊ ခွန်းဆင့်နေခြည်၊ ပုလဲဝင်း၊ နန်းဆုရတီစိုး၊ နွေးနွေးချစ်ဖွယ်၊ လိမ္မော်သီး၊ ချာချာ(ခ)ဆုပြည့်မှူးအိမ်၊ ထိုက်ထိုက်နှင့် မေတို့ လာရောက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **သတင်း-မောင်စိန်လွင် (မြန်မာ့အလင်း)**

**ဓာတ်ပုံ-မင်းထက်**

# အရည်အသွေးမီ မြွေဆိပ်ဖြေဆေးစက်ရုံသစ် လာမည့်ဩဂုတ်လ၌ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံတွင် နှစ်စဉ်တောင်သူလယ်သမားများ ကြုံတွေ့နေရသည့် မြွေကိုက်ခံရမှု အန္တရာယ်ကာကွယ်ကုသရန်အတွက် မြွေဆိပ်ဖြေဆေးများ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှုစနစ် (GMP) နှင့်အညီ ထုတ်လုပ်နိုင်သည့် မြွေဆိပ်ဖြေဆေးစက်ရုံသစ်ကို ဆေးဝါးစက်ရုံ (အင်းစိန်) ဝင်းအတွင်း အသစ်တည်ဆောက်လျက်ရှိရာ မကြာမီခေတ်မီမြွေဆိပ်ဖြေဆေးများ လုံလောက်စွာဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်သည်။

"ဒီစက်ရုံက မြန်မာနိုင်ငံဆေးဝါးလိုအပ်ချက်တွေကို အဓိကဖြည့်တင်းပေးတဲ့ စက်ရုံကြီးဖြစ်ပါတယ်။ မြွေဆိပ်ဖြေဆေးကိုတစ်ချိန်တုန်းက စက်ရုံအဟောင်းမှာပဲ ထုတ်တယ်၊ အခု GMP guide Lines တွေနဲ့ ထုတ်မယ့် စက်ရုံဖြစ်တဲ့အတွက်ကြောင့် မြွေကိုက်ခံရတဲ့ လူနာတွေအတွက် ဆေးဝါးတွေကို လုံလုံလောက်လောက် ဖြန့်ချိပေးနိုင်မှာဖြစ်ပါတယ်"ဟု စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခေါင်မြင့်က ပြောသည်။

ယခင် မြွေဆိပ်ဖြေဆေးစက်ရုံဟောင်းမှ မြွေဆိပ်ဖြေဆေးများကို အတိုင်းအတာတစ်ခုထိသာ ထုတ်နိုင်ခဲ့သည်။ ယခု အသစ်တည်ဆောက်ပြီးစီးသည့် မြွေဆိပ်ဖြေဆေးစက်ရုံသစ်မှ အရည်အသွေးမြင့် မြွေဆိပ်ဖြေဆေးများကို တစ်လလျှင် အလုံးရေ တစ်သိန်းထိ ထုတ်လုပ်နိုင်မည်ဖြစ်၍ မြွေကိုက်ခံရသည့်လူနာများအတွက် ဆေးဝါးမလုံလောက်မှုဘေးမှကျော်လွှားနိုင်ပြီး အသက်ဆုံးရှုံးမှုများကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ (အင်းစိန်) မှ ထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးသည် အရည်အသွေးပြည့်မီပြီး မြွေဆိပ်ဖြေဆေးကို အသုံးပြုသည့်အခါ တစ်လုံးမှ သုံးလုံးအထိသာ အသုံးပြုရပြီး ဝေဒနာသက်သာ ပျောက်ကင်းသည့် အနေအထားရှိကြောင်းသိရသည်။

"လောလောဆယ် ပြည်တွင်းမှာ လုံလောက်ဖို့အဓိကပါပဲ။ ပြည်ပကနေ ခန့်မှန်းခြေအရ ဆေးဝါးတန်ဖိုးဒေါ်လာသန်း ၂၀၀ ဖိုးလောက် နှစ်စဉ်သွင်းနေရတော့ ပြည်တွင်းလိုအပ်ချက်ကိုပဲ အဓိကထားပါတယ်၊ ဒါပေမယ့် ကော်ပိုရေးရှင်းအသွင် ဆောင်ရွက်ရေး ဒါထက်ကြီးမားတဲ့ Capi-city ရှိလာရင် ပြည်ပအထိဆေးဝါးတွေကို ဖြန့်ဖြူးပေးသွားဖို့ ရည်မှန်းချက်ရှိပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးကဆိုသည်။

မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ (အင်းစိန်)မှ မြွေဆိပ်ဖြေဆေးအပါအဝင် ဆေးဝါးအမျိုးအစားပေါင်း ၁၆၃ မျိုး ထုတ်လုပ်နေပြီး လက်ရှိထုတ်လုပ်မှုသည် ပြည်တွင်းဈေးကွက်ကို အဓိကဖြန့်ဖြူးနေကြောင်း အဆိုပါစက်ရုံသည် နိုင်ငံတော်အတွက် ဝင်ငွေရရှိနေသည့် ဆေးဝါးထုတ်လုပ်ရေး စက်ရုံဖြစ်ကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ (အင်းစိန်) မှ နိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် ထိရောက်စွာ အကျိုးပြုနိုင်သည့် ဆေးဝါးထုတ်လုပ်ရေး စက်ရုံဖြစ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြွေဆိပ်ဖြေဆေးစက်ရုံသစ်ကို ၂၀၁၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုနှစ် ဩဂုတ်လတွင်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများ နှစ်စဉ်ကြုံတွေ့နေရသည့် မြွေကိုက်ခံရမှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုဘေးမှ ကင်းဝေးနိုင်တော့မည်ဖြစ်သည်။ **မင်းသစ်**



**ဓာတ်ပုံ-ရဲထွဋ်**

# နိုင်ငံတကာ နာမည်ကြီးတက္ကသိုလ်များမှ သင်ရိုးညွှန်းတမ်းများနှင့် အသိအမှတ်ပြု ဒီဂရီ၊ ဘွဲ့၊ ဘွဲ့လွန်သင်တန်းများ ပြည်တွင်း၌ သင်ကြားနိုင်

**နေပြည်တော် မေ ၁၇**

ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတနှင့် လုပ်ငန်းအတွေ့အကြုံများ ပိုမိုသိရှိနားလည်နိုင်ရန်ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာန အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်(National Management College) နှင့် အင်္ဂလန်နိုင်ငံရှိ University of Bedfordshire ဟောင်ကောင်အစိုးရ တက္ကသိုလ် (The Open University of Hong Kong) နှင့် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ Seokyeong University တို့ ပူးပေါင်းဖွင့်လှစ်သည့် STI Myanmar University သည် အင်ဂျင်နီယာ သင်တန်းများ၊ စီးပွားရေးစီမံခန့်ခွဲမှုဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများဖြစ်သည့် BEng(Hons) Civil Engineering, BEng (Hons) Architectural Engineering, B.A (Hons) Interior Architectual, B.Sc(Hons) Construction Management, B.A (Hons) Accounting and Finance, B.A (Hons) Business, B.A (Hons) Business Administration , MBA (Master of Business Administration), Master of Education (M.Ed) သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

STIMU မှ သင်တန်းဆင်းများ အနေဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုရှိပြီး လူအများရှေ့တွင် စကားပြောဆိုနိုင်မှု စွမ်းရည်၊ ဦးဆောင်နိုင်မှုစွမ်းရည်၊ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့်စိတ်ဓာတ်၊ တီထွင်ကြံဆနိုင်မှုစသည့် စွမ်းရည်များ တိုးပွားလာစေရန် ကျောင်းသားဗဟိုပြုနှင့် ပြည်တွင်းပြည်ပ နိုင်ငံတကာ အတွေ့အကြုံ ရှိသော ဆရာဆရာမများက သင်ကြားပို့ချပေးလျက်ရှိသည်။

ထို့ပြင် ကျောင်းသားကျောင်းသူများအား တီထွင်ကြံဆနိုင်မှု စွမ်းရည်များ တိုးပွားလာစေရန် နိုင်ငံခြားတက္ကသိုလ်များမှ ဧည့်ပါမောက္ခများ၊ ပြည်တွင်းပြည်ပ စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် အခြားသော အသိပညာရှင် အတတ်ပညာရှင်များကို ဖိတ်ခေါ်ပြီး အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများကိုလည်း စဉ်ဆက်မပြတ် ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

STI Myanmar University နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက လှိုင်တက္ကသိုလ်နယ်မြေ MICT Park အဆောက်အအုံ ၁၀ ရှိ STIMU ဖုန်း ၀၁-၅၀၇၀၄၈၊ ၀၁-၅၀၇၁၅၁ သို့လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းနှင့် ၅၃/၅၄ လမ်းကြား အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ် ဖုန်း ၀၉-၄၂၀၁၃၁၇၃၀ သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၁၇**

မေ ၁၆ရက် ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပေါင်မြို့တွင် ၂ ဒသမ ၄၀ လက်မ၊ မိတ္ထီလာမြို့တွင် ၁ ဒသမ ၄၉ လက်မ၊ မော်လိုက်မြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ပခုက္ကူမြို့တွင် ၀ ဒသမ၉၄ လက်မနှင့် လောင်းလုံမြို့တွင် ၀ ဒသမ ၈၃ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

❐ ရှေ့ဖုံးမှ

မြန်မာနိုင်ငံတွင် နယ်စပ်ကုန်သွယ်ရေး စခန်းများအဖြစ် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ မူဆယ် (၁၀၅ မိုင်) စခန်း၊ လွယ်ဂျယ်စခန်း၊ ချင်းရွှေဟော်စခန်း၊ လိုင်ဇာစခန်းစသည်တို့ရှိနေသည်။ ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်တို့ရှိနေသည်။

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးသည် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တိုးတက်မှုရှိမည်ဟု မျှော်မှန်းထားရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဧပြီမှ ဒီဇင်ဘာလအတွင်း နယ်စပ်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၇၀ ဒသမ ၃၈ သန်းနှင့် နယ်စပ်သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၆၁ ဒသမ ၉၁ သန်းရှိခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၏ ဧပြီမှ မေလအတွင်း နယ်စပ်ကုန်သွယ်ရေး ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၁၃ ဒသမ ၁၇ သန်းရှိခဲ့ပြီး နယ်စပ်သွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၇၆ သန်းရှိခဲ့သည်ဟု ဗဟိုစာရင်းအင်းအဖွဲ့က ဖော်ပြထားရာ လချင်းအလိုက် နယ်စပ်ကုန်သွယ်ရေးတိုးတက်ခဲ့သည်။

ယခုအခါ မြန်မာ- ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများ တိုးချဲ့ဖွင့်လှစ်နိုင်မှုကြောင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများပွင့်ကာ ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်လာစေမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် လေဘေးသင့်ပြည်သူများအားထောက်ပံ့

နေပြည်တော် မေ ၁၇

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများနှင့်အတူ မေ ၁၆ ရက်က မကွေးမြို့ ကလေးပြုစုရေးဌာန၌ အရာထမ်း၊ အမှုထမ်းများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဌာနပိုင်ကလေးများကို ကြည့်ရှုအားပေးသည်။**



ဆက်လက်၍ မူကြိုကျောင်း၊ တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးရုံးနှင့် တိုင်းဒေသကြီး ကယ်ဆယ်ရေးဂိုဒေါင်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

မေ ၁၇ ရက်တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဘိုးဘွားရိပ်သာ ခြောက်ခု၊ လူငယ်ပရဟိတဂေဟာ ကိုးခု၊ မသန်စွမ်းဂေဟာတစ်ခုနှင့် ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်း ၅၂ ကျောင်းတို့အတွက် လူမှုဝန်ထမ်းဦးစီးဌာနမှထောက်ပံ့ငွေကျပ် ၇၈၉ ဒသမ ၇၂ သိန်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဆိပ်ဖြူမြို့နယ်၊ မကွေးမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်၊ နတ်မောက်မြို့နယ်၊ ရေစကြိုမြို့နယ်၊ အောင်လံမြို့နယ်၊ ပေါက်မြို့နယ်၊ ပခုက္ကူမြို့နယ်နှင့် မင်းလှမြို့နယ်များအတွင်းရှိ ကျေးရွာ ၃၀ ၌ ဧပြီလအတွင်း လေပြင်းတိုက်ခတ်ခဲ့သောကြောင့် လေဘေးသင့် အိမ်ထောင်စု ၃၀၈ စု အတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၁၅၄ သိန်း၊ ဆန်ရိက္ခာဖိုး ငွေကျပ် ၉ ဒသမ ၇၇၈၅ သိန်းနှင့် ၂၈ သိန်းခန့်တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်းများ၊ မြိုင်မြို့နယ်အတွင်းရှိ ငွေးအောင်ရွာ၊ ပန်းတော်ပြင်ရွာ၊ ပန်းစွာကျေးရွာ၊ ချောင်းဆုံကျေးရွာ၊ အေးချမ်းသာ စံပြကျေးရွာနှင့် ဘုန်းကြီးကန်ကျေးရွာများ၌ မေ ၈ ရက်က လေပြင်းတိုက်ခတ်ခဲ့သောကြောင့် လေဘေးသင့် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ အိမ်ထောင်စု ၁၀၇ စုအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၅၄ ဒသမ ၁ သိန်း၊ ဆန်ရိက္ခာဖိုး ငွေကျပ် ၃ ဒသမ ၄၈၇၅ သိန်းနှင့် ၁၀ သိန်းခန့်တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၀၁၁ ဒသမ ၀၈၆ သိန်းနှင့် သိန်း ၁၃၀ ခန့် တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်းများကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးသည်။

ဆက်လက်၍ မူကြိုကျောင်းနှင့် ဓမ္မာရုံတို့၌ဖွင့်လှစ်ထားသော လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များမွမ်းမံသင်တန်း (၄/၂၀၁၅) သို့ တက်ရောက်နေသော လူငယ်မောင်မယ် ၁၂၀ တို့ကို အားပေးစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးရုံး၌ သစ်သီးမျိုးစုံယိုထိုးခြင်း လုပ်ငန်း သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ငွေကြေးပံ့ပိုးမည့် သဘောတူစာချုပ်လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၁၇**

ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့သည် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငွေကြေးပံ့ပိုးမည့် အစီအစဉ်ဖြစ်သည့် Non-Sovereign Framework Agreement သဘောတူစာချုပ်အား ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်တွင် မေ ၁၅ ရက်က ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. Stephen P.Groff တို့ လက်မှတ်ရေးထိုးကြသည်။

ယင်းသဘောတူစာချုပ်အရ မြန်မာနိုင်ငံ၏ အငယ်စားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် လိုအပ်သော ငွေကြေးများကို အာရှဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးကူညီနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိက ကဏ္ဍတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ ရင်းနှီးမြှုပ်နှံခြင်း၊ အာမခံချက်များ ထုတ်ပေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာ ငွေကြေးပံ့ပိုးခြင်းတို့ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အဆိုပါ စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ကြား နှစ်နှစ်နီးပါး အချိန်ယူဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

အဆိုပါ စာချုပ်ချုပ်ဆိုပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက နိုင်ငံတော်၏ အထောက်အပံ့မလိုအပ်ဘဲ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြီးစွာသော အထောက်အပံ့ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်တစ်ခုလုံး၏ စီးပွားရေး၊ လူမှုဖွံ့ဖြိုးရေး စသည်တို့ကို ဆောင်ကြဉ်းလာမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ပြည်သူများ၊ မြန်မာနိုင်ငံအစိုးရနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနကိုယ်စား အာရှဖွံ့ဖြိုးရေးဘဏ်ကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ဤစာချုပ်နှင့်ပတ်သက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက ပြောကြားရာတွင် ဤစာချုပ်ကို စောင့်မျှော်နေမိကြောင်း၊ ယခုအကောင်အထည်ပေါ်လာသဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အားတက်မိပါကြောင်း၊ သို့ဖြစ်၍ ကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့ကို ကျေးဇူးတင်ပါကြောင်း မှတ်ချက်ပြုပြောကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

သုံးရက်တာကျင်းပမည့် အဆိုပါ ညီလာခံအတွင်း အဖွဲ့လိုက်ဆွေးနွေးပွဲများကို The Kempinski ဟိုတယ်၌ကျင်းပမည်ဖြစ်ကာ ဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှု ကိုင်တွယ်ဖြေရှင်းရေးနှင့် ဒေသခံပြည်သူများ ဝင်ငွေရရှိရေးအတွက် ကြိုးဝိုင်းသစ်တောများအတွင်းရှိ သဘာဝအခြေခံခရီးသွားလုပ်ငန်း အစီအစဉ်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းများကို အဓိကထားဆွေးနွေးကြမည် ဖြစ်သည်။

ညီလာခံ၏ဖွင့်ပွဲနှင့် ကြိုဆိုတည်ခင်းသော ညစာစားပွဲကိုမူ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ကျင်းပမည်ဖြစ်သည်။

ယခုနှစ် စောစောပိုင်းက အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို ကျင်းပပြီးစီးခဲ့သည့်အပြင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဆိုင်ရာ အစည်းအဝေးများ ထပ်မံကျင်းပရန်ရှိနေသည့် မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ငါးသန်းခန့် လာရောက်လည်ပတ်ရန် ခန့်မှန်းထားလျက်ရှိရာ ခရီးသွားလုပ်ငန်းကို ကောင်းစွာမြှင့်တင်နိုင်တော့မည်ဖြစ်သည်။

၁၉၉၈ ခုနှစ်ကတည်းက သဘာဝအခြေခံခရီးသွားလုပ်ငန်းကို စတင်ခဲ့သော မြန်မာနိုင်ငံတွင် ထူးခြားသည့် သဘာဝ အလှအပနေရာဒေသများစွာဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်ခဲ့သည်။

ကမ္ဘာ့သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာညီလာခံကို ၂၀၀၉ ခုနှစ်က လာအိုနိုင်ငံ၌ လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်က မလေးရှားနိုင်ငံ၌ လည်းကောင်း၊ ၂၀၁၁ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ လည်းကောင်း၊ ၂၀၁၂ ခုနှစ်က တောင်ကိုရီးယားနိုင်ငံ၌ လည်းကောင်း၊ ၂၀၁၄ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ၌ လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

## နိုင်ငံဘက်စုံတည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး

# မိုးဦးလေဦးအန္တရာယ် စပါးများအမိုးအကာအောက်ရောက်ရှိရေး နှိုးဆော်ချက်

၁။ ယခုအချိန်အခါ၌ မိုးဦးလေဦး စတင်ကျရောက်လျက်ရှိပါသည်။

၂။ မိုးဦးလေဦးကျရောက်ချိန်တွင် စိုက်ပျိုးထားသောနွေသီးနှံများကို အချိန်မီရိတ်သိမ်းနိုင်ပြီး အမိုးအကာများအောက်ရောက်ရှိရေး၊ သီးနှံများမပျက်စီးမဆုံးရှုံးစေရေးအတွက် အထူးသဖြင့် စပါးသီးနှံတွင် **"ရိတ်သိမ်းခြွေလှေ့စက်ကြီးများကို ထိထိရောက်ရောက် အသုံးပြုနိုင်ကြခြင်းအားဖြင့်"** တောင်သူလယ်သမားများ၏စိုက်ပျိုးသီးနှံများမပျက်စီးစေရေးအတွက် သက်ဆိုင်ရာ ကျေးရွာ၊ မြို့နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

၃။ နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများ ပင်ပင်ပန်းပန်းစိုက်ပျိုးထားရှိသော စပါးသီးနှံများ အလေအလွင့်လျော့နည်းစေရေး၊ အရည်အသွေးပိုမိုကောင်းမွန်ရေးကို ဆောင်ရွက်ပေးနိုင်ခြင်း အားဖြင့် တောင်သူလယ်သမားများ မိသားစုတစ်စုချင်း၏ဝင်ငွေနှင့် လူနေမှုဘဝကို လက်ငင်းအမှန်တကယ် တိုးတက်စေနိုင်မည်ဖြစ်ပါသည်။

၄။ ကျေးလက်နေတောင်သူလယ်သမားများ၏ဝင်ငွေနှင့် လူနေမှုဘဝတိုးတက်စေရေး၊ သီးနှံများ အချိန်မီအမိုးအကာအောက် ရောက်ရှိစေရေး၊ "စပါးရိတ်သိမ်းခြွေလှေ့စက်များအား" တောင်သူလယ်သမားများ လက်လှမ်းတမီအသုံးပြုနိုင်ရေး အဆင့်ဆင့်သောဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီ ရိုင်းပင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

# လွိုင်လင်မြို့၌ ရှမ်း/ပအိုဝ်း ရိုးရာ မီးရှူးပွဲကျင်းပ

**လွိုင်လင် မေ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ နောင်ဟူးကျေးရွာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှမ်း/ပအိုဝ်းရိုးရာ မီးရှူးပွဲ (မိုးခေါ်ပွဲ) ကို မေ ၁၃ ရက်မှ ၁၆ ရက်အထိ စည်ကားစွာ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါမီးရှူးပွဲသို့ လွိုင်လင်၊ ပင်လုံရှိ ကျေးရွာများမှ ပါဝင်ဆင်နွှဲကြပြီး ပစ်လွှတ်မည့်မီးရှူးများမှာ လက်မ ၂၀ အရွယ်၊ ၁၆ လက်မအောက်အရွယ် မီးရှူးအလုံးရေ ၁၀၀ ကျော်ရှိကြောင်း ပွဲကျင်းပရေးကော်မတီမှ သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**



◆ *ရှေ့ဖုံးမှ*

အစိုးရအဖွဲ့ဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးခွဲစိတ်နှင့်ဆေးကုသဆောင်နှင့် နှလုံးဆေးကုသဆောင် တိုးချဲ့တည်ဆောက်မှု မြေနေရာအခြေအနေ၊ တိုးချဲ့ငါးထပ်ဆောင် တည်ဆောက်ပြီးစီးမှုနှင့် ခေတ်မီခွဲစိတ်ခန်း (Modular Operating Theratre) တွင် စက်ကိရိယာများ တပ်ဆင်ပြီးစီးမှု အထူးကြပ်မတ်ကုသဌာနများကို ကြည့်ရှုစစ်ဆေးကာ ဧပြီ ၂၇ ရက်က ဘယ်ဘယ်လက်မောင်း အလယ်ခန့်မှ ပြတ်တောက်ဓားဒဏ်ရာရရှိခဲ့သဖြင့် တိုက်ကြီးဆေးရုံမှ ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့ခဲ့သည့် လူနာကို လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာနဌာနမှူး ဒေါက်တာခင်မောင်မြင့် ဦးဆောင်သည့် အဖွဲ့က ည ၇နာရီ ၄၅မိနစ်မှ စတင်ခွဲစိတ်ကာ စုစုပေါင်း ခွဲစိတ်ချိန် ၆ နာရီခန့်အတွင်း ပြတ်တောက်လက်မောင်းအား အောင်မြင်စွာ ပြန်လည်ဆက်ပေးနိုင်ခဲ့သည့် လူနာကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပင်မအဆောက်အအုံရှိ ပြုပြင်မွမ်းမံပြီး နေရာများတွင် လူနာများပြောင်းရွှေ့ချထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေကြသည့် ပြည်သူများအား ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခုတင် ၁၅၀၀ ဆံ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် ၂၀၁၄ ခုနှစ် မေလတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင်တည်ဆောက်ခြင်း၊ မူလပင်မအဆောက်အအုံပြုပြင်မွမ်းမံခြင်း၊ အရေးပေါ်ဆေးကုသမှုဌာန တိုးချဲ့ပြုပြင်တည်ဆောက်ခြင်း၊ ကင်ဆာရောဂါဆိုင်ရာ စက်ပစ္စည်းသစ်များဖြည့်ဆည်းဆောင်ရွက်ခြင်းနှင့် ယင်းစက်ပစ္စည်းများအတွက် အဆောက်အအုံသစ်များ တည်ဆောက်ခြင်း၊ ဆေးပစ္စည်းစတိုနှင့်အောက်ဆီဂျင် Plant အသစ်ထပ်မံတည်ဆောက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ တိုးမြှင့်ခြင်းနှင့်လူနာများ စိုက်ထုတ် သုံးစွဲကုန်ကျစရိတ်လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများ ကျန်းမာရေးဝန်ဆောင်မှုများ တိုးမြှင့်ရရှိအောင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံတည်ဆောက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကိစ္စများ ညှိနှိုင်းဆွေးနွေး

**မုံရွာ မေ ၁၇**

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်လဲ့လဲ့သိန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိန်မောင်းတို့သည် စစ်ကိုင်းတိုင်းဒေသကြီး တိုင်း/ခရိုင်နှင့်မြို့နယ်စီမံကိန်းဦးစီးရုံးများ တွေ့ဆုံဆွေးနွေးမှုကိုမုံရွာမြို့ရှိ တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး၌ ဒုတိယပတ်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စီမံကိန်းကိစ္စရပ်များကို သတ်မှတ်အချိန်ကာလအလိုက် အကောင်အထည်ဖော်ပြီးစီးရေး၊ ကိန်းဂဏန်းများ ပြည့်စုံစွာရရှိရေးနှင့် တိကျမှန်ကန်ရေး၊ မြို့နယ်အလိုက်ထားရှိရမည့် စာရင်းများ ပြည့်စုံစွာထားရှိရေး၊ မြို့နယ်အလိုက် အခြေအနေသုံးသပ်ချက်များ စုစည်းထားရှိရေး ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းရေးဆွဲရေးနှင့် ဒုတိယငါးနှစ်စီမံကိန်း ရေးဆွဲရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက ပုဂ္ဂလိက စာရင်းဇယားများရရှိမှုအခြေအနေ၊ ဌာနများကပေးပို့သည့် စာရင်းဇယားများ စနစ်တကျစိစစ်သုံးသပ် ရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာသူများက စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြန်လည်ရှင်းလင်းရန် ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးတို့က လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပျဉ်းမနားမြို့နယ်၌ ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်း

**ပျဉ်းမနား မေ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ကြက်ခြေနီရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဆင်းပွဲ အခမ်းအနားကို မြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ ယနေ့ကျင်းပသည်။



အခမ်းအနားတွင် ပျဉ်းမနားမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးအေးမင်း(ငြိမ်း)နှင့် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်တို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ ထို့နောက် နေပြည်တော်ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဦးစီးမှူး (ပထမတန်း) ဦးတင်ငွေက သင်တန်းသား သင်တန်းသူ ၃၅ ဦးအတွက် သင်တန်းဆင်းလက်မှတ်များအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးအေးမင်းထံသို့ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင်ကြက်ခြေနီအဖွဲ့ဦးစီးမှူး(ဒုတိယတန်း) ဦးညီငယ်က ပဋိပက္ခဖြစ်စဉ်နှင့် အရေးပေါ် အခြေအနေကာလများတွင် လူနာအား သယ်ယူခြင်း၊ ထမ်းစင်တွင်လူနာအား မတင်သယ်ဆောင်ခြင်း၊ ထမ်းစင်အသုံးပြုနည်းများကို သင်တန်းသားလေးဦးဖြင့် တစ်ဆင့်ချင်း လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## စီးရီးအေ ပွဲစဉ် (၃၆) အနိုင်အရှုံး

| | | |
|---|---|---|
| ဆက်ဆူအိုလို | ၃ - ၂ | အေစီမီလန် |
| ဗီရိုနာ | ၂ - ၁ | အမ်ပိုလီ |
| တိုရီနို | ၂ - ၀ | ချီယေဗို |
| အတ္တလန္တာ | ၁ - ၄ | ဂျီနိုအာ |
| ကက်ဂလီယာရီ | ၀ - ၁ | ပါလာမို |

※ *ကျောဖုံးမှ*

ခြေစမ်းပွဲ သွားရောက်ကစားသည့် မြန်မာယူ-၂၃ အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဦးကြည်လွင်၊ လက်ထောက်နည်းပြ ဦးကျော်လွင်နှင့် ဦးမြင့်ကို၊ **ဂိုးနည်းပြ** ဦးအောင်သက်၊ ကစားသမားများအဖြစ် **ဂိုးသမား** ကျော်ဇင်ဖြိုး၊ အောင်ဝေဖြိုး၊ ချမ်းငြိမ်းကျော်၊ **နောက်တန်း** ရဲဝင်းအောင်၊ ဝင်းဇင်ဦး၊ ကျော်ဇင်လွင်၊ သောင်လပ်ထန်၊ ကိုကိုဟိန်း၊ ဖြိုးကိုကိုသိန်း၊ စည်သူအောင်၊ ဟိန်းသီဟဇော်၊ သိန်းနိုင်ဦး၊ **အလယ်တန်း** နေလင်းထွန်း၊ ချစ်စုမိုး၊ အောင်ကျော်နိုင်၊ သီဟဇော်၊ ဇွန်မိုးအောင်၊ ရဲကိုဦး၊ အောင်ရှူးသာမောင်၊ လှိုင်းဘိုဘို၊ **ရှေ့တန်း**ကောင်းဆက်နိုင်၊ ရှိုင်းသူရနှင့် သန်းထက်အောင်တို့ပါဝင်ကြသည်။

မြန်မာယူ -၂၃ အသင်းသည် ဗီယက်နမ်အသင်းနှင့်ခြေစမ်းပွဲအပြီးတွင် ဆီးဂိမ်းပြိုင်ပွဲဝင်မည့် အပြီးသတ်ကစားသမား ၂၀ ကို ရွေးချယ်သွားမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ဆီးဂိမ်းမတိုင်မီယှဉ်ပြိုင်ကစားထားသည့် ခြေစမ်းပွဲများတွင် ရလဒ်ကောင်းများ ရယူထားနိုင်သည်။

● *ကျောဖုံးမှ*

တွေ့ဆုံလျက်ရှိသည်။

မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များတွင် မော်လ်ဒိုက်၊ ထိုင်းနှင့် ဆော်ဒီအသင်းတို့ကို သုံးပွဲပြတ်များဖြင့် အနိုင်ရရှိကာ ကွာတားသို့ တက်လာခြင်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် ဗိုလ်လုပွဲရောက်ရှိမည့် နှစ်သင်းမှာ ယူအေအီးနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ယူ -၂၃ ဘော်လီဘောပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

# မန်စီးတီး အဝေးကွင်း၌ ဆွမ်ဆီးကိုအနိုင်ရ

သီဟ-ရေးသည်

ပရီမီယာလိဂ်ပွဲစဉ်(၃၇)တနင်္ဂနွေနေ့ ပွဲစဉ်အဖြစ် ဆွမ်ဆီးအသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည်။ **(အောက်ပုံ)**

ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရရှိရေးအတွက် ကြိုးစားနေသော မန်စီးတီးတို့က ဖိကစားခဲ့သလို ယူရိုပါလိဂ် ဝင်ခွင့်ရရေးအတွက် ဆွမ်ဆီးတို့ကလည်း အပြန်အလှန်ကစားခဲ့သဖြင့် ပွဲမှာအကြိတ်အနယ်ဖြစ်ခဲ့သည်။

မန်စီးတီးအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၁ မိနစ်တွင် ယာယာတိုရေးက သွင်းယူပေးခဲ့သည်။ ဒုတိယဂိုးကို ၃၆ မိနစ်တွင် ဂျိမ်းမီလ်နာက သွင်းယူပေးသည်။ ဆွမ်ဆီးအတွက် ချေပဂိုးကို ၄၅ မိနစ်တွင် ဆီဂတ်ဆင်က သွင်းယူပေးခဲ့သဖြင့် ပထမပိုင်းအပြီး မန်စီးတီးက နှစ်ဂိုး-တစ်ဂိုးဖြင့် ပွဲကိုဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ၆၄ မိနစ်တွင် ဆွမ်ဆီးတိုက်စစ်မှူး ဂိုမစ်က ဒုတိယဂိုးသွင်းယူသဖြင့် တစ်ဖက်နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ ယင်းဂိုးသွင်းပြီး ၁၀ မိနစ်အကြာ ၇၄ မိနစ်တွင် မန်စီးတီးမှ ယာယာတိုရေးက တတိယဂိုး သွင်းယူပြီး ပွဲကို ဦးဆောင်ခဲ့သည်။

ဆွမ်ဆီးတို့ ချေပဂိုးသွင်းနိုင်ရေး ကြိုးစားသော်လည်း ပွဲပြီးခါနီး မိနစ် ၉၀ တွင် ဆွမ်ဆီးမှ မန်စီးတီးသို့ ပြောင်းလာသော တိုက်စစ်မှူး ဘိုနီကစတုတ္ထဂိုး သွင်းယူပေးပြီး မန်စီးတီးတို့ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲအပြီး မန်စီးတီးတို့ ရမှတ် ၇၆ မှတ်ဖြင့် ဒုတိယနေရာ၌ ရပ်တည်နေသည်။



# ရခိုင်ပြည်နယ် သံတွဲလေဆိပ်အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုနှင့် လေယာဉ်ပြေးလမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၇**

ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်သည် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ် သံတွဲလေဆိပ် အဆောက်အအုံသစ် ဆောက်လုပ်မှုနှင့် လေယာဉ်ပြေးလမ်း နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို မေ ၁၅ ရက်က သွားရောက်စစ်ဆေးခဲ့သည်။



ပို့ဆောင်ရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် လေဆိပ်အသီးသီးတွင် လေယာဉ်ပြေးလမ်းများ တိုးချဲ့ခြင်း၊ လေဆိပ်အဆောက်အအုံသစ်များ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ဆက်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်စဉ်စီမံကိန်းများချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း သံတွဲလေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းများနည်းတူ ပြည်နယ်အတွင်းရှိ အခြားလေဆိပ်များ၏ ဖွံ့ဖြိုးရေးနှင့် ဆက်စပ်လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ အပြည်ပြည်ဆိုင်ရာ စံညွှန်းများနှင့် ကိုက်ညီရေး၊ ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ခရီးသည်များ၏ လိုအပ်ချက်များကို စဉ်ဆက်မပြတ် ချောမွေ့စွာ ဖြည့်ဆည်းပေးနိုင်ရေး တို့ကို တာဝန်ရှိသူအဆင့်ဆင့်က အလေးထား၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန် မှာကြားသည်။

ရခိုင်ပြည်နယ် အတွင်းရှိ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ မာန်အောင်(စမုံတဲ)နှင့် မြောက်ဦးလေဆိပ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ စုစုပေါင်း ငွေကျပ် ၁၂၈၁၆ ဒသမ ၀၇၄ သန်းနှင့် အမေရိကန်ဒေါ်လာ ၆ဒသမ ၅ သိန်း သုံးစွဲခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၅၆၅ ဒသမ ၀၆၂၅ သန်းကို ဆက်လက်သုံးစွဲ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အင်းလေးကန် ဖောင်တော်ဦးဘုရား ရေလမ်းများ သွားလာမှုလွယ်ကူရေး ဆောင်ရွက်လျက်ရှိ

**ညောင်ရွှေ မေ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်သည် ရာသီဥတုပြောင်းလဲမှု၊ မိုးရေချိန်နည်းပါးမှုနှင့် သဘာဝပတ်ဝန်းကျင် အဘက်ဘက်မှ ပျက်စီးမှုများကြောင့် ရေများဝင်ရောက်မှု နည်းပါးလာကြောင်း၊ သိရသည်။ နွေရာသီ ရေနည်းပါးလာချိန်တွင် အင်းလေးကန်၏ သဘာဝအရ ကန်စပ်မှ ကျေးရွာများသည် တစ်နေရာမှ တစ်နေရာသို့ ကူးသန်းသွားလာမှုများ ခက်ခဲမှုရှိလာသည်။

ညောင်ရွှေမြို့နယ် ဆည်မြောင်းဦးစီးဌာနအနေဖြင့် အဓိက ရေလမ်းကြောင်းများဖြစ်သော ညောင်ရွှေဖောင်တော်ဦးဘုရားရေလမ်းနှင့် အလိုတော်ပေါက်ဘုရား ရေလမ်းများ သွားလာမှုလွယ်ကူစေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကမ္ဘာလှည့်ခရီးသွားများနှင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးဧည့်သည်များအနေဖြင့် ကူးသန်းသွားလာရေးအတွက် လွယ်ကူချောမွေ့နေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် အင်းလေးကန်ရေအနက်ဆုံးနေရာဖြစ်သော ရေလယ်ဗိုလ်တဲ အရှေ့ဘက်ခြမ်းတွင် ရေအနက် ၈ ဒသမ ၅ ပေခန့်ရှိကြောင်း သိရသည်။

**(ဝ၅၄)**

## မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက် နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

# ကျေးရွာစီမံချက်ရေးဆွဲခြင်းစီမံကိန်းကို ကျေးရွာပေါင်း ၆၃၈၉၉ ရွာတွင် သုံးနှစ်တာကာလအတွင်း ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၁၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်များအား မီဒီယာများသို့ ရှင်းလင်းခြင်းအခမ်းအနားကို မေ ၁၆ ရက် နံနက် ၁၀ နာရီခွဲက ရုံးအမှတ်(၁၄)ရှိ မီဒီယာခန်းမ၌ ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က မိမိတို့မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ညွှန်ကြားမှုဦးစီးဌာနကို ပြည်ထောင်စုဝန်ကြီးရုံးနှင့် ပူးပေါင်း၍ အမြဲတမ်းအတွင်းဝန် ဦးဆောင်သည့် ဌာနခွဲခြောက်ခုဖြင့် ပြန်လည်ဖွဲ့စည်းပြီး မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ကို ပညာရေးဝန်ကြီးဌာနအုပ်ချုပ်မှုအောက်သို့ ပြောင်းလဲခဲ့ပါကြောင်း၊ ထို့ပြင် မွေးမြူရေး၊ ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်ကို ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုအောက်မထားရှိတော့ဘဲ ကမ္ဘာ့ရတနာဘဏ်လီမိတက်အမည်ဖြင့် အများပိုင်ဘဏ်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကာ ကျေးလက်ဖွံ့ဖြိုးရေး ဘဏ်လီမိတက်ကို လုပ်ငန်းဆက်စပ်မှုပိုရှိသည့် မိမိတို့ဝန်ကြီးဌာန စီမံခန့်ခွဲမှုအောက်သို့ ပြောင်းလဲထည့်သွင်း ဖွဲ့စည်းခဲ့ပါကြောင်း။

ဝန်ကြီးဌာနမှ ကျေးလက်အရင်းမပျောက် လှည့်ပတ်ရန်ပုံငွေထူထောင်၍ လူထုအခြေပြု ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း (အသားကဏ္ဍ)ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင် (အသားကဏ္ဍ) စီမံကိန်းအတွက် ရန်ပုံငွေ ၃ ဒသမ ၉ ဘီလီယံ ခွဲဝေရရှိပြီး တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာ ၁၃၀ ရွာတွင်လည်းကောင်း၊ (ငါးကဏ္ဍ)ကို ခွင့်ပြုချထားငွေကျပ် သန်း ၃၉၀၀ ကို အသုံးပြု၍ ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ စီဖြင့် ကျေးရွာ ၁၃၀ တွင်လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၃၀၀၀ တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မွေးမြူရေးဖြင့် အသက်မွေးသူပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဝင်ငွေ တိုးတက်လာစေရေးအတွက် တစ်ခရိုင်လျှင် ကျေးရွာတစ်ရွာ၊ ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် မွေးမြူရေး ကျေးရွာများ ဖွဲ့စည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ငါးမွေးတောင်သူများအတွက် လိုအပ်သည့် ငါးသားပေါက်များကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်၍ တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်းများကို တိုင်းဒေသကြီး/ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် သားဖောက်စခန်းတစ်ခုလျှင် ငွေကျပ် ၁၀ သန်းစီဖြင့် ငါးသားဖောက်စခန်း စုစုပေါင်း ၆၀ ကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၂၉၉၈၃၁ ဒသမ ၂၁၆ သန်း ခွဲဝေရရှိခဲ့ပြီး ခွဲဝေရရှိသည့် ဘတ်ဂျက်ရန်ပုံငွေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ လူထုအခြေပြုဖွံ့ဖြိုးရေး အမျိုးသားစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း၊ ကျေးလက်လမ်းတံတားလုပ်ငန်းများ၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများ စသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများကို ဌာနမှတိုက်ရိုက်ဆောင်ရွက်ခြင်း၊ တင်ဒါခေါ်ယူ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

လူထုဗဟိုပြု ဖွံ့ဖြိုးရေးအမျိုးသားစီမံကိန်း(CDD)ကို ကမ္ဘာ့ဘဏ်မှ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးရှိ မြို့နယ် ၁၅ မြို့နယ်မှ ကျေးရွာအုပ်စုအားလုံးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းမှ ဖွံ့ဖြိုးရေးရန်ပုံငွေများ ပံ့ပိုးပေးပြီး ကျေးရွာလူထု၏ တိုက်ရိုက်စီမံခန့်ခွဲမှုဖြင့် ကျေးလက်အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းကို ကျေးရွာလူထုကိုယ်တိုင်က အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း။

လူထုဗဟိုပြုဖွံ့ဖြိုးရေး အမျိုးသားစီမံကိန်း၏ လုပ်ငန်းအောင်မြင်မှုအရ မြို့နယ် ၇၆ မြို့နယ်၌ စီမံကိန်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် အတိုးမပေးရသော်လည်း Service Charge ၀ ဒသမ ၇၅ ရာခိုင်နှုန်းပေးရမည့် ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ထပ်မံကူညီပေးမည်ဖြစ်ရာ ယင်းချေးငွေဖြင့် စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို အချိန်တိုအတွင်း ထိရောက်မြန်ဆန်မှန်ကန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာများ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်၍ ယင်းလိုအပ်ချက်များနှင့်အညီ ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းစီမံကိန်းကို LIFT Fund ၏ အကူအညီဖြင့်မြန်မာနိုင်ငံရှိ ကျေးရွာ ၆၃၈၉၉ ရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်တာကာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပထမအဆင့်အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးရှိ မြို့နယ် ၃၄ မြို့နယ်၊ ကျေးရွာ ၁၇၀ ရွာတွင် ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ခန့်မှန်းငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာ ၁၇၀ တွင် ကျေးရွာလူထု ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲ၍ စီမံချက်ပါလုပ်ငန်းများကို ကျေးရွာလူထုမှ အကောင်အထည်ဖော်ဆောင်ရွက်စေမည် ဖြစ်ပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ကျန်ကျေးရွာများအားလုံးတွင် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များကို ဆက်လက်ရေးဆွဲသွားမည် ဖြစ်ပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် လက်အောက်ခံ ဦးစီးဌာနများ၏ ဆောင်ရွက်မှုများအား တာဝန်ယူတာဝန်ခံပါကြောင်း၊ မကျေနပ်မှုများရှိပါက အချိန်မရွေး ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် ဖြေရှင်းပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။ **(သတင်းစဉ်)**

## အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှု ဂုဏ်ပြုပွဲကျင်းပ

**ရွှေကူ မေ ၁၇**

၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် လုပ်အားပေးခဲ့ကြသော ဗန်းမော်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်သူ ဆရာ၊ ဆရာမများနှင့် ဒေသခံ ဆရာ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၁၅ ရက် ညနေ ၆ နာရီက ကချင်ပြည်နယ် ရွှေကူမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ဗန်းမော်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ဂုဏ်ပြုစကားပြောကြားပြီး ရွှေကူမြို့နယ်အတွင်း၌ ဆောင်ရွက်ခဲ့သော မြို့နယ်လုံးကျွတ်စာ တတ်မြောက်ရေးလှုပ်ရှားမှုများတွင် စေတနာအလျောက် အားကြိုးမာန်တက် လုပ်အားပေးခဲ့သည့် ဆရာ၊ ဆရာမများအား မြန်မာနိုင်ငံစာတတ်မြောက်ရေးဗဟိုကော်မတီက ချီးမြှင့်သော ဂုဏ်ပြုမှတ်တမ်းလွှာနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များက ထောက်ပံ့ငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျွန်တော်နဲ့ ငြိမ်းချမ်းရေးအတွက်စီးပွားရေး

# Business for Peace(B4P)

**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**

ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အကျည်းတန်ဆုံးကိစ္စမှာ ပြည်တွင်းငြိမ်းချမ်းရေးမရသေးတဲ့ ကိစ္စဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးချိန်ကစပြီး နိုင်ငံမှာ ဆူပူသောင်းကျန်းမှုတွေဖြစ်ပြီး အချင်းချင်းပဋိပက္ခတွေဖြစ်ခဲ့ကြရတယ်။ စိတ်ဝမ်းတွေကွဲခဲ့ရတယ်။ လွတ်လပ်ရေးကိုရအောင် ဆောင်ရွက်ပေးခဲ့တဲ့ ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်များမျှော်လင့်ခဲ့တဲ့အေးချမ်းသာယာတဲ့နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာမှာ စိန်ခေါ်မှုတွေမျိုးစုံကြုံတွေ့ခဲ့ရတယ်။ ညီရင်းအစ်ကို မောင်ရင်းနှမတွေ အငြင်းပွားပြီးသွေးချောင်းစီးခဲ့ရတယ်။ အမှန်တော့ကျွန်တော်တို့နိုင်ငံတစ်ခုတည်း ဒီလိုဖြစ်ခဲ့ကြတာ မဟုတ်ပါဘူး။ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတွေမှာလည်းဖြစ်ခဲ့တာ တွေ့ရပါတယ်။ ဗီယက်နမ်၊ လာအိုနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေမှာတော့ ပြည်တွင်းစစ်သာမက၊ အင်အားကြီးနိုင်ငံများနဲ့စစ်ဖြစ်တဲ့အထိ ပဋိပက္ခတွေများခဲ့တယ်။ ဒါပေမယ့် သူတို့နိုင်ငံမှာတော့ ဒီစစ်ပွဲတွေရပ်ဆိုင်းသွားခဲ့ပြီး အေးချမ်းသာယာဝပြောတဲ့ နိုင်ငံတွေအဖြစ် ရပ်တည်နေကြတာ တွေ့ရပါတယ်။

**မြန်မာပြည်မှာလည်း ငြိမ်းချမ်းရေးရောင်ခြည်သန်းစပြုနေတာကို ဝမ်းသာစရာတွေ့ရပါတယ်။ တစ်ချိန်တုန်းက တစ်ဖက်နဲ့တစ်ဖက်၊ တစ်ဦးနဲ့တစ်ဦး လက်နက်စွဲကိုင်ပြီး ပဋိပက္ခတွေရင်ဆိုင်နေကြသူတွေဟာ အခုတော့ တစ်စားပွဲတည်းထိုင်ပြီး ဆွေးနွေးနေကြပြီ၊ ညှိနှိုင်းမှုတွေပြုလုပ်နေကြပြီ၊ ယုံကြည်မှုတွေတည်ဆောက်နေကြပြီ။ ဒီငြိမ်းချမ်းရေးခရီးစဉ် အောင်မြင်ပါစေ၊ ချောမွေ့ပါစေ၊ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ပါစေလို့ ကျွန်တော်ကအမြဲဆုတောင်းလျက်ရှိပါတယ်။ အခုလို လက်သီးတွေဆုပ်ထားပြီး ရန်ဆောင်မနေတော့ဘဲ လက်တွေဖြန့်ပြီး လက်ဆွဲနှုတ်ဆက်နေတာမြင်ရတော့ ပီတိဖြစ်မိပါတယ်။ တာဝန်ယူဆောင်ရွက်နေသူတွေကိုလည်း ကျေးဇူးတင်မိပါတယ်။ အခုလိုညှိညှိနှိုင်းနှိုင်းနဲ့ တိုင်းပြည်အနာဂတ်လှပအောင်ဖန်တီးကြဖို့ ဆုတောင်းနေပါတယ်။**

ငြိမ်းချမ်းရေးနဲ့ပတ်သက်လာရင် ကျွန်တော်ဟောပြောပွဲတွေမှာ မကြာခဏမေးတဲ့မေးခွန်းကိုပြောဖို့လိုအပ်ပါတယ်။ ရယ်တာရဲ့ ဆန့်ကျင်ဘက်က ဘာလဲလို့မေးရင် ရုတ်တရက်လူတိုင်းက ငိုတာလို့ ဖြေကြပါတယ်။ **အမှန်တော့မဟုတ်ပါဘူး။ ရယ်တာရဲ့ဆန့်ကျင်ဘက်က ငိုတာမဟုတ်ဘဲ မရယ်တာဖြစ်ပါတယ်။ ဒီလိုပါပဲ ငိုတာရဲ့ဆန့်ကျင်ဘက်ဟာ ရယ်တာမဟုတ်ဘဲ မငိုတာသာဖြစ်ပါတယ်။ ပဋိပက္ခအကြမ်းဖက်မှုရဲ့ ဆန့်ကျင်ဘက်က ငြိမ်းချမ်းရေးမဟုတ်ဘဲ ပဋိပက္ခအကြမ်းဖက်မှုချုပ်ငြိမ်းသွားတာပဲဖြစ်ပါတယ်။ ငြိမ်းချမ်းသွားတာမဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့အားလုံးက ပဋိပက္ခ၊ အကြမ်းဖက်မှုတွေ ရပ်ဆိုင်းချုပ်ငြိမ်းရုံနဲ့မကျေနပ်ဘဲ တကယ်စစ်မှန်တဲ့ငြိမ်းချမ်းမှုကို ဖန်တီးရမှာသာ ဖြစ်ပါတယ်။ အငိုရပ်ရုံနဲ့မကျေနပ်ဘဲ ရယ်လာအောင်ဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးဟာစစ်မှန်ဖို့လိုပါတယ်။ စစ်မှန်တယ်ဆိုတာက တရားတဲ့ငြိမ်းချမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေးကို ဆိုလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မကြာခဏငြိမ်းချမ်းရေးတွေရခဲ့တာ တွေ့ရတယ်။ အမှန်ဒါတွေက ပဋိပက္ခ၊ အကြမ်းဖက်မှုတွေ ချုပ်ငြိမ်းသွားခဲ့တာသာဖြစ်ပြီး စစ်မှန်တဲ့ငြိမ်းချမ်းရေးတွေ မဟုတ်ခဲ့ပါဘူး။**

ကျွန်တော်ကုလသမဂ္ဂမှာ တာဝန်ယူရင်း Conflict Resolution and Peace Building ပဋိပက္ခ၊ ဖြေရှင်းမှုနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရေး သင်တန်းတစ်ခုကို ဝန်ထမ်းတက္ကသိုလ်မှာ ဦးစီးခဲ့ပါတယ်။ နိုင်ငံတကာမှာရှိတဲ့ ပဋိပက္ခအကြမ်းဖက်မှုတွေကို လေ့လာခဲ့ပါတယ်။ အပေါ်ယံကြည့်တဲ့အခါ နိုင်ငံရေးအယူအဆ မတူညီတာ၊ ဘာသာအယူအဆကွဲပြားခြားနားတာ၊ လူမျိုးမတူတာတွေကြောင့် ပဋိပက္ခဖြစ်ကြတယ်လို့ သုံးသပ်ကြပါတယ်။ ဒါပေမယ့် အမှန်စင်စစ်ဇာစ်မြစ်ကို ဖော်ထုတ်တဲ့နေရာမှာ အခြေခံအချက်တစ်ခုက စီးပွားရေးဖြစ်နေတာ တွေ့ရပါတယ်။ ဒါကြောင့် ပဋိပက္ခဖြစ်ရတဲ့ အကြောင်းအရင်းတစ်ခုဟာ စီးပွားရေးအခြေခံဖြစ်ရင် ဒီပဋိပက္ခကို ရေရှည်ဖြေရှင်းနိုင်ဖို့ စီးပွားရေးအဖြေတွေလည်း ထုတ်ဖော်ရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရပြီးချိန်မှာ ငြိမ်းချမ်းရေးအသီးအပွင့်တွေကို အမြန်ဆုံးမြင်တွေ့နိုင်အောင် ဖန်တီးရမှာဖြစ်ပါတယ်။ ဒါကို Peace Dividend လို့ ခေါ်ပါတယ်။ တစ်နည်းပြောရရင် ငြိမ်းချမ်းရေးအမြတ်ဝေစုဖြစ်ပါတယ်။ ဒီအသုံးအနှုန်းကို ၁၉၈၉- ၁၉၉၀ ဆိုဗီယက်(ရုရှား)နိုင်ငံ ပြိုပျက်သွားချိန်မှာ စတင်ပြီးသုံးစွဲလာနိုင်ခဲ့တယ်။ အားလုံးသိကြတဲ့အတိုင်း ဒုတိယကမ္ဘာစစ်ပြီးချိန်မှာ အနောက်အုပ်စုနဲ့ အရှေ့အုပ်စုကွဲခဲ့ကြပါတယ်။ နိုင်ငံရေးအယူအဆ မတူညီတဲ့အပြင် စီးပွားရေးအခြေခံတွေလည်း မတူကြပါဘူး။ အခုလို တစ်ဖက်နဲ့တစ်ဖက် ရန်ဆောင်နေတာကို (Cold War) စစ်အေးကာလလို့ ပြောကြပါတယ်။ အခွင့်အရေးရရင် စစ်အေးအစားအငှားစစ်တွေကျင်းပခဲ့ကြတယ်။ ၁၉၅၀ ပြည့်နှစ်လောက်ကဖြစ်တဲ့ ကိုရီးယားစစ်၊ ၁၉၇၀ ကျော်ကဖြစ်ခဲ့တဲ့ ဗီယက်နမ်စစ်တို့ဟာ တစ်နည်းပြောရရင် အငှားစစ်တွေဖြစ်ကြပါတယ်။ အနောက်အုပ်စုနဲ့ အရှေ့အုပ်စုအားပြိုင်တဲ့ စစ်တလင်းတွေဖြစ်ခဲ့ကြတယ်။ ဘာလင်နံရံကြီးပြိုကွဲသွားတဲ့အချိန်ကစပြီး အမေရိကန်နဲ့ ဗြိတိန်နိုင်ငံခေါင်းဆောင်တွေက စစ်အေးကြီးပြီးလို့ ကွန်မြူနစ်စနစ်ပျက်သုဉ်းသွားချိန်မှာ ယခင်ကအတိုင်း စစ်အသုံးစရိတ်တွေ ကုန်ကျရန်မလိုတော့တာမို့ လူသားတွေအတွက် အကျိုးရှိစေမယ့် အသုံးစရိတ်တွေနဲ့အစားထိုးဖို့ စီစဉ်ကြပါတယ်။ ဒီကိစ္စကို လွယ်လွယ်ဖော်ထုတ်ရာမှ Guns or Butter သေနတ်လား၊ ထောပတ်လားဆိုပြီး လက်နက်အသုံးစရိတ်ကို လူသားအကျိုးပြုစေမယ့် အသုံးစရိတ်တွေနဲ့ အစားထိုးဖို့စီစဉ်ခဲ့တာ တွေ့ရပါတယ်။ ပဋိပက္ခဖြစ်မှုရဲ့အကြောင်းရင်းအချက်ဟာ စီးပွားရေးဖြစ်နေတာကို အာဖရိကနိုင်ငံတွေမှာ သက်သေသာဓကအများကြီးတွေ့ရပါတယ်။ ဒီနိုင်ငံတွေမှာ သယံဇာတတွေပေါများကြွယ်ဝလှတယ်။ တစ်ချိန်က အနောက်နိုင်ငံတွေက ကိုလိုနီစနစ်ကျင့်သုံးရင်း စီးပွားရေးအမြတ်ထုတ်ခဲ့တယ်။ လွတ်လပ်ရေးရပြီးတဲ့အခါ စီးပွားရေးကိုအခြေခံပြီး စစ်တွေဖြစ်ခဲ့ကြတယ်။ အထင်ရှားဆုံးက Blood Diamonds လို့ခေါ်တဲ့ သွေးစွန်းနေတဲ့စိန်တွေဖြစ်တယ်။ ဒီနိုင်ငံတွေက ထွက်တဲ့စိန်တွေဟာ ပဋိပက္ခဖြစ်တဲ့အရပ်တွေကဖြစ်ပြီး စစ်ပွဲတွေဟာ အမှန်စင်စစ် စီးပွားရေးအကျိုးအမြတ်ရအောင် ဆောင်ရွက်ခဲ့တဲ့ ပဋိပက္ခတွေဖြစ်ခဲ့တယ်။

**ပဋိပက္ခချုပ်ငြိမ်းပြီးတဲ့အခါ ငြိမ်းချမ်းရေးနဲ့ ချက်ချင်းအချိန်တိုအတွင်းမှာ အစားထိုးဖို့အထူးလိုအပ်ပါတယ်။ ပဋိပက္ခချုပ်ငြိမ်းတဲ့ကာလ ကြာမြင့်လာတာနဲ့အမျှ ယခင်အခြေအနေပြန်ရောက်နိုင်တဲ့ စိန်ခေါ်မှုတွေရှိနိုင်ပါတယ်။ ဒါကြောင့် ပဋိပက္ခချုပ်ငြိမ်းပြီးမှ ငြိမ်းချမ်းရေးကိုစဉ်းစားတာမဟုတ်ဘဲ တစ်ပြိုင်နက်စဉ်းစား စီစဉ်ရမှာဖြစ်ပါတယ်။ သော့ချက်ကတော့ စီးပွားရေးဖြစ်တယ်။** ဒါကြောင့်လည်း ကျွန်တော့်အနေနဲ့ Business For Peace(B4P) ငြိမ်းချမ်းရေးအတွက် စီးပွားရေးဆိုတဲ့ စီမံချက်တစ်ခုကို စတင်လျက်ရှိပါတယ်။ မွန်ပြည်နယ်ကိုသွားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ကျောင်းသားလူငယ်များ၊ အစိုးရဝန်ထမ်းများကို (B4P) အကြောင်း ဟောပြောပို့ချခဲ့ပါတယ်။

စီးပွားရေးအခွင့်အရေးဟာ ငြိမ်းချမ်းရေးကို ခိုင်ခံ့စေပါတယ်။ အခြေခံကောင်းအောင် ဖန်တီးပေးနိုင်ပါတယ်။ ပစ်ခတ်မှုရပ်စဲတဲ့ဒေသတွေမှာ စက်ရုံ၊ အလုပ်ရုံတွေ၊ ကုန်သွယ်မှုလုပ်ငန်းတွေ အမြန်ဆုံးဖော်ထုတ်သွားရမှာဖြစ်ပါတယ်။ လက်နက်ကိုင်လူငယ်တွေကို နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် အမိန့်ရှိခဲ့သလို ကွန်ပျူတာကိုင်ခွင့်ပေးရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ဖို့ စီးပွားရေးလုပ်ငန်းရှင်ရဲ့အကူအညီဟာ အထူးအရေးကြီးပါတယ်။ အေးချမ်းစ နေရာဒေသတွေမှာ စီးပွားရေးလုပ်ဖို့ စွန့်စားရမှာဖြစ်ပါတယ်။ ဒီလိုစွန့်စားတဲ့သူတွေကို မက်လုံးတွေပေးအပ်ရမှာဖြစ်ပါတယ်။ စက်ရုံ၊ အလုပ်ရုံ တည်ထောင်တဲ့သူတွေကို အခွန်အကောက် လျှော့ပေါ့ကာ ထိုက်တန်တဲ့မက်လုံးများကို ဖန်တီးဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ ဒီလိုဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ပဋိပက္ခချုပ်ငြိမ်းတဲ့အရပ်ဒေသတွေမှာ စီးဆင်းအောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

**စီးပွားရေးလုပ်ငန်းရှင်တွေကို မဟာမိတ်အနေနဲ့ သဘောထားပြီး သူတို့ရဲ့ကျွမ်းကျင်လိမ္မာမှု၊ သူတို့ရဲ့ စွန့်ဦးတီထွင်နိုင်စွမ်းရှိမှုတွေကို အသုံးချဖို့လိုအပ်ပါတယ်။ အထူးသဖြင့်ကတော့ အလုပ်အကိုင်ဖန်တီးမှုဖြစ်ပါတယ်။ လက်နက်ကိုင်ခဲ့သူတွေကို အလုပ်တွေနဲ့ အစားထိုးသွားမှာသာ ဖြစ်ပါတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံ ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရဲ့ အခန်းကဏ္ဍဟာ အရေးကြီးပါတယ်။ ဒီအဖွဲ့အစည်းကဦးဆောင်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ ဘယ်ပုံဘယ်နည်းပါဝင်သင့်တယ်ဆိုတာတွေကို အဖြေရှာသွားကြဖို့လိုပါတယ်။**

**စီးပွားရေးလုပ်ငန်းရှင်တွေကို မဟာမိတ်အနေနဲ့ သဘောထားပြီး သူတို့ရဲ့ကျွမ်းကျင်လိမ္မာမှု၊ သူတို့ရဲ့ စွန့်ဦးတီထွင်နိုင်စွမ်းရှိမှုတွေကို အသုံးချဖို့လိုအပ်ပါတယ်။ အထူးသဖြင့်ကတော့ အလုပ်အကိုင်ဖန်တီးမှု ဖြစ်ပါတယ်။ လက်နက်ကိုင်ခဲ့သူတွေကို အလုပ်တွေနဲ့ အစားထိုးသွားမှာသာဖြစ်**

စီးပွားရေးနဲ့ငြိမ်းချမ်းရေးဟာ တိုက်ရိုက်ဆက်စပ်နေပါတယ်။ စီးပွားရေးနိမ့်ကျတဲ့အခါ ပဋိပက္ခဖြစ်ဖို့ အလားအလာရှိပါတယ်။ စီးပွားရေးတက်လာအောင် ဆောင်ရွက်နိုင်ပါက ငြိမ်းချမ်းရေးကိုအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

## ပုသိမ်ကြီးမြို့၌ စတုတ္ထအကြိမ်မြောက် မိုးခေါ်လွန်ဆွဲပွဲအထူးစည်ကား



**ပုသိမ်ကြီး မေ ၁၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး မြို့နယ်လုံးဆိုင်ရာ စတုတ္ထအကြိမ်မြောက် မိုးခေါ်လွန်ဆွဲပွဲကို မေ ၁၅ ရက်ညနေ ၅နာရီက မြို့မရပ်ကွက် လမ်းဆုံ၌ကျင်းပရာ အထူးစည်ကားခဲ့သည်။

အဆိုပါ မိုးခေါ်လွန်ဆွဲပွဲသို့ ပုသိမ်ကြီးမြို့မရပ်ကွက် (၁၂) ရပ်ကွက်၊ ဇီးချိုကုန်း၊ သစ်ချိုကုန်း၊ ညောင်ပင်သာ၊ ရေထွက်၊ ကျီကုန်း အစရှိသည့်ကျေးရွာတို့မှ အမျိုးသား၊ အမျိုးသမီး များ ဝင်ရောက်ဆွဲကြသည်။ မိုးခေါ် လွန်ဆွဲပွဲကို မေ ၁၅ ရက်မှ ၁၇အထိ နေ့စဉ် ညနေ ၅နာရီမှ စတင်ကျင်းပပြီး ငါးချီမှုခုနစ်ချီအထိ ဆွဲကြသည်။

မိုးခေါ်လွန်ဆွဲပွဲကို ရှေးဘိုးဘွားများ လက်ထက်ကတည်းက ကျင်းပလာခြင်းဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ယနေ့ခေတ်တွင် ပြန်လည်ဆွဲခဲ့သည်မှာ (စတုတ္ထအကြိမ်) ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ မိုးခေါ်လွန်ဆွဲပွဲသည် မြန်မာ့ရိုးရာအားကစားနည်းလည်း ဖြစ်ပါကြောင်း၊ စည်းလုံးခြင်း၊ ညီညွတ်ခြင်းနှင့် စိတ်ဓာတ်ခိုင်မာမှုကိုပေးသော အားကစားနည်းဖြစ်ကြောင်း နာယက ဦးထွန်းခင်က ပြောပြသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

## စည်ပင်သာယာဈေးအတွင်း ညဘက်ဝင်ရောက်ခိုးသူအား ဖမ်းဆီးရမိ

**ဖားကန့် မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့စည်ပင်သာယာဈေးကြီးတွင် ညဘက်အချိန်မတော်ဝင်ရောက်သူအား သက်ဆိုင်ရာက အချိန်မီဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇီးကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ် ဝေလွင်ကိုခေါင်းဆောင်သော နယ်ထိန်းအဖွဲ့သည် ဈေးကြီးအနီးတွင် ကင်းလှည့်နေစဉ် မေ ၁၃ ရက် ည ၁၀ နာရီက ဈေးအတွင်းမှ လူတစ်ဦး မသင်္ကာဖွယ်ပစ္စည်းများနှင့်အတူ တွေ့ရှိရသဖြင့်စစ်မေးရာ ခိုးရာပါပစ္စည်းများဖြစ်ကြောင်း ဝန်ခံသဖြင့်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဈေးအတွင်းသို့ဝင်ရောက်သူမှာ စိုးသန်းဦး(ခ)အာနိုး( ၂၀နှစ်) ရာဇသင်္ကြန်လမ်း အမှတ်(၁)ရပ်ကွက်နေသူဖြစ်ပြီး ၎င်း၏လက်ဝယ်၌ TV တစ်လုံး၊ EVD တစ်လုံး၊ အဝတ်အထည်များနှင့်အတူ ငွေသား ၁၃၀၀၀ဝ ကို တွေ့ရှိရသဖြင့် ဇီးကုန်းရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ထွန်းထွန်း(ဇီးကုန်း)**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ပဲခူးမြို့နယ်မှ အလောင်းနှစ်လောင်း စွန့်ပစ်ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးပြီ

**နေပြည်တော် မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အင်းတကော်ကျေးရွာ အမှတ်(၂) ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ Big Boss သောက်ရေသန့်စက်ရုံပိုင် လူမနေသည့်ခြံဝင်းအတွင်း၌ မေ ၅ ရက်က ကားတစ်စီးမှ လူသေအလောင်း နှစ်လောင်းအား ချထားခဲ့ကြောင်း သတင်းအရ အင်းတကော်နယ်မြေရဲစခန်းမှ သွားရောက်စစ်ဆေးရာ အသက်(၄၅/၅၀)နှစ်ခန့်ရှိ အမျိုးသားနှစ်ဦးအား လက်ပြန်ကြိုးတုပ်လျက် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် အမှုဖွင့်စုံစမ်းခဲ့ရာ သေဆုံးသူများမှာ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နေ ကိုညွန့်ဆွေနှင့် ကိုညွန့်ဝေတို့ ညီအစ်ကိုနှစ်ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါအမှုမှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် အင်းတကော်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းစုံစမ်းခဲ့ရာ ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့်ယာဉ်မှာ ထောက်ကြံ့တိုးဂိတ်ရှိ CCTV မှတ်တမ်းများအရ BB/----TOYOTA CALDINA မီးခိုးရောင်ယာဉ်ဖြစ်ပြီး သေဆုံးသူ ကိုညွန့်ဝေနှင့် နောက်ဆုံး ဆက်သွယ်ခဲ့သူမှာ သာယာဝတီမြို့နယ် ဥတိုရွာနေ ကျော်သူရ(ခ)ဖိုးခွား(ခ)ပီကျော်ဟန် (၃၂)နှစ်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍အမှုမှ ကျော်သူရနှင့် ဖုန်းဆက်သွယ်သူ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန်ရှိ ပုစွန်/ငါးပိ/ငံပြာရည် စက်ရုံမှ အလုပ်သမား မျိုးသက်(ခ)ဆံရှည် (၃၆ နှစ်) ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စက်ကြီးရွာနေသူအား မေ ၇ ရက်တွင်လည်းကောင်း၊ BB/----TOYOTA CALDINA မီးခိုးရောင်ယာဉ်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ကမာရွတ် ဘူတာ သက်သာဆိုင်ခန်းနေ ယာဉ်မောင်းသက်ဇော်ထွန်း(ခ)အငယ်လေး (ခ)ရာရှစ်(၃၁ နှစ်)နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဇေယျာ(ခ)ရီနွတ် (၂၃ နှစ်)တို့ နှစ်ဦးကို မေ ၁၂ ရက်တွင်လည်းကောင်း ဖမ်းဆီးခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ကျော်သူရ၊ မျိုးသက်၊ ကျော်မင်းထွန်း၊ တင်သူအောင်၊ ရှိုင်းကိုကို၊ ကျော်ဇင်ဝင်းတို့သည် ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းတွင် ဂျပန်နိုင်ငံ၌ အလုပ်လုပ်ရန်အတွက် "ဦးကျော်ကျော်နိုင် မိသားစုကုမ္ပဏီ"သို့ တစ်ဦးလျှင် ငွေကျပ် ၁၁၅ သိန်းစီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၆၉၀ ပေးအပ်ခဲ့ကြောင်း၊ သွားရမည့်ရက်ချိန်း (၃/၄)ခါပေးသော်လည်း သွားခွင့်မရသဖြင့် ပေးထားသည့်ငွေများ ပြန်တောင်းစဉ် ကိုညွန့်ဝေက ဦးကျော်ကျော်နိုင်အတွက် အာမခံခဲ့ကြောင်း၊ ၁၅ ရက်ခန့်အကြာတွင် ဦးကျော်ကျော်နိုင်မှာ ထွက်ပြေးခဲ့သဖြင့် ကိုညွန့်ဝေအား တွေ့ဆုံမေးမြန်းရာ ၎င်းနှင့် မဆိုင်၍ ငွေများ ပြန်လျော်မပေးနိုင်ကြောင်း ပြောကြားသဖြင့် စမ်းချောင်းရဲစခန်းတွင် ကိုညွန့်ဝေနှင့် ဦးကျော်ကျော်နိုင်တို့အား အမှုဖွင့်ခဲ့ကြောင်း၊ မေ ၅ ရက်တွင် ကျော်သူရနှင့် သက်ဇော်ထွန်းတို့သည် အငှားမောင်းနှင်သည့် BB/---- TOYOTA CALDINA ယာဉ်ဖြင့် စမ်းချောင်းမြို့နယ်အတွင်းရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ သွားရောက်၍ ကိုညွန့်ဝေ၊ ကိုညွန့်ဆွေတို့နှင့်ချိန်းဆို၍ စည်းရုံးပြောဆိုပြီး ကားပေါ် တင်ဆောင်ခေါ်ယူခဲ့ကြောင်း၊ ဆက်လက်၍ ဇေယျာ၊ စောကျော်စွာ၊ မျိုးသက်နှင့် မော်တော်ကား(ခ) လွင်မောင်မောင်တို့အား ဝင်ရောက်ခေါ်ဆောင်ကာ ပဲခူးဘက်သို့ မောင်းနှင်ခဲ့ကြောင်း၊ လမ်းခရီးတွင် ကိုညွန့်ဝေ အာမခံထားသည့်ငွေများကို ပြန်တောင်းရာမှ အဆင်မပြေသဖြင့် လူသတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအမှုတွင် ပါဝင်သော ကျော်သူရ(ခ)ဖိုးခွား(ခ)ပီကျော်ဟန်အား ဖမ်းဆီးရမိရေး စုံစမ်းနေစဉ် မေ ၁၃ ရက်တွင် ဘားအံမြို့မရဲစခန်းသို့ လာရောက်အဖမ်းခံသဖြင့် စစ်ဆေးလျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသည့် စောကျော်စွာနှင့် မော်တော်ကား(ခ) လွင်မောင်မောင်တို့အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ကိုရဲ**




# မိတ္ထီလာမြို့လယ်တွင် ကားမီးရှို့ခံရ

**မိတ္ထီလာ မေ ၁၇**

မိတ္ထီလာမြို့လယ် မြို့မလေးရပ်ကွက် ရုပ်ရှင်ရုံလမ်းတွင် အိမ်ရှေ့ရပ်ထားသောကားကို လူငယ်တစ်ဦးက မီးရှို့သွားသဖြင့် ကားမီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ပန်းတိမ်တန်းရပ် ရွှေဗဟိုရုပ်ရှင်ရုံရှေ့ရှိ ဦးရှင်မိုး ကားကူရှင်လုပ်ငန်းမှ ဦးခိုင်မင်းသန်း၏ ဟိုက်ဂျက်အမျိုးအစား အဖြူရောင်ယာဉ်အမှတ် MDY----- ကားကို မေ ၁၆ ရက်ညက အိမ်ရှေ့တွင်ရပ်ထားပြီး ညအိပ်ခဲ့ကြောင်း၊ ညသန်းခေါင်ကျော်တွင် အိမ်နီးချင်းမိတ်ဆွေဦးမြင့်ဆွေက ကားမီးလောင်နေကြောင်း ပြောပြသဖြင့် ထွက်ကြည့်ရာ ကားမှာမီးလောင်နေပြီး ပျက်စီးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

ကိုခိုင်မင်းသန်းက ၎င်း၏ CCTVကင်မရာကို စစ်ဆေးကြည့်ရှုရာ မေ ၁၆ ရက် ည ၁၂ နာရီကျော်က ၎င်းကားအနီးတွင် အသက် (၁၃နှစ်)နှင့် ၁၅ နှစ်ကြားရှိ ရှပ်အင်္ကျီအကွက်ကျားလက်တိုနှင့် ဘောင်းဘီရှည်ဝတ်၊ ဆံပင်နီကြောင်ကျားဆေးဆိုး လူငယ်တစ်ဦးက ကားဘက်ထရီအား မီးရှို့သွားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ကိုခိုင်မင်းသန်းက မြို့မရဲစခန်းတွင် ၎င်း၏ကားအား မီးရှို့သွားသည့် လူငယ်အား အရေးယူပေးရန် တိုင်ကြားရာ မိတ္ထီလာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# ကလောမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၇**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက်က ကလောမြို့အဝင်တိုးဂိတ်တွင် တောင်ကြီးမြို့မှ ကလောမြို့ဘက်သို့ မောင်ချင်လျှန်မောင်းနှင်ပြီး တင်ဦးလွင် လိုက်ပါလာသည့် ယာဉ်အမှတ် YGN/--- နံပါတ်ပါ TOYOTA CALDINA အမျိုးအစား မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်နောက်ခန်း၌ တင်ဦးလွင်ထိုင်သည့် ထိုင်ခုံဘေးရှိ လက်ဆွဲအိတ်အတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၀၀ သိမ်းဆည်းရမိသဖြင့် မောင်ချင်လျှန် (၂၈ နှစ်)နှင့် တင်ဦးလွင် (၃၇ နှစ်)တို့နှစ်ဦးအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ယာပုံ)** **ကိုရဲ**



# ကောလင်း၌ မိုးကြိုးပစ်၍ လူတစ်ဦးသေဆုံး

**ကသာ မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ခေါင်းဖြူကျေးရွာအနီး လူတစ်ဦးမိုးကြိုးပစ်၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၆ ရက် ညနေ ၅ နာရီခွဲက ကောလင်းမြို့နယ် ချောင်းနားရဲကင်းစခန်းမှူး ရဲအုပ်ဇော်ဝင်းသည် ကောလင်းမြို့နယ် ခေါင်းဖြူကျေးရွာ တောင်ဘက် တစ်မိုင်ခန့်အကွာ သဖန်းဆိပ်ဆည်ကမ်းဘေး လယ်ထဲတွင် လူတစ်ဦး မိုးကြိုးပစ်ခံရ၍သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ တင်မြင့်ဆိုသူဖြစ်ပြီး ၎င်းတွင် လက်မောင်းနှင့် ယာဘက်ချိုင်းအောက်မှခါးထိ အရေပြားပွန်းပဲ့ညိုမည်းဒဏ်ရာများရရှိ သေဆုံးနေကြောင်း တွေ့ရှိရ၍ သေမှုသေခင်းဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **လှအောင်(ကသာ)**

## အိတ်ဖွင့်လေလံတင်အရောင်းကြော်ငြာ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ အထူးအဖွဲ့/ခရိုင်/မြို့နယ်ဖြစ်ကြသော လားရှိုး၊ ကျောက်မဲ၊ မူဆယ်၊ ကွမ်းလုံ၊ ဟိုပန်၊ လောက်ကိုင်၊ သီပေါ၊ နောင်ချို၊ မိုးမိတ်မြို့များရှိ စတိုများတွင်ရှိသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အသုံးပြုပြီး ကတ္တရာပီပါခွံ(၃၀၀၀၀)အား ၂၇-၅-၂၀၁၅ ရက် ၁၃း၀၀နာရီတွင် တွဲဖက် ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံးအစည်းအဝေးခန်းမ၌ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချ ပေးသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တွဲဖက်ပြည်နယ်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး၊ လားရှိုးမြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

**ဖုန်း-၀၈၂-၂၅၂၂၆၊ ၂၃၈၇၄၊ ၀၉-၅၀၄၈၆၅၁**

## ကိုရင်အပါး ၃၀၀ နှင့် သီလရှင်အပါး ၅၀ ဆွမ်းလောင်းလှူပွဲ

ရန်ကုန်-ထောက်ကြန့် ပုပ္ပါးကျောင်းတိုက် (မဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တပဏ္ဍိစ္စ အသက်(၈၀) မွေးနေ့တွင် နေပြည်တော် တပ်ကုန်းမြို့ရှိ စာသင်တိုက်မှ ကိုရင်(၃၀၀)၊ သီလရှင်(၅၀)တို့အား တပ်ကုန်းမြို့ မြို့လယ်ကျောင်းတိုက် ဓမ္မာရုံတွင် (၁၃၇၇ ခုနှစ် နယုန်လဆန်း ၇ ရက်) မေ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကြက်ဆီဆွမ်းနှင့် သင်္ကန်းစသည်များ လောင်းလှူမည်။ ကိုရင်တစ်ပါး ၅၀၀ ကျပ်ဖြင့်လည်းကောင်း စာအုပ်၊ ဘောလ်ပင်၊ ဆပ်ပြာစသည်များဖြင့်လည်းကောင်း လာရောက်လောင်းလှူနိုင်ပါသည်။

**ဝေယျာဝစ္စအဖွဲ့**

**ဖုန်း-၀၁-၆၀၀၀၂၈၊ ၀၉-၄၂၅၀၂၅၈၆၈၊ ၀၉-၄၂၀၇၄၂၄၄**

**မြို့လယ်ကျောင်း တပ်ကုန်းမြို့**

## မွန်ပြည်နယ်တရားလွှတ်တော် တည်ဆောက်ရေးလုပ်ငန်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်တရားလွှတ်တော်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့်ဆောင်ရွက်လိုသူများက အိတ်ဖွင့်တင်ဒါတင်သွင်းလျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

| စဉ် | ရုံးအမည် | အဆောက်အအုံအတိုင်းအတာ |
|---|---|---|
| (က) | **ပေါင်မြို့နယ်တရားရုံး** | အမိုးလဲလှယ်ခြင်းနှင့် မျက်နှာကြက်တပ်ဆင်ခြင်း၊ အလျား ၁၁၅'×အနံ ၄၃' ၆"×အမြင့် ၃' |
| (ခ) | **ကျိုက်မရောမြို့နယ်တရားရုံး** | နှစ်ခန်းတွဲသုံးထပ်အာရ်စီ ဝန်ထမ်းအိမ်ရာ အလျား ၅၀'×အနံ၂၈' ၆"×အမြင့် ၃၇' (ရေ/မီး/မိလ္လာအပါအဝင်) (သံပန်းပြတင်း) |
| (ဂ) | **မွန်ပြည်နယ်တရားလွှတ်တော်** | တရားလွှတ်တော်အဝင်လမ်းကွန်ကရစ်ခင်းခြင်း (စတုရန်းပေ ၅၀၉၈၊ ထု ၆ လက်မ) |
| (ဃ) | **ချောင်းဆုံမြို့နယ်တရားရုံး** | ယာယီအချုပ်ခန်း အလျား ၂၂'×အနံ ၁၅'×အမြင့် ၈' |
| (င) | **ဘီးလင်းမြို့နယ်တရားရုံး** | လေးခန်းတွဲတစ်ထပ်အာရ်စီ အခြားအဆင့် ဝန်ထမ်းအိမ်ရာ အလျား ၆၀'×အနံ ၃၅'×အမြင့် ၁၂' (ရေ/မီး/မိလ္လာအပါအဝင်) (သံပန်းပြတင်း) (အုတ်ခြံစည်းရိုးကာရံခြင်း အလျား ၅၁၆'×အမြင့် ၆' အပါအဝင်) |

၂။ **တင်ဒါထုတ်ပေးမည့်နေရာ** - မွန်ပြည်နယ်တရားလွှတ်တော်၊ မော်လမြိုင်မြို့

၃။ **တင်ဒါထုတ်ပေးမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်

၄။ **တင်ဒါပုံစံပိတ်မည့်ရက်** - ၁-၆-၂၀၁၅ ရက်

၅။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၉-၆-၂၀၁၅ ရက်

**အချိန်၊ နေရာ** နံနက် ၁၀း၀၀နာရီမှ ၁၆း၀၀နာရီအထိ၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မော်လမြိုင်မြို့

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မွန်ပြည်နယ်တရားရေးဦးစီးဌာနမှူးရုံး စီမံဌာန ဖုန်း-၀၅၇-၂၆၈၃၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**


တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 10-11:30 | (Mon ~ Thurs) | 18 May |
| 3:30 - 5 | (Mon ~ Thurs) | 25 May |
| 7:30 - 9 | (Mon ~ Thurs) | 27 May |
| 10-11:30 | (Mon ~ Thurs) | 17 Jun |
| **BASIC FOUR SKILLS ENGLISH** | | |
| 3:30 - 5 | (Mon ~ Thurs) | 18 May |
| 10-11:30 | (Mon ~ Thurs) | 18,25 May |
| 7:30 - 9 | (Mon ~ Thurs) | 3,10 Jun |
| 1 - 4:00 | (Sat + Sun) | 6 Jun |
| 3:30 - 5 | (Mon ~ Thurs) | 8 Jun |
| **PRE-INTERMEDIATE (4-SKILL ENGLISH)** | | |
| 10-11:30 | (Mon ~ Thurs) | 18 May |
| 3:30 - 5 | (Mon ~ Thurs) | 27 May |
| 7:30 - 9 | (Mon ~ Thurs) | 3 Jun |
| **INTERMEDIATE (ACADEMIC ENGLISH)** | | |
| 1 - 2:30 | (Mon ~ Thurs) | 20 May |
| 7:30 - 9 | (Mon ~ Thurs) | 27 May |

| VOCAB ENRICHMENT | | |
|---|---|---|
| 1 - 4:00 | (Sat + Sun) | 17 May |
| 1 - 2:30 | (Mon ~ Thurs) | 25 May |
| **BASIC GRAMMAR** | | |
| 7:30 - 9 | (Mon ~ Thurs) | 25 May |
| **BASIC WRITING** | | |
| 3:30 - 5 | (Mon ~ Thurs) | 26 May |
| **IELTS (Four Skills)** | | |
| 1 - 3:30 | (Mon ~ Thurs) | 1 Jun |
| **IELTS Exam Practice** | | |
| 3:30 - 5 | (Mon ~ Thurs) | 25 May |
| **IELTS (Speaking)** | | |
| 1 - 2:30 | (Mon ~ Thurs) | 8 Jun |
| **IELTS (Reading)** | | |
| 7:30-9:30 | (Mon ~ Thurs) | 15 Jun |
| **IELTS (Writing)** | | |
| 7:30 - 9 | (Mon ~ Thurs) | 11 May |
| 8 - 11:00 | (Sat + Sun) | 31 May |

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 10-11:30 | (Mon ~ Thurs) | 27 May |
| 1 - 2:30 | (Mon ~ Thurs) | 3 Jun |
| 7:30 - 9 | (Mon~ Thurs) | 10 Jun |
| 4:30-7:30 | (Sat + Sun) | 13 Jun |
| **BASIC GRAMMAR** | | |
| 7:30-10:30 | (Sat + Sun) | 23 May |
| **INTERMEDIATE (ACADEMIC ENGLISH)** | | |
| 12 - 3:00 | (Sat + Sun) | 17 May |

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 12 - 3:00 | (Sat + Sun) | 30 May |
| 7:30-10:30 | (Sat + Sun) | 31 May |
| **PRE-INTERMEDIATE (4-SKILL ENGLISH)** | | |
| 6 - 7:30 | (Mon ~ Thurs) | 18 May |
| 7:30-10:30 | (Sat + Sun) | 27 Jun |
| **IELTS (Four Skills)** | | |
| 12:30 - 3:30 | (Sat + Sun) | 20 Jun |

ကလေးများအတွက် တစ်နှစ်ပတ်လုံးဖွင့်မည့်
Regular English Courses For Young Learners
(၁)တန်းမှ (၉)တန်း ကလေးများအတွက် Level-၅ ဆင့်ခွဲ၍ ထိရောက်စွာသင်ကြားမည့် 4-Skill English သင်တန်းများ
9:30 to 11:30 a.m.
Sat + Sun (တစ်ပါတ် ၂ ရက်)
June 6 စပါမည်။
ဖယ်ရီ စီစဉ်ပေးပါသည်။
နေရာသေချာဖို့ ကြိုတင်အပ်နှံနိုင်ပါပြီ။

# အင်ဒိုနီးရှားနိုင်ငံရောက် မြန်မာရေလုပ်သားဒုက္ခသည်များ မြန်မာနိုင်ငံသို့ ဒုတိယအသုတ် ထပ်မံရောက်ရှိ

**ရန်ကုန် မေ ၁၇**

အင်ဒိုနီးရှားနိုင်ငံတွင် လူကုန်ကူးခံရသော မြန်မာနိုင်ငံမှ ရေလုပ်သားဒုက္ခသည် ၁၂၈ ဦးသည် သက်ဆိုင်ရာနှင့် ကမ္ဘောဇဘဏ်တို့၏အကူအညီဖြင့် ယနေ့ ည ၇ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းဖြင့် မြန်မာနိုင်ငံသို့ ဒုတိယအသုတ်အဖြစ် ထပ်မံရောက်ရှိလာသည်။

"ကျွန်တော်တို့ ဒီည ထပ်မံရောက်ရှိလာတာကတော့ ထိုင်းငါးဖမ်းလှေတွေကနေ လူကုန်ကူးခံရပြီးတော့ အင်ဒိုနီးရှားနိုင်ငံကကျွန်းတွေမှာ ရောက်ရှိနေတဲ့ မြန်မာရေလုပ်သား ဒုက္ခသည်တွေပါ။ အားလုံး စုစုပေါင်း ၁၂၈ ဦးလိုက်ပါလာပါတယ်။ ဒီညတော့ သူတို့ကိုမရမ်းကုန်းမြို့နယ်က ကျိုက်ဝိုင်း လူမှုဝန်ထမ်းဦးစီးဌာနမှာ ထားဦးမှာပါ။ သက်ဆိုင်ရာဒေသ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ လူမှုဝန်ထမ်းဦးစီးဌာနတွေက ရောက်နေပြီဆိုတော့ မနက်ဖြန်မှ ပြန်ခွင့်ပေးမှာဖြစ်ပါတယ်"ဟု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်းက ပြောကြားသည်။

ယနေ့ည ဒုတိယအသုတ်အဖြစ် ရောက်ရှိလာသော မြန်မာရေလုပ်သားဒုက္ခသည်များကို မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က တစ်ဦးလျှင်ကျပ် တစ်သိန်းစီ၊ ကမ္ဘောဇဘဏ်အုပ်စုက ငွေကျပ်ငါးသောင်းစီ၊ IOM က ကျပ် တစ်သောင်းစီ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ငွေကျပ် ငါးထောင်စီနှင့် ယူနီဆက်မှ သွားတိုက်ဆေး၊ သွားတိုက် တံ၊ မျက်နှာသုတ်ပဝါစသည့် လိုအပ်သည့်ပစ္စည်းများထည့်ထားသော ကစ်ထုပ်တစ်ထုပ်စီတို့ကို ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မိုးမခ**

"ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်ကြီးရွာက ဖြစ်ပါတယ်။ ဟိုမှာ ခြောက်နှစ်လောက်ကြာပါတယ်။လစာလည်းမရပါဘူး။ ခေါ်သွားတုန်းကတော့ ဘတ်ကိုးထောင်၊ တစ်သောင်းလောက်ပေးမယ်လို့ ပြောပါတယ်။ ဒါပေမယ့် ခုချိန်ထိဘာမှ မပေးသေးပါဘူး။ အလုပ်ကတော့ အလွန်ပင်ပန်းသလို အန္တရာယ်လည်း သိပ်များပါတယ်။ မိုးတွင်းဆိုရေလှိုင်းတွေကကြီး နေ့ရော၊ ညပါ အလုပ်လုပ်ရပါတယ်"ဟု လိုက်ပါလာသည့် မြန်မာနိုင်ငံသားရေလုပ်သားဒုက္ခသည်တစ်ဦးက သူ၏အတွေ့အကြုံကို ရှင်းပြသည်။

အင်ဒိုနီးရှားနိုင်ငံရောက် မြန်မာရေလုပ်သားဒုက္ခသည် စုစုပေါင်း ၅၀၀ ကျော်ရှိရာ ပထမအသုတ် မေ ၁၅ ရက်က ၁၂၅ ဦး၊ ယခု ဒုတိယအသုတ်တွင် ၁၂၈ ဦး စုစုပေါင်း ၂၅၃ ဦးကို မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းဖြင့် အခမဲ့ခေါ်ဆောင်ပေးခဲ့ပြီး ဖြစ်သည်။ ကျန်ရှိနေသည့် ရေလုပ်သားများကို မူလက မေ ၁၈ ရက်တွင် ခေါ်ယူရန် စီစဉ်ထားသော်လည်း မေ ၂၂ ရက်တွင်းမှ တတိယအသုတ်အဖြစ် ပြန်လည်ခေါ်ယူဖြစ်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# တရားခံပြေးတစ်ဦးအား လက်ပစ်ဗုံး၊ လက်နက်ခဲယမ်းများနှင့်အတူဖမ်းဆီးရမိ

**ဘားအံ မေ ၁၇**

တရားခံပြေးတစ်ဦးအား ဘားအံမြို့လယ်ရှိ ၎င်း၏နေအိမ်သို့ပြန်လာစဉ် သတင်းအရ ဝင်ရောက်ဖမ်းဆီးခဲ့ရာ လက်ပစ်ဗုံးအပါအဝင် လက်နက်ခဲယမ်းများနှင့်အတူ မေ ၁၂ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က ဖမ်းဆီးရမိခဲ့ကြောင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ မေ ၁၂ ရက်က ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲအကူတပ်ဖွဲ့ခွဲ၊ မှူးခင်းအကူ ဌာနစုမှူး ဒုရဲအုပ်စိုးခိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် ဘားအံမြို့မရဲစခန်း၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုပုဒ်မ အမှုမှ ထွက်ပြေးတိမ်းရှောင်နေသူ တရားခံပြေး မောင်စိုး (ခ) ဆွန်မက် ဆိုသူမှာ ဘားအံမြို့ အမှတ် (၅) ရပ်ကွက် ရဲဘော်ဈေးရှိ ဝင်းလက်ဖက်ရည်ဆိုင်သို့ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စုံစမ်းခဲ့ရာ ၎င်းမှာ ယင်းနေ့ နံနက်ပိုင်းက လက်ဖက်ရည်ဆိုင်သို့ရောက်ရှိလာ၍ လက်ဖက်ရည်သောက်ခဲ့ပြီးနောက် အစိမ်းရောင် စစ်သုံးဘေးလွယ်အိတ်တစ်လုံးလွယ်လျက် ဆိုင်ကယ်စီးပြီး မြို့မဈေးဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး မောင်စိုး (ခ) ဆွန်မက်မှာ ဘားအံမြို့ အမှတ် (၂) ရပ်ကွက် ဈေးတန်းလမ်းရှိ ၎င်း၏နေအိမ်သို့ ရောက်ရှိနေကြောင်း စုံစမ်းသိရှိရသဖြင့် မှုခင်းအကူ ဌာနစုမှူး ဒုရဲအုပ်စိုးခိုင်နှင့် ပူးပေါင်းအဖွဲ့သည် မောင်စိုး၏ဇနီး နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ မောင်စိုး (ခ)ဆွန်မက်အား နေအိမ်အပေါ်ထပ်ရှိ အိပ်ခန်းထဲတွင် တွေ့ရှိရကြောင်း ၎င်းအနီးတွင် တွေ့ရှိရသော လွယ်အိတ်အား ရှာဖွေရာ ခြောက်လုံးပြူးတစ်လက်၊ သေနတ်အတွင်း အသင့်ထည့်ထားသော ကျည်ငါးတောင့်၊ ၉၁ မမ လက်ပစ်ဗုံး တစ်လုံး၊ ၃၉၇/ ၉၁ စာတန်းပါ စနက်တံတစ်ခု၊ အနက်ရောင်ကျည် ထည့်ထားသည့် ခါးပတ်အိတ်တစ်ခု၊ ၎င်းခါးပတ်အိတ်အတွင်း ထည့်ထားသော ကျည်လေးတောင့်၊ အနက်ရောင် သေနတ်ထည့်အိတ်တစ်ခု၊ အရိုးအသွား ၉ဒသမ ၅ လက်မရှိ စတီးမောင်းချားတစ် ချောင်း၊ သားရေပိုက်ဆံအိတ်တစ်လုံးနှင့် တစ်ထောင်ကျပ်တန်ငွေစက္ကူ ၄၄ ရွက်၊ ဂဏန်းပေါင်းစက်တစ်လုံးတို့ကို တွေ့ရှိစစ်မေးရာ ၎င်းပိုင် ပစ္စည်းများဖြစ်ကြောင်း ဝန်ခံအပ်နှံသဖြင့် ဒုရဲအုပ်စိုးခိုင်က သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

အဆိုပါ အမှုနှင့် ပတ်သက်၍ တရားမဝင် လက်နက်ခဲယမ်းကိုင်ဆောင်သူ တရားခံပြေး မောင်စိုး(ခ) ဆွန်မက် ၅၂ နှစ် ဈေးတန်းလမ်း အမှတ် (၂) ရပ်ကွက် ဘားအံမြို့နေသူအား ဘားအံမြို့မရဲစခန်းတွင် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းထွေး (ဘားအံ)**

## ဆေးခြောက်များ ဖမ်းဆီးရမိ

**ကျောက်တံခါး မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရဲစခန်း၏ အနောက်တောင်ဘက် ငါးဖာလုံခန့်အကွာ ကွင်းနောက်ရပ်ကွက် ဒေါနလမ်းထိပ်တွင် မေ ၁၆ ရက် ညနေ ၃ နာရီခွဲက ညောင်လေးပင် မူးယစ်လှုပ်ရှားမှု တပ်ကြပ်ဇော်မင်းထက်၊ ကျောက်တံခါးမြို့မ ရဲစခန်းနယ်ထိန်းခေါင်းဆောင် ရဲအုပ်လှမြင့်ဦးတို့ စောင့်ဆိုင်းနေစဉ် လမ်းလျှောက်လာသူ တစ်ဦးအား စစ်ဆေးရာ ဆေးခြောက်ဟု ယူဆရသည့် အရွက်ခြောက် ၇၀ ကျပ်သား ၁ ဒသမ ၁၄ ကီလိုခန့်ကို သိမ်းဆည်း ရမိခဲ့သည်။



မူးယစ်ဆေးဝါးလက်ဝယ် တွေ့ရှိသူမှာ ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် ယုဇနလမ်းနေ ကနေဟီလား (၃၀နှစ်) ဖြစ်ပြီး ၎င်းအား ဆက်လက်စစ်ဆေးရာ ဇေယျာဝတီမြို့ ကျော်ထင်ဆိုသူက လာရောက်ရောင်းခိုင်းသဖြင့် ရောင်းချရန် နေအိမ်မှ ထွက်ခွာလာစဉ် ဖမ်းဆီးခြင်းခံရကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**
**ဓာတ်ပုံ-မျိုးဦး**

**ကချင်ပြည်နယ်လွှတ်တော်ရုံး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကချင်ပြည်နယ်လွှတ်တော်ရုံးအတွက် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက် |
| --- | --- | --- |
| (က) | ဧည့်ရိပ်သာ (၂)ထပ်ဆောင်ဆောက်လုပ်ခြင်း | (၁)လုံး |
| (ခ) | မော်တော်ယာဉ်(၈)စီးဆံ့ အဆောက်အအုံဆောက်လုပ်ခြင်း | (၂)လုံး |
| (ဂ) | **လုံခြုံရေးအဖွဲ့အတွက် အဆောက်အအုံများဆောက်လုပ်ခြင်း** | |
| | (၁) အရာရှိနေအိမ် အဆောက်အအုံ | (၁)လုံး |
| | (၂) အခြားအဆင့်နေထိုင်ရန် အဆောက်အအုံ | (၁)လုံး |
| | (၃) စားရိပ်သာ၊ သန့်စင်ခန်းအဆောက်အအုံ | (၁)လုံး |
| | (၄) လုံခြုံရေးကင်းတဲ အဆောက်အအုံ | (၆)လုံး |
| (ဃ) | လွှတ်တော်ရုံးဝင်းအတွင်းရှိ ပတ်လမ်းကွန်ကရစ်ခင်းခြင်း | (၁၂၅၂)ပေ |
| (င) | Light Truck (Diesel) ဝယ်ယူခြင်း | (၁)စီး |

၂။ တင်ဒါစည်းကမ်းချက်များ၊ ဆောင်ရွက်ရမည့်လုပ်ငန်း၏ (Drawing) များအား ၁၈-၅-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း ကချင်ပြည်နယ် လွှတ်တော်ရုံး၊ စီမံ/ဘဏ္ဍာဌာနတွင် ရောင်းချပေးမည်ဖြစ်ပြီး၊ တင်ဒါပိတ်သိမ်း မည့်ရက်မှာ ၁၇-၆-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထားတင်သွင်း ရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်မည့်ရက်အား တင်ဒါတင်သွင်းသူများသို့ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၇၄-၂၂၄၈၁၊ ၀၇၄-၂၉၅၄၃ တို့သို့ ၁၈-၅-၂၀၁၅ ရက်မှ ၁၇-၆-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**
**ကချင်ပြည်နယ်လွှတ်တော်ရုံး၊ မြစ်ကြီးနားမြို့**

**Freelance သင်ပေးနိုင်သူ အလိုရှိသည်**

SAP Software အား လက်တွေ့အသုံးချနိုင်ရန်အတွက် Freelance သင်ပေးနိုင်မည့်သူ အလိုရှိပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၁၁၆၆၁၄၈**
**(ရုံးချိန်အတွင်း)**

**လက်ထပ်ပြီးစီးခြင်း**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ
ဦးမြင့်သော်နှင့် ဒေါ်ငွေးငွေးကြူတို့၏ တစ်ဦးတည်းသောသား
**မောင်ဟန်သော်ဇင်**
**နှင့်**
အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်နေ
Mr.Hwai Sein & Mrs.May Lin Chen တို့၏ သမီးထွေး
**Tracy Chen**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီမှုဖြင့် ၁၄-၅-၂၀၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်တရားရုံး၌ ခရိုင်တရားသူကြီး ဒေါ်ခင်နှင်းဦး၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဟန်သော်ဇင် - Tracy Chen**

**ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်**

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းဟံ (ခ) လူပွေထိန်း (၁၂/လသန(နိုင်) ၀၁၉၃၀၃)၊ မန်နေဂျင်းဒါရိုက်တာ ဦးစီးတည်ထောင်ထားသည့် မြတ်ပန်းလီလီကုမ္ပဏီလီမိတက် မှတ်ပုံတင်အမှတ်-၁၃၇၂/၂၀၁၁-၂၀၁၂ မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များနှင့် အလှကုန်ပစ္စည်း အမျိုးမျိုးတို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြန့်ချီရောင်းချလျက်ရှိပါသည်။

FUZHIHU
FACILE PRDFCSSIONAL
SKYSHINE 欣尚

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်များ၊ ကုန်ပစ္စည်းများ၏ တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သူ မြတ်ပန်းလီလီကုမ္ပဏီလီမိတက်၏ ခွင့်ပြုချက်တစ်စုံတရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ်များ၏ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း အသုံးပြုခြင်း၊ ကုန်ပစ္စည်းမှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်းစသည်တို့အပြင် အဆိုပါကုန်အမှတ်တံဆိပ်များ ကပ်နှိပ်ထားသည့် ကုန်ပစ္စည်းများကို မိမိတို့ကိုယ်ပိုင်ထုတ်လုပ်သည့်ပစ္စည်းများအဖြစ် ရောင်းချခြင်း၊ အသုံးချဆောင်ရွက်ခြင်းတို့ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စင်စောဦး (တရားလွှတ်တော်ရှေ့နေ)
စဉ် - ၆၇၀၂
အမှတ် - ၅၆၁၊ (M.A.C Tower)၊ အခန်း - ၁၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

# နီပေါငလျင်အတွက် အလှူငွေများ လွှဲပို့လှူဒါန်းမည်

**ရန်ကုန် မေ ၁၇**

နီပေါနိုင်ငံတွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေသော နီပေါပြည်သူများအတွက် အလှူငွေများ ရရှိရန် ကြိုးပမ်းခဲ့သော မြန်မာပရဟိတ လူငယ်များအဖွဲ့က အလှူခံရရှိသည့်ငွေကြေးများကို လွှဲပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"အလှူငွေတွေကို Action Aid ကနေတစ်ဆင့် နီပေါနိုင်ငံကို လှူဒါန်းမှာဖြစ်ပါတယ်။ ဒီရက်ပိုင်းအတွင်း ပေးပို့နိုင်ဖို့ စီစဉ်နေပြီး လက်ရှိမှာ အလှူငွေစုစုပေါင်း ကျပ်သိန်း ၆၀ ကျော်နေပါပြီ။ ကျွန်မတို့အဖွဲ့က ဧပြီ ၃၀ ရက်ကနေစတင်ပြီး အလှူငွေ ရရှိဖို့ ကြိုးပမ်းခဲ့တာ ဖြစ်ပါတယ်။ အများပြည်သူတွေရဲ့ စုပေါင်းထည့်ဝင်တဲ့ ငွေတွေကို မကြာမီပေးပို့လှူဒါန်းသွားမယ်"ဟု မြန်မာပရဟိတ လူငယ်များအဖွဲ့မှ မသင်းသီရိက ပြောကြားသည်။

ဆယ်ရက်ကျော် အလှူငွေကောက်ခံခြင်းကို ဧပြီ ၃၀ ရက်မှစတင်ခဲ့ပြီး ရန်ကုန်မြို့ရှိ လူစည်ကားရာ နေရာများနှင့် ဈေးဝယ်စင်တာများ အနီးတွင် အဖွဲ့ဝင်လူငယ်များက တေးသီချင်းများ သီဆိုဖျော်ဖြေပြီး လာရောက်ကြည့်ရှုသူများထံမှ အလှူခံခဲ့ခြင်းဖြစ်သည်။

**မောင်သဲဦး**

# သရက်သီးပွဲတော်ကြီး ကျင်းပမည်

**ရန်ကုန် မေ ၁၇**

အရည်အသွေးကောင်းမွန်သော သရက်သီးများစိုက်ပျိုးထုတ်လုပ်လာနိုင်ရန်နှင့် ထုတ်လုပ်သောသရက်သီးများကို ပြည်ပဈေးကွက်သို့ ချဲ့ထွင်တင်ပို့နိုင်ရန် ရည်ရွယ်၍ သရက်သီးပွဲတော်ကို မေ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သရက်သီးပွဲတော်ကို မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူးကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"သာကေတမြို့နယ် ကျောက်တိုင်မှတ်တိုင်အနီးက ရွှေပုဇွန်မှာ ပြပွဲကိုကျင်းပဖို့ စီစဉ်ထားပါတယ်။ အဲဒီမှာ သရက်သီးနဲ့ပတ်သက်ပြီး ပြိုင်ပွဲတွေ၊ စာတမ်းဖတ်ပွဲတွေ၊ ဟောပြောပွဲတွေ ပါမှာဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးက သရက်သီးစိုက်ပျိုးထုတ်လုပ်သူတွေ၊ သရက်သီးရောင်းချသူတွေ လာရောက်ခင်းကျင်းပြီး ဟောပြောမှုတွေလုပ်ကြမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ ဒေါ်သီတာထွန်းက ပြောသည်။

မြန်မာနိုင်ငံမှထွက်သော သရက်သီးများကို အဓိကအားဖြင့် တရုတ်၊ ထိုင်း၊ စင်ကာပူစသောနိုင်ငံများသို့ တင်ပို့ရောင်းချပြီး လွန်ခဲ့သောနှစ်များအတွင်း အရည်အသွေးကောင်းသော သရက်သီးများကို စိုက်ပျိုးထုတ်လုပ်လာနိုင်မှုကြောင့် ပြည်ပဈေးကွက်တွင် အကြိုက်တွေ့လာပြီး တစ်နှစ်ထက်တစ်နှစ် တင်ပို့ရောင်းချမှု မြင့်တက်လျက်ရှိကြောင်း သိရသည်။

ပြည်ပသို့တင်ပို့သည့် အမျိုးအစားများမှာ စိန်တစ်လုံးနှင့် ရွှေဟင်္သာ သရက်မျိုးများဖြစ်သည်။ စားသုံးရာတွင် အရသာကောင်းမွန်သည့်အပြင် ပြည်ပတင်ပို့ရာတွင်လည်း ရက်ရှည်အထားခံသောကြောင့် ပြည်ပဈေးကွက်အကြိုက်ဖြစ်နေကြောင်း သိရသည်။ ယင်းသရက်မျိုးများကို လွန်ခဲ့သော ဆယ်နှစ်ခန့်မှစ၍ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်၊ မြစ်သား၊ ကူမဲ၊ ပုပ္ပားတို့တွင် စတင်စိုက်ပျိုးခဲ့ကြသည်။ ကျောက်ဆည်ခရိုင်အတွင်း စိန်တလုံးသရက်များ စိုက်ပျိုးရာတွင် မျိုးမတူသော သရက်ပင်ကြီးများကို ပင်စည်မှခုတ်လှဲကာ စိန်တလုံးမျိုးကို ကိုင်းကူးကိုင်းဆက်နည်းဖြင့် စိုက်ပျိုးခဲ့ကြပြီး အထူးအောင်မြင်သော စိုက်ပျိုးနည်းဖြစ်ခဲ့ကြောင်း သိရသည်။

နောက်ပိုင်းတွင်မူ ဈေးကွက်ရရှိလာသဖြင့် စိန်တလုံးသရက်မျိုးကို နိုင်ငံတစ်ဝန်းတွင် စိုက်ပျိုးလာကြပြီဖြစ်ကြောင်း၊ လက်ရှိပြည်တွင်းဈေးကွက်၌ စိန်တလုံးသရက်သီးသည် ပေါ်ဦးပေါ်ဖျားဈေးမှာ တစ်လုံးလျှင် ကျပ်ငါးရာအထိ ရှိနေသဖြင့် စိန်တလုံးသရက် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ဓာတ်ပုံ-သက္က**



ရန်ကုန်မြို့ တာမွေဈေးရှိ သစ်သီးဆိုင်တစ်ဆိုင်မှ သရက်သီးများ။




# ဆမ်ဆောင်းဂလက်ဇီတက်ပ်အေ မိတ်ဆက်ခြင်းနှင့် တေးဂီတဖျော်ဖြေပွဲ လာရောက်ကြည့်ရှုသူများပြား

**ရန်ကုန် မေ ၁၇**

ဆမ်ဆောင်းမြန်မာမှ လုပ်ငန်းခွင်နှင့် နေ့စဉ်အသုံးပြုမှုဘဝတွင် အသုံးဝင်နိုင်မည့် Galaxy Tab A မိတ်ဆက်ခြင်းနှင့် တေးဂီတဖျော်ဖြေပွဲကို တာမွေမြို့နယ်ရှိ အိုးရှင်းစူပါစင်တာတွင် ယနေ့ကျင်းပရာ လာရောက်ကြည့်ရှုသူများပြားခဲ့ကြောင်း သိရသည်။

အဆိုပါ မိတ်ဆက်ခြင်းနှင့် ဂီတဖျော်ဖြေပွဲတွင် လူငယ်ပရိသတ်အကြိုက် တေးသံရှင် ရဲရင့်အောင်နှင့် နီနီခင်ဇော်တို့က တေးသီချင်းများဖျော်ဖြေပေးခဲ့ပြီး အထူးပါးလွှာသည့် တက်ဘလက်မော်ဒယ်သစ် ဂလက်ဇီတက်ပ်အေကို မိတ်ဆက်ပေးခဲ့သည်။ "ဆမ်ဆောင်းရဲ့ တက်ပ်ဘလက်တွေထဲမှာ ပထမဆုံးသော S-pen ပါဝင်တဲ့ တက်ပ်ဘလက်ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာတော့ S-pen ပါတဲ့ တက်ပ်ဘလက်ကို မရောင်းချပါဘူး။ မြန်မာနိုင်ငံမှာ ရောင်းချဖို့အတွက်တော့ ပါဝင်တယ်။ အဓိကက လုပ်ငန်းသုံးအနေနဲ့ဖြစ်ဖြစ် တက်ပ်ဘလက်ကို ကွန်ပျူတာတစ်လုံးလို သုံးချင်သူတွေအတွက်ဖြစ်ဖြစ် အဆင်ပြေစေမှာပါ"ဟု ဆမ်ဆောင်းမြန်မာမှ မန်နေးဂျင်းဒါရိုက်တာ ကိုဇာနည်က ပြောကြားသည်။

စာဖတ်ခြင်း၊ ရုပ်သံကြည့်ခြင်းနှင့် အင်တာနက်သုံးစွဲခြင်းတို့အတွက် ၃ အချိုး ၄ စံနှုန်းထုတ်လုပ်ထားခြင်းကြောင့် အဆင်ပြေနိုင်မည်ဖြစ်ကာ မိုက်ခရိုဆော့ဖ်၏ အသုံးပြုမှုများအားလုံးကို ကွန်ပျူတာတစ်လုံးသဖွယ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မေ ၁၈ရက်မှ စတင်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**

# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ လက်ထပ်ပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ

ဗိုလ်ချုပ်ကြီးခင်အောင်မြင့် ကာကွယ်ရေးဦးစီးချုပ်(လေ)-ဒေါ်အေးအေးသန်းတို့၏သားငယ်

**မောင်စွမ်းပြည့်အောင် B.C.Sc (UCSM)**

**နှင့်**

မန္တလေးမြို့နေ

(ဦးခင်အောင်ဝင်း)-ဒေါ်ခင်ခင်စိုး(လက်ထောက်ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး-မန္တလေး၊ ပြည်တွင်းအခွန်များဦးစီးဌာန)တို့၏
တစ်ဦးတည်းသောသမီး

**မမွန်မြတ်သန့်စင်အောင် B.C.Sc (UCSM)**

**SPLENDOR (Queen of Lace)**

တို့၏ ၁၇-၅-၂၀၁၅ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိဗိမာန်၌ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ စုလျားရစ်ပတ်ပေးပါသော ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီး မိသားစုဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီး မိသားစုဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးမိသားစုဝင်များ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးမိသားစုဝင်များ၊ မင်္ဂလာပွဲသို့မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး မန္တလေးသိန်းဇော်၊ မင်္ဂလာသြဝါဒစကားပြောကြားပေးပါသော ဗိုလ်ချုပ်မြင့်ဆွေ[ကာကွယ်ရေးဦးစီးချုပ်(လေ)ငြိမ်း]၊ အခါတော်ပေးသီကျူးပေးပါသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော ပလေးဘွိုင်းသန်းနိုင်တေးဂီတအဖွဲ့၊ သတို့သားအရံများဖြစ်ကြသော မောင်ဖွဲ့မာန်နှင့် မောင်ကျော်ရဲရင့်၊ သတို့သမီးအရံများဖြစ်ကြသော မနီလာအောင်နှင့် မယဉ်ယဉ်မင်း၊ မင်္ဂလာပန်းကြဲ မရွှေအိမ်လင်းနှင့် မအေးချမ်းမျိုးမြတ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မရည်မွန်လင်းလက်နှင့် မနွဲ့အိမ်သူဝင်း၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာခန်းမ ပန်းအလှဆင်နှင့် ဘိသေကခုံများပြင်ဆင်ပေးပါသော Eternal မှမနီလာနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်လုပ်ဆင်မြန်းပေးပါသော ကိုပြည်စိုးအောင်၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးပါသော Win & San Diamonds & Fine Jewellery မှ ဦးဝင်းနိုင်နှင့် ဒေါ်စန်းစန်း၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ LED Display များဖြင့် Multimedia Presentation ကူညီပေးပါသော Lucky Bird နှင့် နည်းပညာအကူအညီပေးသော Zarni LED အဖွဲ့တို့အားလည်းကောင်း၊ မိတ်ကပ်အလှပြင် ခင်စန်းဝင်းနှင့်အဖွဲ့၊ မေတ္တာဖြင့်ဆင်မြန်းပေးပါသော ရွှေနဂါးဖိနပ်မှ ဦးတင်မောင်ဝင်းနှင့် ဒေါ်ခင်ခင်တိုးလှိုင်၊ အခမ်းအနားနှင့်စားသောက်ဖွယ်ရာများ ပြင်ဆင်ဧည့်ခံပေးပါသော ကန်တော်ကြီးပဲလေ့စ်မှ မန်နေဂျာဦးစိန်ဝင်းနှင့်ဝန်ထမ်းများ၊ ဇေယျာသီရိဗိမာန်တာဝန်ခံအရာရှိနှင့်ဝန်ထမ်းများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိများနှင့်ဇနီးများ၊ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၀)မှ ကျောင်းဆင်းအရာရှိများနှင့်ဇနီးများ၊ တပ်မတော်(လေ)မှ မိသားစုများ၊ မန္တလေးမြို့နှင့်မြိတ်မြို့မှ မိတ်သင်္ဂဟများ၊ မင်္ဂလာပွဲအောင်မြင်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှပံ့ပိုးကူညီပေးကြပါသော အရာရှိ/စစ်သည်မိသားစုများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စွမ်းပြည့်အောင်-မမွန်မြတ်သန့်စင်အောင်**

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ထူးချွန်အလတ်စား (ဝန်ဆောင်မှု)လုပ်ငန်းရှင်ဆုနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဝန်ဆောင်မှုထူးချွန်မှု ဂုဏ်ထူးဆောင်ဆုတို့ကို ရရှိသော စိမ်းလဲ့တင် Resort ၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာမျိုးမြင့်စိန်အား လှိုက်လှဲဝမ်းသာစွာ ဂုဏ်ပြုအပ်ပါသည်။

**ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်-ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း**
**စက်မှုဝန်ကြီးဌာန**

## စော်ဘွားကြီးကုန်း နှစ်ထပ်ဆိုင်ခန်း(နှစ်ခန်းတွဲ) ရောင်းမည်

တိုက်(A)၊ အမှတ် ၁၃၅(၁+၂)၊ RC နှစ်ထပ်တိုက်၊ အပေါ်ထပ် စလပ်လောင်းပြီး၊ အသင့်တင့်ပြင်ဆင်ပြီး စော်ဘွားကြီးကုန်း တိုးချဲ့ဝင်းအတွင်း၊ ဘဏ်များအနီး။ 56'x30'၊ ဈေးနှုန်းကျပ်သိန်း ၉၅၀၀

**ဖုန်း-၀၉-၄၃၁၇၃၄၈၈**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၄)စီးယာဉ်နှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ဂျပန်ဘာသာ**
**အရေးအဖတ်အပြော**
**၀၉၂၅၀၀၂၃၅၂၀**
**၀၉၂၅၁၁၆၉၉၉၂**
**ရန်ကုန်မြို့တွင်းသာ**

## အမည်ပြောင်း

မြို့သစ်မြို့နယ်၊ ဘော့ကျေးရွာနေ ဦးအောင်ကိုဝင်း၏သား မောင်ဟိန်းပြည့်စုံအား အောင်ပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ပြည့်စုံ**

## အမည်ပြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အောက်လမ်းမကြီး၊ အိမ်အမှတ်(၇၀)နေ ဦးလင်းထင် ၁၀/မလမ(နိုင်)၁၃၁၅၆၈၏ သမီး အမှတ်(၈)၊ အခြေခံပညာအထက်တန်းကျောင်း တတိယတန်း(အေ)အောင်မှ မရွှေရည်လင်းလက်ထင်အား မအိမ့်ရွှေရည်ထင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅.၅.၂၀၁၅ ရက်နေ့၊ နေပြည်တော်၌ကျင်းပပြုလုပ်သည့်

နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏

သုံးနှစ်ဆက် **“အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု”**

**(နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သောလုပ်ငန်းရှင်–ပထမဆု)** ကို

**“ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း”** အားလည်းကောင်း၊

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏

**“နိုင်ငံ့စွမ်းဆောင်ရည်ဆု”**

**(နိုင်ငံတော်နှင့် ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)** ကို

**“ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း”** အား

လည်းကောင်း ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်

နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး

ထမ်းဆောင်နိုင်ပြီး၊ နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍

ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဘဏ်များအသင်း**

# ပညာပန်းများပွင့်လန်းဖို့ မော်ကွန်းတိုက်ကို အားထားစို့

လူသားများအတွက် ဘဝသက်တမ်းတစ်လျှောက် တွေ့ကြုံခဲ့သည့် အတွေ့အကြုံများ၊ ဗဟုသုတများသည် ဘဝခရီးကို ဖြတ်သန်းရာ၌ အထောက်အကူများစွာ ပေးသကဲ့သို့ ပညာဆိုသည်မှာ မိမိ၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။ ထို့ကြောင့်“ပညာ”ကို “ရွှေအိုး”နှင့်တင်စားကြခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတိုင်းပြည်များနှင့် နှိုင်းယှဉ်လျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးသော်ငြားလည်း ပညာရေးကဏ္ဍတွင်မူ နိုင်ငံတော်၏ ပံ့ပိုးမှု၊ လူငယ်လူရွယ်များ၏ ပညာမြင့်မားလိုစိတ် ထက်သန်မှုများကြောင့် ဘွဲ့လွန်ပညာတတ်ဦးရေမှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားလျက်ရှိနေပေသည်။

ဘွဲ့လွန်တိုင်းသည် သုတေသနကျမ်းများပြုစုကြရသည့်အတွက် မော်ကွန်းတိုက်နှင့် စာကြည့်တိုက်များကိုအားထားကြရပါသည်။ “ဘဝတက္ကသိုလ်”ဟု ဆိုနိုင်သည့်“စာကြည့်တိုက်”နှင့်“စာပေရတနာသိုက်” ဟု ဆိုနိုင်သည့်“မော်ကွန်းတိုက်”တို့သည် ပညာဗဟုသုတရှာဖွေလိုသူများအတွက် လူ့ဘောင်လူ့လောကအကျိုး၊ ရင့်ကျက်ဖွံ့ဖြိုးစေရန် အထောက်အကူပေးလျက်ရှိနေပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများ၊မော်ကွန်းတိုက်ဦးစီးဌာနသည်နိုင်ငံ၏ သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ အုပ်ချုပ်ရေး၊ စီးပွားရေးဆိုင်ရာနှင့်လူမှုပတ်ဝန်းကျင်ဆိုင်ရာများကို မှီငြမ်းကိုးကားလိုသူများထံသို့ ဖြန့်ဝေမှုပုံစံမျိုးဖြင့် ကူညီပေးနေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ နိုင်ငံအတွက်အရေးပါလှသည့် မှတ်တမ်းများအား တစုတစည်းတည်းရယူစုဆောင်းနိုင်ရန်၊ စုဆောင်းထားသော မှတ်တမ်းများအား ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်၊ တိုးတက်လာသည့် နည်းပညာများဖြင့် အသုံးပြုဆောင်ရွက်နိုင်ရန်၊ ခေတ်စနစ်နှင့်အညီ လုပ်ငန်းဆောင်ရွက်မှုများအား ပွင့်လင်းမြင်သာမှုရှိစေရန်စသည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ရည်မှန်းချက်များစွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားမော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိသည့် မှတ်တမ်းများသည် ခေတ်အဆက်ဆက်ကတည်ရှိခဲ့သော အဖွဲ့အစည်းများနှင့်ပုဂ္ဂိုလ်များက ရေးသားချမှတ်ပြုလုပ်ခဲ့သည့်မူဝါဒများ၊ ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များ၊ စီမံချက်များ၊ ဖွဲ့စည်းပုံများ၊ သမိုင်းဝင်ဓာတ်ပုံများ၊ မြေပုံများ၊ စက္ကူမဟုတ်မှတ်တမ်းများ(Non-Paper Archives) များဖြစ်သော နှုတ်ပြောသမိုင်းအချက်အလက်များ၊ မိုက်ခရိုဖစ်ချ်၊ မိုက်ခရိုဖလင်၊ စီဒီ၊ ဒီဗီဒီ၊ ဗီဒီယိုခွေ၊ အသံသွင်းတိပ်ခွေများအပါအဝင် ထင်ရှားသောလူပုဂ္ဂိုလ်တို့၏ မော်ကွန်းဝင်မှတ်တမ်းများဖြစ်ကြပါသည်။

မော်ကွန်းမှတ်တမ်းများသည် ရုံးလုပ်ငန်းများတွင် ဖြည့်စွမ်းနိုင်ခြင်း၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်စေခြင်း၊ နိုင်ငံတော်၏အရေးအရာများကို တစ်စိတ်တစ်ဒေသ ဖော်ဆောင်နိုင်ခြင်း၊ အမျိုးသားရေးရာများကို ပြန်လည်ဖော်ထုတ်နိုင်ခြင်း၊ သမိုင်း အမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်း၊ အများပြည်သူတို့၏အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ခြင်း၊ အစိုးရဌာနများမှ ရည်ညွှန်းကိုးကားနိုင်ခြင်းနှင့် သုတေသီများ မှီငြမ်းနိုင်ခြင်းစသည့် အရေးပါမှုများပါဝင်ပါသည်။

ထို့အပြင် မှတ်တမ်းများတွင်ပါရှိသော အတိတ်၏ ဖြစ်ရပ်သာဓကများမှ သင်ခန်းစာနှင့်အထောက်အထားများရယူနိုင်သည့်အပြင် လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် သမိုင်းအထောက်အထားဖြစ်တည်မှုများအတွက်လည်း အရေးကြီးလှပေသည်။

> “ဘဝတက္ကသိုလ်”ဟု ဆိုနိုင်သည့် “စာကြည့်တိုက်” နှင့် “စာပေရတနာသိုက်”ဟုဆိုနိုင်သည့် “မော်ကွန်း တိုက်”တို့သည် ပညာဗဟုသုတရှာဖွေလိုသူများအတွက် လူ့ဘောင်လူ့လောကအကျိုး၊ ရင့်ကျက်ဖွံ့ဖြိုးစေရန် အထောက်အကူပေးလျက်ရှိနေ

မော်ကွန်းတိုက်တွင် စနစ်တကျထိန်းသိမ်းထားရှိသည့် မူရင်းစစ်မှန်သည့် အထောက်အထားများအား အများပြည်သူအကျိုးရှိစွာ အသုံးပြုနိုင်ရန်၊ ပြုပြင်ပြောင်းလဲလာသော ဒီမိုကရေစီကျင့်စဉ်၊ လက်တွေ့ကျင့်သုံးနေသော ဈေးကွက်စီးပွားရေးစနစ်များနှင့် လိုက်လျောညီထွေဖြစ်စေရန်၊ မော်ကွန်းစိစစ်မှု၊ မှတ်တမ်းစီမံခန့်ခွဲမှုများကို မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ပြဋ္ဌာန်းချက်များနှင့်အညီ ခုနှစ်အလိုက်သတ်မှတ်ကာ ကြည့်ရှုခွင့်ပြုထားပါသည်။ ဌာန၏ လုပ်ငန်းများကို မူဝါဒကောင်စီနှင့် မော်ကွန်းကြီးကြပ်အဖွဲ့၏ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ဖြင့် ဆောင်ရွက်ပါသည်။

အမျိုးသားမော်ကွန်းတိုက်သည် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်ကောင်စီ၏ အဖွဲ့ဝင်ဖြစ်ပြီး ယင်းကောင်စီ၏ အရှေ့တောင်အာရှဒေသဆိုင်ရာအဖွဲ့အစည်းတွင်လည်း အဖွဲ့ဝင်ဖြစ်ပါသည်။ နိုင်ငံတကာအဆင့်ရှိ မော်ကွန်းတိုက်များကဲ့သို့ ပတ်ဝန်းကျင်သန့်ရှင်းနေစေခြင်း၊ စိမ်းလန်းစိုပြည်နေစေခြင်း၊ ဆိတ်ငြိမ်မှုရှိစေခြင်းများအပြင်

## ဒေါက်တာဥမ္မာလင်း(မော်ကွန်းတိုက်)

သဘာဝအန္တရာယ်၊ လူသတ္တဝါတို့၏ အန္တရာယ်မှကင်းဝေးစေရန်နှင့်လုံခြုံမှုရှိစေရန်၊ အလိုအလျောက် မီးငြိမ်းသတ်စနစ်၊ ရုပ်မြင်သံကြားစက်ဖြင့် အနီးကပ်ထိန်းချုပ်သော စနစ်တို့ကိုလည်း စီမံဆောင်ရွက်ထားရှိပါသည်။

“ပညာဟူသည် မြတ်ရွှေအိုး” ဆိုသကဲ့သို့ “မော်ကွန်းဟူသည် ပြည့်တန်ဖိုး” ဆိုသည့်အတိုင်း တိုင်းပြည်တစ်ပြည်၏ တန်ဖိုးနှင့်ညီမျှသည့် အမျိုးသားမော်ကွန်းတိုက်သည် အနာဂတ်ပညာရင်းနှီးမြှုပ်နှံလိုသူများအတွက် အားထားရာ အလွန်အဖိုးတန်သည့် သမိုင်းဆိုင်ရာ ဘဏ်တိုက်ကြီးပင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ နိုင်ငံနှင့်လူမျိုး၊ စာပေဖွံ့ဖြိုးစေရန်အတွက် သမိုင်းဆိုင်ရာ စာပေရောင်စုံပန်းဥယျာဉ်ကြီးနှင့် အလားသဏ္ဌာန်တူသည့် အမျိုးသားမှတ်တမ်းများ၊ မော်ကွန်းတိုက်ဦးစီးဌာနကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းကိုယ်တိုင် တက်ရောက်၍ နေပြည်တော်ရာဇသင်္ဂဟလမ်း ကုမုဒြာ ကြာပန်းအဝိုင်း အနီး၌ တိုးချဲ့ဖွင့်လှစ်လိုက်ပြီဖြစ်ပါသည်။

မှတ်တမ်းမှတ်ရာများကို ရယူ၊ သိမ်းဆည်း၊ ထိန်းသိမ်းကာ အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နေသည့် အမျိုးသားမော်ကွန်းတိုက်သည် ဌာနဆိုင်ရာများအတွက်သာမက ပြည်တွင်း၊ ပြည်ပသုတေသီများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ပါရဂူဘွဲ့ကျမ်းပြုပုဂ္ဂိုလ်များအတွက် နိုင်ငံတော်၏အကျိုးပြုလုပ်ငန်းကဏ္ဍတစ်ရပ်အနေဖြင့် အထောက်အကူပြုဝန်ဆောင်မှုပေးလျက်ရှိပါသည်။ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ပညာအရည်အသွေးရင့်ကျက်မှုနှင့် အတွေ့အကြုံဟန်ချက်မိစေရန်၊ လှသွေးစုံလင်လှသည့် ပညာပန်းများ အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်တိုင်းတွင် အဟုန်ပြည့်ဆက်လက်ပွင့်လန်းစေရန်အတွက် “ပညာပန်းများပွင့်စေဖို့ မော်ကွန်းတိုက်ကိုအားထားစို့” ဟု ရေးသားတင်ပြလိုက်ရပါသည်။


**ထက်နေလင်း (ခရီးသွားဝန်ဆောင်မှု)**

**အိမ်အရောက် (ကြို/ပို့) နေ့ချင်းပြန် (၃၅၀၀၀ဝိ/-)အပတ်စဉ်(စနေ)**

၁။မော်လမြိုင်(ဝင်းစိန်တောရ) ကျိုက္ကမီရေလယ်ဘုရား- စက်စဲ(ကမ်းခြေ)
✱ကျိုက်သလ္လံဘုရား-ဦးဇိနဆံတော်ရှင်-ကျိုက်မရော-ဆုတောင်းပြည့်ဘုရား
၂။သထုံ(ရွှေစာရံ)ဘုရား၊ ဘီးလင်း(မဲသလ္လံဆံတော်ရှင်)- ကျိုက်ပီ(ရဟန္တာ)
✱ကျိုက်ထီးဆောင်း၊ (စိမ်းလဲ့တင်) အပန်းဖြေဥယျာဉ် ခရီးစဉ်ပါဝင်သည်။

**အဆင့်မြင့် (နံနက်စာ/ ထမင်းကျွေး(၂-ကြိမ်)/ ကားခ)စရိတ်ငြိမ်း**

ဖုန်း- ၀၁-၇၀၈၄၆၄၊ ၇၀၈ ၇၉၅၊ ၀၉၂၅၄ ၃၆၂ ၀၀၅၊ ၀၉-၂၅၂ ၄၈၇ ၉၅၅



## လက်တွဲဆောင်ရွက်နိုင်ရန်ဖိတ်ခေါ်ခြင်း

| | |
|---|---|
| Chief Engineer (ME/BE-Civil) အဆောက်အအုံ | ကျား/မ ၁ ဦး |
| Project Engineer (BE/B-Tech/AGTI-Civil)အဆောက်အအုံ | ကျား/မ ၃ ဦး |
| Project Engineer (BE/B-Tech/AGTI-Civil) လမ်း/တံတား | ကျား/မ ၃ ဦး |
| Site Engineer (BE/B-Tech/AGTI-Civil) အဆောက်အအုံ/လမ်းတံတား | ကျား/မ ၇ ဦး |
| Project Manager | ကျား ၅ ဦး |
| M&E Engineer (ME/BE-Electrical/ Mechanical) | ကျား/မ ၂ ဦး |
| QC/QS (ME/BE-Civil)အဆောက်အအုံ/လမ်းတံတား | ကျား/မ ၂ ဦး |
| Surveyar | ကျား ၃ ဦး |
| ပုံဆွဲကျွမ်းကျင် | ကျား/မ ၂ ဦး |

လျှောက်ထားသူများသည် နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။ အရည်အချင်း အတွေ့အကြုံနှင့် ကြိုးစားမှုအပေါ်မူတည်၍ ထိုက်တန်သောလစာနှင့် အကျိုးခံစားခွင့်ရှိသည်။ E-mail ဖြင့် လျှောက်ထားနိုင်သည်။

**ဆက်သွယ်ရန်** - **ဧရာနဂါးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

ဖုန်း-၀၆၇-၄၂၀၅၄၃၊ ၀၉-၂၂၀၀၉၈၉၊ ၀၉-၂၄၀၀၃၂၇

**Email/ headoffice @ ayeyarnagar.com.**



## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/7898 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**



## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/3308 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**





# အင်းတော်ကြီးကန် ရေရှည်တည်တံ့ရေး ဒေသခံပြည်သူများပူးပေါင်းပါဝင်ရန် နော်ဝေနိုင်ငံသံအမတ်ကြီးဆွေးနွေး

**မိုးညှင်း မေ ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးကန်ကြီး ရေရှည်တည်တံ့စေရေးတွင် ဒေသခံပြည်သူများလည်း ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း နော်ဝေ-မြန်မာနှစ်နိုင်ငံ ပတ်ဝန်းကျင်ရေးရာကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရောက်ရှိနေသည့် နော်ဝေနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့က မေ ၁၃ ရက်တွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

နော်ဝေနိုင်ငံ သံအမတ်ကြီးနှင့်နော်ဝေနိုင်ငံ ရာသီဥတုနှင့်ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်လေးဦး ပါဝင်သည့်အဖွဲ့သည် ကချင်ပြည်နယ် ညွှန်ကြားရေးမှူး ဦးသိန်းမြင့်၊ နေပြည်တော် ဉယျာဉ်များညွှန်ကြားရေးမှူး ဦးရဲထွဋ်၊ အင်းတော်ကြီးဘေးမဲ့တော အုပ်ချုပ်ရေးမှူးဦးဌေးဝင်း၊ မိုးညှင်းမြို့နယ် ဦးစီးအရာရှိ ဦးကြည်စိုးတို့နှင့်အတူ အင်းတော်ကြီးဒေသ လုံးတုံကျေးရွာနှင့် လုံးစန့်ကျေးရွာများသို့ သွားရောက်ခဲ့ပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံခဲ့ကာ အင်းတော်ကြီးအင်း သာယာလှပရေး၊ ရေရှည်တည်တံ့နိုင်ရေးအပါအဝင် အင်းတော်ကြီးအင်းပတ်ဝန်းကျင်ဒေသ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများကလည်း တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီထိန်းသိမ်းပေးရန်လိုအပ်ကြောင်းကို ဒေသခံပြည်သူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

နော်ဝေနိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့သည် မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်လည်း အင်းတော်ကြီးအင်း သာယာလှပရေး၊ ရေရှည်တည်တံ့နိုင်ရေး၊ သဘာဝနယ်မြေများ စီမံအုပ်ချုပ်မှုနှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများ ထိန်းသိမ်းခြင်းလုပ်ငန်းစီမံကိန်းများစသည့် အင်းနှင့်ပတ်ဝန်းကျင်ဒေသ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နီတိုး(မော်လူး)**



**အပူချိန်မြင့်မားမှုကြောင့် သောက်သုံးရေကန်များခန်းခြောက်ကာ ရေအခက်အခဲနှင့် ကြုံတွေ့နေရသော ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်းရှိ အောင်သာဒါန်းကျေးရွာသို့ သောက်သုံးရေ ၂၀ လီတာဝင်ဘူးကြီး ၉၅၀ ကို ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်မှ ပရဟိတလူငယ်များနှင့် စုပေါင်းရေလှူအသင်းတို့က မေ ၁၃ ရက်တွင် သွားရောက်လှူဒါန်းစဉ်။** (အောင်သာဒါန်းကျေးရွာအပြင် ရေခလာ၊ ကဝ၊ မှိုကုန်းသာ၊ ဘိုလေး၊ သမစိတ္တနှင့် ထွန်းစိန်ကျေးရွာများသို့ စုစုပေါင်း ရေဘူး ၂၇၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။) **ကိုကျော်(သုံးခွ)**

# ကျောင်းသားကျောင်းသူ တစ်ထောင်ကျော် ပညာသင်ကြားနိုင်မည့် သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်လျက်ရှိ

**နေပြည်တော် မေ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ် ဗိုလ်ချုပ်လမ်းရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ တည်ဆောက်လျက်ရှိသည့် သုံးထပ်ကျောင်းဆောင်သစ်ကို အောက်တိုဘာလအတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

သုံးထပ်ကျောင်းဆောင်သစ်သည် အမြင့် ၃၄ ပေရှိပြီး တစ်ထပ်လျှင် အလျား ၃၀ ပေ၊ အနံ ၂၄ ပေရှိ စာသင်ခန်းခြောက်ခန်းပါဝင်သည်။ အထပ်တိုင်းတွင် သန့်စင်ခန်းခြောက်ခန်းပါဝင်ပြီးကျောင်းဆောင်သစ်တွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၁၀၀ ကျော် ပညာသင်ကြားနိုင်မည်ဖြစ်သည်။ ကျောင်းဆောင်သစ်ကို ကျောင်းသားဟောင်းလည်းဖြစ်၊ ကျောင်းအကျိုးတော်ဆောင် နာယကလည်းဖြစ်သည့် စိုးလှုပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစိုးတင့်က လှူဒါန်းတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကာရန်ခ**

# ဝါးတန်းချောင်း ရေကျော်ကွန်ကရစ်တံတား မကြာမီပြီးစီးမည်

**အရာတော် မေ ၁၇**

အရာတော်မြို့နယ် ဝါးတန်းကျေးရွာအနီး မုံရွာ-အရာတော်-ရွှေဘို လမ်းမကြီးပေါ်ရှိ ဝါးတန်းချောင်းရေကျော်တံတားတည်ဆောက်မှုများ မကြာမီပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဝါးတန်းချောင်းတံတားသည် နှစ်လုံးတွဲ ရေကျော်သုံးခုနှင့် ကျောက်ရိုးစီမြေကာနံရံအပါအဝင် အရှည်ပေ ၃၀၀ ကျော်ရှိပြီး တံတားတည်ဆောက်ပြီးစီးပါက ရာသီမရွေး ကားများသွားလာနိုင်မည်ဖြစ်သဖြင့် ကျေးလက်နေပြည်သူများအဖို့ သွားလာရေးအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

ယခင်က ဝါးတန်းချောင်းရေကျော်ရှုပ်တာပြုလုပ်ထားရာ မိုးရာသီတွင်ချောင်းရေစီးသန်သဖြင့် ဖြတ်ကူးရန်မလွယ်ကူဘဲ ယာဉ်များရပ်စောင့်နေရကြောင်း၊ ယခုအခါ ရေကျော်ကွန်ကရစ်တံတားတည်ဆောက်နေသည့်အပြင် မတ်စောက်သောလမ်းမကြီးကိုလည်း ဖြေလျှော့ကတ္တရာလမ်းသစ် ခင်းကျင်းဖောက်လုပ်ထားပြီးဖြစ်သောကြောင့် ကျေးရွာမှတစ်ဆင့် ရွှေဘိုမြို့သို့ သွားလာရေးလွယ်ကူလာတော့မည်ဖြစ်ကြောင်း ဝါးတန်းကျေးရွာမှ ပြည်သူတစ်ဦးဖြစ်သည့် ဦးတင်ဇော်က ပြောသည်။

**(မြို့နယ် ပြန်/ဆက်)**

ကြယ်ပဲ Sacha Inchi
စိုက်နည်း၊ ပျိုးနည်း
စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
ဝင်း 01-501812, 09-5117226

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(LL.B)မှ ဖုန်းဆက်သွယ်ပါ (ပိတ်ရက်မရှိ)
01-394727, 01-399426, 09-73009994
တိုက်(၃၅)၊(၈၇)လမ်း၊မြေညီထပ်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။

တရုတ်
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang
ENGLISH Conversation Practice
ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃C/၉၉၅၇၊ Suzuki Carry DA.63T P/U(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုးကြည် ၁၃/တကန(နိုင်)ဝ၉၇၄ဝ၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

MGL... EXPRESS COURIER >>>
Official International & Domestic
Door to Door Express Courier Service
OCS ANA GROUP
ဖုန်းဆက်ခေါ်ရုံဖြင့် လာယူပြီး ပို့ပေးသော တရားဝင် ပြည်တွင်း ပြည်ပ အမြန်ချောပို့

| | | | |
|---|---|---|---|
| Yangon | 01-9669588 | Monywa | 09-4211 43325 |
| Mandalay | 09-4210 89944 | Magwe/Minbu | 09-4211 25588 |
| Nay Pyi Taw | 09-4210 89933 | Taunggyi | 09-4211 35434 |
| Pyinmana | 09-4210 89933 | Lashio | 09-4201 16165 |
| Meikhtila | 09-2565 91145 | Nyaung Shwe | 09-4283 39129 |
| Bago | 09-3041 7172 | Myitkyina | 09-4500 63580 |
| Pyay | 09-3211 6360 | Moenyin | 09-4211 35440 |
| Bagan/Nyaung Oo | 09-2560 16363 | Loikaw | 09-501 9302 |
| Pakokku | 09-3352 4429 | Sittwe | 09-4967 0134 |
| Taungngu | 09-4211 35433 | Pathein | 09-4211 35432 |
| Pyin Oo Lwin | 09-4211 43328 | Mawlamyaing | 09-4210 89966 |
| Sagaing | 09-4211 25599 | Pha-an | 09-4211 43324 |
| Kalay | 09-647 2850 | Myawaddy | 09-49777 335 |
| Hakha | 09-44200 1250 | Dawei | 09-4211 43326 |
| Tee Tain | 09-4957 8292 | Myeik | 09-4211 43327 |

အထက်ပါမြို့များနှင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ အပြန်အလှန် ချိတ်ဆက်ပေးလိုက်ပါသည်။
Connecting over 30 Cities in Myanmar with rest of the world
- Online ဝယ်ယူခြင်းအတွက် ဝယ်ယူသူနှင့် ရောင်းချသူတို့ကို အထူးဝန်ဆောင်မှုပေးခြင်း။
- လချုပ်(Credit) ပေးခြင်းနှင့် Bulkmail စာများ စာရင်းမှတ် ပို့ခြင်းတို့ကို သက်သာသော နှုန်းထားဖြင့် ဆောင်ရွက်ပေးပါသည်။

Head Office : No.46/47, Myaing Hay Won Estate, Kyite Wine Pagoda Road, 8 Mile, Mayangone, Yangon. Phone : 01-9669586-87-88, 01-651627
Downtown Branch : No. 288, 40th St., (Upper), Kyauktada Tsp., Yangon.
Ph : 01-378797, 01-246667, 09-4210 89977, 09-4211 43321, 09-4211 43329

## ဝန်ထမ်းခေါ်ယူခြင်း

(ပြည်တွင်း၌သာမြန်မာကျပ်ငွေဖြင့်ခန့်ထားရန်)

ပြည်တွင်းရှိမြေသားလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်းနှင့် တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ရန်အောက်ပါဝန်ထမ်းများ လိုအပ်လျက် ရှိပါသည်-

၁။ လက်ထောက်အင်ဂျင်နီယာ — ကျား(၅)ဦး
- B.E(Civil), B.Tech(Civil), A.G.T.I(Civil) လက်မှတ်ရရှိသူ အသက်(၄၀)နှစ်အောက်၊လမ်းလုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

၂။ စာရင်းကိုင် — ကျား(၃)ဦး
- B.A(Eco), DA လက်မှတ်ကိုင်ဆောင်ထားသူ(သို့) တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီး စာရင်းဇယားရေးဆွဲခြင်း၊ စာရင်းကိုင်ခြင်း ဆောင်ရွက်နိုင်သူ၊ အသက်(၅၀)နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိသူ ဖြစ်ရမည်။

၃။ စာရင်းကိုင်အကူ — ကျား(၃)ဦး
- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ၊ အသက်(၃၀)နှစ်အောက်၊ DTP, Microsoft Office ကျွမ်းကျင်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံမရှိလျှင်သင်တန်းပေးမည်။
(လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်)

မှတ်ချက်-
၁။ အလုပ်ချိန်အတွင်း နေရာထိုင်ခင်းနှင့် စားသောက်ရေး တာဝန်ယူပါမည်။
၂။ လမ်းလုပ်ငန်းများရှိသည့် နယ်ဆိုဒ်လုပ်ငန်းခွင်များတွင် နေထိုင်လုပ်ကိုင်နိုင်သူဖြစ်ရမည်။
၃။ လျှောက်ထားလိုသူများသည် အောက်ပါ စာရွက်စာတမ်းများနှင့်အတူ တိုက်(B) (၂၀၁/၂၀၂)၊ ရွှေဂုံတိုင်၊ Delta Plaza၊ ဗဟန်းမြို့နယ်သို့ (၂၉.၅.၂၀၁၅)နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်-
ကာလာဓါတ်ပုံ(၁)ပုံ၊ CV Form ဖြည့်စွက်ပြီး လျှောက်လွှာ(၁)စောင်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း (ရပ်ကွက်/ရဲစခန်း) ထောက်ခံစာ(၁)စောင်၊ မှတ်ပုံတင်၊ သက်ဆိုင်ရာနယ်မြေ၏ အလုပ်သမားမှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ဘွဲ့လက်မှတ်တို့အား မူရင်းနှင့် မိတ္တူတစ်စောင်စီပါရှိရမည်။

ဖုန်း-၀၁-၅၅၂၉၁၉၊ ၀၁-၈၆၀၃၀၆၂

## သတင်းတိုများ

### သောက်သုံးရေရှားပါးခက်ခဲသောကျေးရွာသို့ရေများသွားရောက်ဖြန့်ဝေ

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်အတွင်းရှိ သောက်သုံးရေအခက်အခဲကြုံတွေ့နေရသော ကျေးရွာတစ်ခုဖြစ်သည့် ညောင်ဝန်းကျေးရွာမှ ပြည်သူများအတွက် သောက်သုံးရေများကို ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မေ ၁၃ ရက်က သွားရောက်ဖြန့်ဝေခဲ့ကြောင်း သိရသည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ရေကားနှစ်စီး၊ မီးသတ်ဦးစီးဌာနမှ ရေကားသုံးစီးဖြင့် ရေဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက သွားရောက်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

### သာသနာ့ဇောတိက ပညာတော်သင်ထောက်ပံ့ရေး ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

ကရင်ပြည်နယ် ဘားအံမြို့နယ် အုန်းတပင်ကျေးရွာ အုန်းတပင်တိုက်ကျောင်း၌ (၁၄)ကြိမ်မြောက် သာသနာ့ဇောတိက ပညာတော်သင်ထောက်ပံ့ရေး ဂုဏ်ပြုချီးမြှင့်ပွဲကို မေ ၁၃ ရက်က ကျင်းပခဲ့ရာ ဘားအံမြို့နယ်ရှိ ဘုန်းတော်ကြီး ကျောင်းများမှ ဓမ္မာစရိယတန်း ၁၆ ပါး၊ ပထမကြီးတန်း ခြောက်ပါး၊ ပထမလတ်တန်း သုံးပါး၊ ပထမငယ်တန်း ၁၃ ပါး၊ အခြေပြုမူလတန်း ၁၉ ပါး၊ အခြေပြုတန်း ၃၅ ပါး၊ စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၉၂ ပါးတို့အား ပညာတော်သင်ထောက်ပံ့ကြေး ဝတ္ထုငွေများကို နာယကဆရာတော်ကြီးများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

### မီးသတ်စခန်းအဆောက်အအုံသစ် မကြာမီပြီးစီးမည်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့မီးသတ်စခန်းကို (၅)ယူနစ်မီးသတ်စခန်းအဖြစ်တိုးမြှင့်၍ အာစီနှစ်ထပ်အဆောက်အအုံသစ်ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ၉၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းအားလုံး မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

### အခြေခံရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲ ကျင်းပ

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် ဟိုပန်မြို့နယ်ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံရှေးဦးပြုစုခြင်းသင်တန်း(၂/၂၀၁၅) ဆင်းပွဲကို မေ ဒုတိယပတ်က ကျင်းပခဲ့ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကျော်နိုင်က လောက်ကိုင်တိုက်ပွဲကာလတွင် တိုက်ပွဲရှောင်တိမ်းလာသော ဒုက္ခသည်ပြည်သူများအား ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်နိုင်ခဲ့ပုံများကို ပြောကြားခဲ့ပြီး မြို့နယ်ကြက်ခြေနီအသင်းမှ ဒုတိယတပ်ရင်းမှူး ဒေါ်နန်းခမ်းပန်က ကြက်ခြေနီအသင်းဝင်များ ထားရှိရမည့် စိတ်ဓာတ်များအကြောင်းကို ရှင်းလင်းပြောကြားကာ ဘက်စုံထူးချွန်ဆုနှင့် စာတွေ့လက်တွေ့ဆုများရရှိသော သင်တန်းသားများ၊ နည်းပြများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



# ဆူနာမီဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ထားဝယ် မေ ၁၇**

မိုးဦးကျကာလ ရောက်ရှိလာပြီဖြစ်သည့်အတွက် ပင်လယ်ကမ်းစပ်ရှိ ဆူနာမီရေလှိုင်း သက်ရောက်နိုင်သောရွာများတွင် သဘာဝဘေး ကျရောက်ပါက ကာကွယ်မှုပြုလုပ်နိုင်ရန်အတွက် ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုကို မေ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်လောင်းလုံးမြို့ ကျောက်ဆင်ကျေးရွာအုပ်စု သဘော့ဆိပ်ရွာရှိ ပြင်ကြီးကမ်းခြေ၌ ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကာ သဘာဝဘေးဖြစ်ပါက ရှောင်တိမ်းနည်းများ၊ သဘာဝဘေးဖြစ်ပွားချိန်တွင် ရှောင်ရန် ဆောင်ရန်အချက်များ၊ ဒဏ်ရာရသူများအား ကယ်ဆယ်ခြင်း စသည်တို့ကို လေ့ကျင့်ခဲ့ကြကြောင်းသိရသည်။ ဇာတ်တိုက်လေ့ကျင့်မှုတွင် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးနေမျိုးထွန်းနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် မြို့နယ်များမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မောင်းမကန်တိုက်နယ်ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအေးလူ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်ဆင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် ရပ်ကွက်သူရပ်ကွက်သားများ ပူးပေါင်းပါဝင်ခဲ့ကြသည်။

အဆိုပါ ဆူနာမီဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများကို တိုင်းဒေသကြီးအတွင်း အခြားကျေးရွာများ၌လည်း ဆက်လက်ပြုလုပ်သွားရန် စီစဉ်ထားကြောင်းနှင့် ကော့သောင်းမြို့နယ် ပုလုံးတုံတုံးရွာကမ်းခြေအနီးရှိ ကျေးရွာတစ်ခုခု၌ ဇွန်လအတွင်း လေ့ကျင့်မှုပြုလုပ်ရန် လျာထားသတ်မှတ်ထားကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## လေပြင်းကြောင့် ပျက်စီးခဲ့သော ဓာတ်တိုင်နှင့် ဖုန်းတိုင်များ ပြင်ဆင်ပြီးစီး

**စဉ့်ကူး မေ ၁၇**

စဉ့်ကူးမြို့နယ်တွင် မေ ပထမပတ်က မိုးသက်လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ဓာတ်တိုင်နှင့် ဖုန်းတိုင်များ ပျက်စီးခဲ့မှုကို ပြင်ဆင်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် လက်ပန်လှ ဓာတ်အားလိုင်းမှ ဓာတ်တိုင်ငါးတိုင်၊ ပြည်စိုးအောင်ရပ်ကွက်တွင် ဓာတ်တိုင်သုံးတိုင်၊ ပေါက်ကိုင်းကွေ့ကျေးရွာတွင် ဓာတ်တိုင်နှစ်တိုင်၊ စိုက်ကွင်းကျေးရွာတွင် ဓာတ်တိုင်တစ်တိုင်လဲပြိုပျက်စီးခဲ့မှုကို မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးရဲမောင်နှင့် ဝန်ထမ်းများက ပြုပြင်ပြီးစီးခဲ့ခြင်းဖြစ်ကာ ယခုအခါ ရပ်ကွက်ကျေးရွာအားလုံး ပုံမှန်အတိုင်း လျှပ်စစ်ဓာတ်အား ရရှိနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင်များ၊ ဖုန်းတိုင်များအပြင် လူနေအိမ်အချို့ပျက်စီးခဲ့ပြီး သစ်ပင်များလည်း လဲပြိုကျခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**





ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် **(R.S.E. လက်မှတ်)** ထုတ်ပေးနိုင်ရန် အင်ဂျင်နီယာအဆင့် ရေးဖြေစာမေးပွဲစစ်ဆေးခြင်း **(EAWE) ပထမအဆင့် (Part 1)** စာမေးပွဲအချိန်စာရင်းကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်–

| | | |
|---|---|---|
| စာမေးပွဲ ကျင်းပမည့်ရက်စွဲ | – | ၃၁–၅–၂၀၁၅ (တနင်္ဂနွေနေ့) |
| စာမေးပွဲ ကျင်းပမည့်အချိန် | – | ၉:၃၀ – ၁၁:၃၀ (မနက်ပိုင်း နှစ်နာရီမေးခွန်း) ၁:၃၀ – ၃:၃၀ (ညနေပိုင်း နှစ်နာရီမေးခွန်း) |
| စာမေးပွဲ ကျင်းပမည့်နေရာ | – | ရန်ကုန်နည်းပညာတက္ကသိုလ် YTU ကြို့ကုန်း၊ ရန်ကုန်မြို့။ |

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၀၁ ၂၅၁၂၁၃၊ ၇၀၃၂၇၆




21 AD @ BILLBOARD ADVERTISING

ရန်ကုန် (ဆူးလေဘုရားလမ်း / ဗိုလ်ချုပ်ဈေး/မင်းဓမ္မ-ပြည်လမ်းမီးပွိုင့်/လှိုင်သာယာ BOCအဝိုင်း/ ညောင်ပင်လေးဈေး/ သမိုင်းလမ်းဆုံ/ကန်တော်ကြီးဖော်ကီကွင်း)

နေပြည်တော် (ရာဇဌာနီလမ်း နှင့်ပန်းခင်းလမ်းထောင့်မီးပွိုင့်/ နေပြည်တော် အဝင်ဝစီလမ်းဆုံ)

ရန်ကုန် - မန္တလေးအမြန်လမ်း (၁၁၅မိုင်နားနေစခန်းအနီး/နေပြည်တော်နားနေစခန်း/ နေပြည်တော် TOLL-GATE)

www.21advertising.net/ ကြော်ငြာများတပ်ဆင်ရန်

မုံရွာ (ပြည်ထောင်စုလမ်းနှင့် ကျောက္ကာလမ်းထောင့်မီးပွိုင့်)

ပုသိမ် (ရန်ကုန် - ပုသိမ်ကားလမ်း ရွှေရုပ်တုအဝိုင်းအနီး/မဟာဗန္ဓုလလမ်း ပုသိမ်တက္ကသိုလ်ရှေ့)

မော်လမြိုင် (အထက်လမ်းမကြီးနှင့် အရာတော်လမ်းထောင့်)

လားရှိုး (ပြည်ထောင်စုလမ်းမကြီး လမ်းလယ်ကျွန်း မဟာဗျူဟာလမ်းထောင့်)

မိတ္ထီလာ (ရန်ကုန်မန္တလေးလမ်းဟောင်း သိဒ္ဓိအောင်လမ်းထောင့်/ရန်ကုန်မန္တလေးလမ်းဟောင်း ရထားပို့ဆောင်ရေးရှေ့)

၂၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 ☎ 373036 09 73043672 09 73200189 09 73200201

# သူငယ်တန်းဆရာ ဆရာမများ လေ့ကျင့်သင်တန်းပေးရေး ဆွေးနွေး

**ရန်ကုန် မေ ၁၇**

အရည်အသွေးပြည့်ဝသော သူငယ်တန်းပြ ဆရာဆရာမများ မွေးထုတ်ပေးနိုင်ရေးအတွက် လေ့ကျင့်သင်တန်းပေးရေး ဆွေးနွေးပွဲကို ရန်ကုန်မြို့ ရန်ကင်း ပညာရေးကောလိပ်၌ မေ ၁၅ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်က ဆက်စပ်ဝန်ကြီးဌာန၊ ဦးစီးဌာန၊ အဖွဲ့အစည်းများနှင့် ပညာရေးမိတ်ဖက်အဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြမှသာ အခြေခံပညာရေး၏အုတ်မြစ်ဖြစ်သော သူငယ်တန်းပြ ဆရာဆရာမများကို အရည်အသွေးပြည့်ဝအောင် သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး အမျိုးသားပညာရေးအကြံပေး ဒေါက်တာဝင်းအောင်က သူငယ်တန်း သင်ရိုးဆိုင်ရာများ၊ သူငယ်တန်းသင်ရိုးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မျိုးမြင့်ကြူက အဖွဲ့၏ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမွန်ဦးက သူငယ်တန်းပြဆရာဆရာမများ သင်တန်းဖွင့်လှစ်ရေးနှင့် အခြေခံပညာဦးစီးဌာန ကိုယ်စားလှယ်တစ်ဦးက လက်တွေ့လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့သည်။ ထို့နောက် CESR နှင့်သင်ရိုးညွှန်းတမ်းဆိုင်ရာအကြံပေး ဒေါက်တာမြင့်သိန်းက လုပ်ငန်းအတွေ့အကြုံများကိုပြောကြားပြီး မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲက သူငယ်တန်းသင်ရိုးနှင့် သင်တန်းပေးရေး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ပြောကြားခဲ့သည်။ ထို့နောက် သူငယ်တန်းပြဆရာ ဆရာမများ လေ့ကျင့်သင်ကြားပေးရေးဆိုင်ရာများကို အဖွဲ့ငါးဖွဲ့ခွဲ၍ ဆွေးနွေး ခဲ့သည်။

မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်စာရင်းအရ မူလတန်းအဆင့်ရှိ အခြေခံပညာကျောင်း ၃၇၅၇၉ ကျောင်း၊ ဘုန်းတော်ကြီး ပညာသင်ကျောင်း ၁၀၂၁ ကျောင်းနှင့် ပုဂ္ဂလိကကျောင်း ၄၄ ကျောင်းရှိပြီး သူငယ်တန်းဆရာဦးရေမှာ အခြေခံပညာကျောင်း၌ ၃၇၄၆၆ ဦး၊ ဘုန်းတော်ကြီး ပညာသင်ကျောင်း၌၁၁၀၃ ဦးနှင့် ပုဂ္ဂလိကကျောင်း ၄၄ ကျောင်း၌ ၁၀၁ ဦးရှိကြောင်း သိရသည်။

**ခင်ချိုဝင်း**

# ရေရှားပါးသောကျေးရွာများသို့ သောက်ရေ ၅၇၀၀ ဂါလန်ဖြန့်ဝေလှူဒါန်း

**တောင်သာ မေ ၁၇**

မြင်းခြံခရိုင်တောင်သာမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးမှုကြုံတွေ့နေကြရသော ကျေးရွာများဖြစ်သည့် သန်းပင်ကုန်းကျေးရွာ၊ ဝါးကြီးအိုင်ကျေးရွာ၊ ခိုဇင်ကျေးရွာ၊ ရွာတန်းရှည်ကျေးရွာ၊ သန်းတန်းကျေးရွာနှင့် ကုန်းတန်းကျေးရွာများမှ ပြည်သူများအတွက် သောက်သုံးရေဂါလန် ၅၇၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး၏ အစီအစဉ်ဖြင့် ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့များမှ ရေသယ်ယာဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရေသယ်ယာဉ်များဖြင့် မေ ၁၄ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



တောင်သာမြို့နယ်သည် ပူပြင်းခြောက်သွေ့သော မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် တည်ရှိကာ ယခင်နှစ်က တစ်နှစ်လုံးမိုးရွာသွန်းမှု ၁၆ ဒသမ ၉၀ လက်မသာရွာသွန်းခဲ့ပြီး အပူချိန်မှာလည်း ယခင်နှစ်က ၄၂ ဒီဂရီရှိခဲ့ရာမှ ယခုနှစ်တွင် ၄၆ ဒီဂရီအထိ မြင့်တက်လာကာ ရေတွင်း၊ ရေကန်များတွင် ရေများခန်းခြောက်လျက်ရှိသည်။

ထို့ကြောင့် တောင်သာမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအနေဖြင့် သောက်ရေအတွက် အခက်အခဲများဖြစ်ပေါ်လျက်ရှိရာ မြင်းခြံခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ကျေးရွာများအရောက်ကွင်းဆင်း၍ သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**



# ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

**ကျွန်းစု မေ ၁၇**

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးအတွက် လုံခြုံရေးဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းကို ကျွန်းစုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ မေ ဒုတိယပတ်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းထွန်းလွင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် မြို့နယ်လဝကဦးစီးမှူးတို့က ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးနှင့်ပတ်သက်၍ သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ နယ်မြေရဲစခန်းများမှ စခန်းမှူးများ အပါအဝင် ၄၃ ဦးတက်ရောက်ခဲ့သည်။ သင်တန်းများကို နယ်မြေရဲစခန်းများတွင်လည်း စခန်းမှူးများက ရဲတပ်ဖွဲ့ဝင်များထံ ဆက်လက်သင်ကြားပို့ချသွားမည်ဟု သိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**


**ဖခင်အမည်မှန်**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အမက အရှေ့ရပ်ကျောင်း၊ စတုတ္ထတန်းမှ မောင်စိုင်းပြည့်ဖြိုးဟိန်း၊ ပထမတန်းမှ မောင်ဥက္ကာဖြိုးနှင့် မောင်ဟိန်းခေတ်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆန် ၁/မကန(နိုင်)၀၆၉၀၉၃ ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် 6G/8180 Toyota Hilux Vigo Kun-15 P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဝင်း ၈/ခမန(နိုင်)၁၂၇၄၇၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

**(N.G.E.S) အင်္ဂလိပ်စာသင်တန်း**
**ပုံမှန်(စနေ၊တနင်္ဂနွေ) တန်းခွဲများ**

- အင်္ဂလိပ်စကားပြော၊ သဒ္ဒါနှင့်အရေးအဖတ်(၃နှစ်ခွဲမှ ၅နှစ်) (၅နှစ်မှ ၁၆နှစ်) (English For Speaking, Listening, Reading & Grammar) + (Essay, Letter, Diary, Portfolio & Story Writing)
- Essays နှင့် Letters တို့ စာအုပ်လွတ်၊ ဆရာလွတ်၊ လက်တန်းရေးသားတတ်စေရန် (အစိုးရကျောင်းသင်ရိုးကိုပါ အထောက်အကူပြုနိုင်ပါသည်။)
- Starters, Movers & Flyers, KET, PET & FCE - Cambridge ESOL (UK)မှ အောင်လက်မှတ်များ ရရှိရန် စီစဉ်သင်ကြားပေးခြင်း

**ဇွန်-တန်းခွဲသစ်များ အတွက်စတင်လက်ခံနေပြီ** မေလလျှော့ (5%) OFF

အမှတ်(၄၉)၊၅-လမ်း(လမ်းတို)၊Junction Mawtin အနီး၊ လမ်းမတော်မြို့နယ်။ 09-5079896,09-5005219,09-799676100







# နာပိုလီရဲ့ ချန်ပီယံလိဂ်ဝင်ခွင့်တိုက်ပွဲ



ရာသီကုန်ချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ ယူရိုပါလိဂ်ဝင်ခွင့်တွေအတွက် အားကုန်ထုတ်လာတဲ့အသင်းတွေကြောင့် ပြင်းထန်တဲ့ယှဉ်ပြိုင်မှုတွေဖြစ်ပေါ်နေတဲ့ အီတလီစီးရီးအေမှာတော့ မေ ၁၈ ရက်ညပိုင်းမှာ နာပိုလီနဲ့ စီဆီနာ၊ ဖီအိုရင်တီးနားနဲ့ ပါးမားတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ဘယ်အသင်းတွေ ရလဒ်ကောင်းအောင် ဆောင်ကြဉ်းနိုင်ကြမလဲဆိုတာ ရင်ခုန်စရာတော့ကောင်းနေပြီဖြစ်ပါတယ်။

## နာပိုလီနှင့် စီဆီနာ

နာပိုလီအတွက် စိန်ခေါ်မှုပြင်းထန်စေမယ့်ပွဲပါပဲ။ အနိုင်ရမှဖြစ်မယ့် အနေအထားကြောင့် နာပိုလီဟာ အိမ်ကွင်းဆိုပေမယ့် ခြေကုန်ထုတ်ပါလိမ့်မယ်။ နာပိုလီရဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် အမ်ပိုလီအသင်းကိုသာ ရှုံးပြီး ကျန်လေးပွဲနိုင်ပွဲရထားပါတယ်။ ငါးပွဲမှာ ၁၄ ဂိုး သွင်းယူထားနိုင်တဲ့ နာပိုလီရဲ့ ခြေစွမ်းကကောင်းမွန်နေတာမို့ စီဆီနာခံစစ်ကြောင်းကို ထိုးဖောက်ဂိုးသွင်းနိုင်မလား ကြည့်ရမယ့်ပွဲဖြစ်ပါတယ်။ နာပိုလီဟာ စတုတ္ထနေရာမှာ ရပ်တည်နေပေမယ့် ဖီအိုရင်တီးနားနဲ့ ငါးမှတ်သာကွာဟနေတာမို့ အခုပွဲကို အလေးထားကစားမှုရပါလိမ့်မယ်။ စီဆီနာကတော့ တန်းဆင်းဖို့ ဟန်ပြင်နေတဲ့ အသင်းဖြစ်ပြီး လက်ကျန်ပွဲတွေကို အားလုံးအနိုင်ကစားပြီး တန်းမဆင်းရေး အသက်ရှုည်ရှင်သန်ခွင့်ကို ဖန်တီးမှာဖြစ်ပါတယ်။ ဒါပေမယ့် စီဆီနာရဲ့ နောက်ဆုံးငါးပွဲ ကစားခဲ့တဲ့ခြေစွမ်းကိုကြည့်ရင် တစ်ပွဲမှ နိုင်ပွဲမရခဲ့တာမို့ ခြေစွမ်းက အားရစရာမရှိပါဘူး။ နာပိုလီကွင်းမှာ စီဆီနာတို့ နောက်ဆုံးသုံးပွဲလာရောက်ကစားခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် တစ်ပွဲမှ နိုင်ပွဲမရခဲ့တာမို့ အခုပွဲတော့ အနိုင်ကစားမလား ကြည့်ရမှာပါ။ ဒါပေမယ့် အမှတ်လိုအပ်နေတဲ့ နာပိုလီရဲ့ ပြင်းပြတဲ့ စိတ်ဓာတ်နဲ့ ကျော်ဖြတ်အနိုင်ယူမှုကို စီဆီနာတို့ ခွင့်ပြုရမယ့် အနေအထားပါပဲ။

## ဖီအိုရင်တီးနားနှင့် ပါးမား

ဥရောပဝင်ခွင့်အတွက် နာပိုလီရဲ့ အတိမ်းအစောင်းဖြစ်မှုကို အခွင့်အရေးယူမယ့် ဖီအိုရင်တီးနားတို့ကတော့ ဒီပွဲမှာ အနိုင်ရရေးကိုဦးတည်ပြီး ကြိုးစားတော့မှာ ဖြစ်ပါတယ်။ ယူရိုပါလိဂ်အတွက် ခိုင်မာတဲ့ရပ်တည်မှုကို ဖော်ဆောင်မယ့် ဒီပွဲမှာတော့ ဖီအိုရင်တီးနားတို့ အမာခံကစားသမားတွေ လူစုံထုတ်ပြီး ပါးမားကို ဖိအားပေးမှာဖြစ်ပါတယ်။ ဖီအိုရင်တီးနားရဲ့ နောက်ဆုံးငါးပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲသာနိုင်ထားပြီး ကျန်သုံးပွဲရှုံးထားပါတယ်။ စီဆီနာနဲ့ အမ်ပိုလီတို့ကို အနိုင်ကစားခဲ့လို့ ယူရိုပါလိဂ်ဝင်ခွင့် မျှော်လင့်ချက်ရှင်သန်လာတဲ့ ဖီအိုရင်တီးနားတို့ကတော့ ပါးမားကို အခွင့်အရေးပေးမှာတော့မဟုတ်ပါဘူး။ အိမ်ကွင်းမှာဆိုရင် ရလဒ်ကောင်းအောင်ကစားနိုင်တဲ့ ဖီအိုရင်တီးနားတို့ဟာ အခုပွဲမှာ ပါးမားကို ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်ရေး အစစအရာရာပြင်ဆင်လာပါလိမ့်မယ်။ ပါးမားတို့ကတော့ နောက်ဆုံးငါးပွဲ ကစားခဲ့တဲ့ ရလဒ်တွေကို ကြည့်ရင် ပါလာမိုကိုအိမ်ကွင်းမှာ နိုင်ပွဲရခဲ့တာကလွဲပြီး ကျန်ပွဲစဉ်တွေ ရှုံးပွဲကြုံခဲ့တာမို့ ဒီပွဲမှာ ရလဒ်ကောင်းအောင် ပြန်ကြိုးစားလာမလားကြည့်ရမှာပါ။ ဒါပေမယ့် တန်းဆင်းဖို့ ခြေလှမ်းပြင်နေတဲ့ ပါးမားဟာ ဘဏ္ဍာရေးအခြေအနေတွေကြောင့် ခုနစ်မှတ်လျှော့ခံထားရလို့ ကစားသမားတွေရဲ့ စိတ်ဓာတ်ကို ထိခိုက်လျက်ရှိပါတယ်။ ဒါကြောင့် ဒီပွဲဟာ ဖီအိုရင်တီးနားတို့အတွက် အကောင်းဆုံးအခွင့်အရေးတစ်ရပ်အဖြစ် အသုံးချနိုင်ခဲ့ရင်တော့ ယူရိုပါလိဂ်အတွက် ခိုင်မာသေချာတဲ့ ရပ်တည်မှုနဲ့ သိက္ခာရှိစွာ ဒီနှစ်ရာသီကို ကုန်ဆုံးနိုင်မှာဖြစ်ပါတယ်။ အကြိုက်က ဖီအိုရင်တီးနားတို့ဖြစ်ပြီး အနိုင်ကစားမှာကလည်း ဖီအိုရင်တီးနားတို့ပဲဖြစ်မှာပါ။ ။

➢➢ မိုးမြင့်လင်းလက်

## အိုးထရက်ဖို့ဒ်ကို ကျောခိုင်းသွားဖွယ်ရှိနေတဲ့ ဒီဂီယာ



စပိန်ဂိုးသမား ဒီဂီယာအနေဖြင့် ပရီမီယာလိဂ်မှာ အစွမ်းပြကစားနိုင်ခဲ့ပေမယ့် မန်ယူမှ ထွက်ခွာသွားရမယ့် အနေအထားရှိနေပါတယ်။ မန်ယူမှ ထွက်ခွာဖို့ ဆုံးဖြတ်ထားတဲ့ ဒီဂီယာနေရာမှာ အစားထိုးဖို့ အစီအစဉ်ရှိတယ်လို့ နည်းပြဗန်ဟားလ်က ပြောဆိုလိုက်ပါတယ်။ စပိန်ဂိုးသမား ဒေးဗစ်ဒီဂီယာဟာ လာမယ့်ရာသီမှာ မန်ယူနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက် တမ်းကုန်ဆုံးမှာ ဖြစ် ပါတယ်။ မန်ယူကလည်း သူ့ကို စာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်းထားခြင်း မရှိသေးပါဘူး။ အသက် ၂၄ နှစ် အရွယ်ရှိပြီဖြစ်တဲ့ ဂိုးသမားဒီဂီယာဟာ မန်ယူနဲ့အတူ အစွမ်းပြကစားခဲ့တာ မှန်ပေမယ့် ထွက်ခွာသွားနိုင်တဲ့ အနေအထားကြောင့် မန်ယူကလည်း သူ့နေရာမှာ အစားထိုးဖို့စီစဉ်ထားပြီလို့ ဆိုပါတယ်။ စပိန်မှလာသော သတင်းများအရ ဒီဂီယာဟာ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ဖို့ စီစဉ်ထားတယ်လို့ဆိုပါတယ်။ ၂၀၁၁ ခုနှစ်က အိုးထရက်ဖို့ဒ်ကို ရောက်လာတဲ့ ဒီဂီယာကို မန်ယူမှာ ဆက်နေဖို့ ငွေကြေးအမြောက်အမြားပေးပြီး ယခုနှစ်အစောပိုင်းက ကမ်းလှမ်းခဲ့တယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ သူ့ကို ဒီမှာပဲ ဆက်ကစားစေချင်ပါတယ်။ ထပ်ပြီးတော့လည်း စာချုပ်ချုပ်ပါတယ်လို့ နည်းပြဗန်ဟားလ်က ဆိုပါတယ်။

ကောင်းမြတ်သူ စုစည်းသည်။

## ငွေပုံအောခေါ်ယူမယ့် ပရီမီယာလိဂ် အပြောင်းအရွှေ့ရာသီ



လာမယ့် ဇန်နဝါရီလဟာ ဘောလုံးသမား အပြောင်းအရွှေ့ရာသီဖြစ်ပါတယ်။ ဒီအပြောင်းအရွှေ့ရာသီမှာ ပရီမီယာလိဂ်ထိပ်သီးကလပ်တွေအနေနဲ့ ကစားသမားကောင်းတွေကို ငွေပုံအောပြီး အပြိုင်ခေါ်ယူသွားဖွယ်ရှိနေတယ်လို့ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ခန့်မှန်းပြောကြားလိုက်ပါတယ်။ ဒီအထဲမှာမှ မန်ယူကတော့ ပိုပြီးတက်ကြွနေတယ်လို့ အာဆင်နယ်နည်းပြ ဝင်းဂါးက ဆိုပါတယ်။ မန်ယူက ပီအက်စ်ဗွီတောင်ပံတိုက်စစ်မှူး မမ်ဖစ်ဒီပေးကို ပေါင် ၃၁ သန်းနဲ့ ခေါ်ယူဖို့ သဘောတူထားခြင်းဖြင့် မန်ယူရဲ့ တက်ကြွမှုကို တွေ့ရမှာဖြစ်ပါတယ်လို့ ဝင်းဂါးက ဆိုပါတယ်။ သို့ပေမယ့် ချယ်လ်ဆီးနည်းပြကတော့ ဖလားဆွတ်ခူးနိုင်ခဲ့တဲ့အသင်းအနေနဲ့ အများကြီး အပြောင်းအလဲလုပ်မှာ မဟုတ်ဘူးလို့တော့ ပြောဆိုလိုက်ပါတယ်။ “ကျွန်တော်တို့အသင်းရဲ့အနေအထားက ကောင်းပါတယ်။ အသင်းက တည်ငြိမ်မှုရှိပါတယ်။ များများစားစား အပြောင်းအလဲလုပ်ဖို့ မလိုပါဘူး”လို့ မော်ရင်ဟိုက ထပ်လောင်းပြောဆိုလိုက်ပါတယ်။ မန်ယူနည်းပြဗန်ဟားလ်အနေနဲ့ ပြီးခဲ့တဲ့နှစ်က ကစားသမားခေါ်ယူခဲ့ရာမှာ ပေါင်သန်း ၁၅၀ အထိ သုံးစွဲခဲ့ပါတယ်။ ဒီနှစ်မှာလည်း ဗန်ဟားလ်အနေနဲ့ ထိုပမာဏထက်ပိုပြီး သုံးစွဲနိုင်ဖွယ်ရှိတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ရီးရဲတိုက်စစ်မှူး ဂါရက်ဘေးလ်နဲ့ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းတို့ကို ခေါ်ယူလိမ့်မယ်လို့ ထင်ကြေးပေးခြင်းကိုတော့ ဗန်ဟားလ်က ငြင်းဆိုထားပါတယ်။

## ၂၀၁၅ ခုနှစ် အမြန်ဆုံးအပြေးသမားဖြစ်လာတဲ့ ဂျပ်စတင်းဂတ်လင်း



အမေရိကန်အပြေးသမား ဂျပ်စတင်းဂတ်လင်းဟာ ကာတာနိုင်ငံ ဒိုဟာမြို့မှာ ကျင်းပတဲ့ ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀ ပြေးပွဲမှာ စံချိန် ၉ ဒသမ ၇၄ စက္ကန့်နဲ့ ပန်းဝင်ခဲ့ပါတယ်။ ဂတ်လင်းရဲ့ စံချိန်ကတော့ ဒီနှစ်ထဲမှာ အမြန်ဆုံးစံချိန်ဖြစ်ပါတယ်။ မီတာ ၁၀၀ ပြေးပွဲမှာ သူ့လောက်မြန်အောင်ပြေးနိုင်တဲ့ အပြေးသမား ဒီနှစ်ထဲမှာတော့ မရှိသေးပါဘူး။ သူဟာ အမြန်ဆုံးပါပဲ။ ဆေးသုံးစွဲမှုနဲ့ပတ်သက်ပြီး နှစ်ကြိမ်တိုင်ပိတ်ပင်ခံထားရတဲ့ ဂတ်လင်းဟာ ဒီနှစ်ထဲမှာတော့ အကောင်းဆုံးအပြေးသမားလို့ ဆိုပါတယ်။ သူဟာ ခြောက်ကြိမ်မြောက် အမြန်ဆုံးစံချိန်ကို တင်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဂျမေကာနိုင်ငံက ယိုဟမ်းဘလိတ် ၂၀၁၂ ခုနှစ် ဩဂုတ်လက မီတာ ၁၀၀ ပြေးဆွဲမှာ စံချိန် ၉ ဒသမ ၆၉ စက္ကန့်နဲ့ စံချိန်တင်ပြီးနောက် အဲဒီစံချိန်ကို ဂတ်လင်းက ခြောက်ကြိမ်မြောက်အထိ စံချိန်ချိုးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ မကြာသေးမီက ဂျမေကာအပြေးသမား ပိုဝဲကလည်း မီတာ ၁၀၀ ပြေးပွဲမှာ ၉ ဒသမ ၈၄ စက္ကန့်နဲ့ စံချိန်တင်နိုင်ခဲ့ပါတယ်။ ကမ္ဘာ့အမြန်ဆုံးလူသား အူစိန်ဘော့လ်တ်ရဲ့ ၂၀၀၉ ခုနှစ်က စံချိန် ၉ ဒသမ ၅၈ စက္ကန့်ကိုတော့ လက်ရှိအချိန်အထိ ဘယ်သူမှ ချိုးနိုင်ခြင်းမရှိသေးပါဘူး။



ဖုန်းခေါ်ဆိုခ အနည်းဆုံး
စာရင်းသွင်းပြုလုပ်ရန် *5555# ကိုခေါ်ဆိုပါ။
ရက် ၃၀ စာရင်းသွင်းခ ၅၀၀ ကျပ်
ooredoo
၁မိနစ်
၂၀
ကျပ်
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို
www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။
ooredoo.com.mm
You Tube


မြန်မာ - ကိုရီးယား နှစ်နိုင်ငံ သံတမန် ချစ်ကြည်ရေး နှစ် (၄၀) ပြည့်
Samsung Myanmar ၏ ဂုဏ်ပြုအစီအစဉ်
ဝယ်ယူသူများအတွက် အထူးလက်ဆောင်
SAMSUNG
Galaxy S6
DUOS
Original Clear View Cover
Power Bank
SAMSUNG
Galaxy S6 edge
Power Bank
သတ်မှတ်ကာလ - ၁၀ မေလ မှ ၇ ဇွန်လ ၂၀၁၅ အတွင်း ဝယ်ယူသူများသာ
သတ်မှတ်ကာလအတွင်း ဝယ်ယူသူများသည် လက်ဆောင်ရယူနိုင်ရန်အတွက် Hot Line - 09970498724 နှင့် 09970498725 သို့ ဆက်သွယ်၍ မိမိတို့၏ အမည်၊ မှတ်ပုံတင်နံပါတ်၊ ဝယ်ယူခဲ့သည့်ဆိုင်၊ ဝယ်ယူခဲ့သည့်နေ့၊ IMEI နံပါတ်၊ ဆက်သွယ်ရန်လိပ်စာ နှင့် ဖုန်း တို့ကို မနက် ၉ နာရီမှ ညနေ ၆ နာရီ (ရုံးပိတ်ရက်များမှအပ) ဆက်သွယ်အကြောင်းကြားပေးရပါမည်။ Samsung Myanmar မှ တိုက်ဆိုင်စစ်ဆေး၍ လက်ဆောင်များအား (၇) ရက်အတွင်း အိမ်တိုင်ရာအရောက် ပို့ဆောင်ပေးသွားပါမည်။
လက်ဆောင်ရရှိမည့် အမှတ်တံဆိပ်၊ ပုံစံ နှင့် အရောင် ကွဲလွဲမှု ရှိနိုင်ပါသည်၊ အရောင် ရွေးချယ်ခွင့် မရှိပါ။
Samsung Myanmar မှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်းဖြစ်ပြီး၊ Samsung Myanmar ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
SAMSUNG
www.facebook.com/samsungmobilemyanmar
Samsung Customer Contact Center - 01 2399888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)

# ဂျပန်ဦးနှောက်ရောင်ရောဂါ ပြန်လည်ဦးမော့မလာရေး ကာကွယ်ဆေးထိုးနှံပေး

**ဂျပန်ဦးနှောက်ရောင်ရောဂါ (Japanese Encephalitis)JE သည် မြန်မာနိုင်ငံတွင် ၁၉၇၄ ခုနှစ်မှစ၍ စတင်ဖြစ်ပွားခဲ့ပြီး ရခိုင်ပြည်နယ်တွင် ၁၉၇၉ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သည်။ နှစ်အတန်ကြာ ပျောက်ကွယ်နေခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ပြန်လည်ဖြစ်ပွားခဲ့သည်။ ၄င်းနောက် ၂၀၁၁ ခုနှစ်မှစ၍ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ပိုမိုဖြစ်ပွားလာကာ မြို့နယ်ရှစ်မြို့နယ်တွင် ဖြစ်ပွားမှုနှုန်းမြင့်မားခဲ့ပြီး ဂျပန်ဦးနှောက်ရောင်ရောဂါပိုးကြောင့် ရခိုင်ပြည်နယ်တစ်ဝန်းလုံးတွင် ဆေးရုံများသို့ တက်ရောက်ကုသသူ ၅၂ ဦးအနက် ၁၁ ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။**

**အမေး၊ အရေး**
**လေးဝတီထွန်းစောခိုင်**

၂၀၁၄ ခုနှစ် မိုးရာသီတွင် အဓိကဖြစ်ပွားခဲ့သဖြင့် ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်ခဲ့ကြရသည်။ ယင်းရောဂါ ပြန်လည်ဦးမော့ပြီး ဖြစ်ပွားမှုနှုန်း မြင့်လာမည်ကို စိုးရိမ်ကြောင့်ကြနေကြဆဲဖြစ်သည်။ ယခုအခါ အဆိုပါရောဂါဖြစ်ပွားခဲ့သော စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ပေါက်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားနှင့် မြေပုံမြို့နယ်များတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဂျပန်ဦးနှောက်ရောင်ရောဂါ တုံ့ပြန်ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းကို မေလအတွင်း ဆောင်ရွက်သွားမည်ဟု သိရှိရသဖြင့် ပြည်သူလူထု အသိပေးတင်ပြနိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ အခုရခိုင်ပြည်နယ် ရှစ်မြို့နယ်မှာ ထိုးနှံပေးသွားမယ့် ဂျပန်ဦးနှောက်ရောင်ရောဂါ တုံ့ပြန်ကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်တွေကို သိပါရစေ။**

ဖြေ။ ။ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေကို ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်စေဖို့ ယခင် ကျန်းမာရေးဦးစီးဌာနကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနဆိုပြီး ယခုဖွဲ့စည်းပေးထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ ပြည်သူလူထု ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေး၊ ရောဂါကာကွယ်နှိမ်နင်းရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အဓိကထား ဆောင်ရွက်ရပါတယ်။ အဲ့ဒီအထဲမှာ ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်း ကျဆင်းရေးနှင့် မွေးမိခင်သေဆုံးမှုနှုန်း ကျဆင်းရေးတို့ကို ဦးစားပေး ဆောင်ရွက်နေပါတယ်။ ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်း ကျဆင်းရေးကို ဆောင်ရွက်ရာမှာ ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရတဲ့ ရောဂါတွေကို ကာကွယ်ရေးဟာလည်း တစ်ခုပါဝင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလို ကာကွယ်လို့ရတဲ့ရောဂါတွေကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် အာဆီယံဒေသအတွင်း ကာကွယ်ဆေးတွေနဲ့ ကာကွယ်ဆောင်ရွက်ပေးနေပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကတော့ ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရတဲ့ရောဂါ ၁၁ မျိုး သတ်မှတ်ထားပါတယ်။ မြန်မာနိုင်ငံမှာတော့ ရောဂါကိုးမျိုးကို ကာကွယ်ဆေး ထိုးပေးနေပါပြီ။ နောက်ထပ်နှစ်မျိုးဖြစ်တဲ့ အဆုတ်ရောင်ရောဂါကာကွယ်ဆေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးများကို ၂၀၁၆ ခုနှစ်မှာ ထိုးနှံပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ကာကွယ်ဆေးထိုး လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာလည်း ယခင်က အလှူရှင်နိုင်ငံတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပေမယ့် ၂၀၁၂ ခုနှစ်ကစပြီး နိုင်ငံတော်အစိုးရရဲ့ ရန်ပုံငွေနဲ့ ဆောင်ရွက်ပေးနေပါတယ်။ ကာကွယ်ဆေးတွေကို ထိုးနှံပေးရာမှာလည်း ဖြစ်ပေါ်လာတဲ့ အခြေအနေအရ ထိုးနှံပေးရတာလည်း ရှိပါတယ်။ ရခိုင်ပြည်နယ်မှာ ဂျပန်ဦးနှောက်ရောင် တုံ့ပြန်ကာကွယ်ဆေးထိုးရတာကတော့ ၂၀၁၄ ခုနှစ် ရခိုင်ပြည်နယ်မှာ ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားနှုန်းမြင့်မားခဲ့တာကြောင့် ဖြစ်ပါတယ်။ ရှစ်မြို့နယ်မှာ အသက် ၁၅ နှစ်အောက် ကလေးတွေ ၅၀ ကျော် ဖြစ်ပွားပြီး ၁၀ ကျော် သေဆုံးခဲ့တာ တွေ့ရပါတယ်။ ဒါကလည်း ကျန်းမာရေး ပြဿနာတစ်ခုလို ဖြစ်ခဲ့ရပါတယ်။ ဒီကျန်းမာရေး ပြဿနာကိုဖြေရှင်းဖို့အတွက် အဲ့ဒီအချိန်ကစပြီး ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ခဲ့တာပါ။ ဒါကြောင့်လည်း ၂၀၁၅ ခုနှစ်မှာ ကာကွယ်ဆေးထိုးပေးရန် စီစဉ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီအသုံးစရိတ်တွေဟာ အလှူရှင်တွေရဲ့ လှူဒါန်းမှုတွေ မပါဝင်ပါဘူး။ နိုင်ငံတော်ရဲ့ ကျန်းမာရေးအသုံးစရိတ်တွေက ကျခံသုံးစွဲတာ ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးတဲ့အခါလည်း ကျန်းမာရေးဝန်ထမ်းတွေက ထိုးပေးသွားမှာဖြစ်ပြီး ကာကွယ်ဆေးထိုးလုပ်ငန်းအောင်မြင်ဖို့အတွက် အဆင့်ဆင့်သော အထွေထွေအုပ်ချုပ်ရေးဌာနတွေက ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့လည်း လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ပေးရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွေနဲ့ လူမှုအဖွဲ့အစည်းတွေကို အစီအစဉ်တွေကိုချပြပြီး ဖြစ်ပါတယ်။

**မေး။ ။ ဂျပန်ဦးနှောက်ရောင်ရောဂါ တုံ့ပြန် ကာကွယ်ဆေးထိုးတဲ့အခါ ဘယ်လိုနေရာတွေမှာ ဦးစားပေးပြီး ထိုးပေးမှာပါလဲ။**

ဖြေ။ ။ ဂျပန်ဦးနှောက်ရောင်ရောဂါ တုံ့ပြန်ကာကွယ်ဆေး (IMOJEV Live attenuated Viral Vaccine) ကို ယခင်နှစ်က ရောဂါဖြစ်ပွားခဲ့တဲ့ ဒေသတွေကို ဦးစားပေးပြီး ထိုးပေးမှာပါ။ အဲဒီဒေသတွေဟာလည်း နိုင်ငံရဲ့ ထမင်းရှင်တွေဖြစ်ကြတဲ့ တောင်သူတွေနေတဲ့အရပ် ဖြစ်ပါတယ်။ တောင်သူတွေက စပါးစိုက်ကြတယ်။ စပါးစိုက်တဲ့ လယ်ကွင်းတွေဟာ ဂျပန်ဦးနှောက်ရောင်ရောဂါကို ဖြစ်စေတဲ့ ကျူးလက်(စ) ခြင် (Culex) တွေ ပေါက်ပွားရာ အဓိကနေရာပေါ့။ တောင်သူတွေက ဝက်တွေမွေးကြတယ်။ ဝက်ကလည်း ဂျပန်ဦးနှောက်ရောင် ရောဂါပိုးကို ပွားများစေတဲ့ အဓိကကြားခံကောင်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ နေရာတွေဟာလည်း ဒီလိုဒေသတွေဖြစ်ပါတယ်။ ဒီရောဂါရဲ့ အများအားဖြင့် ဖြစ်နိုင်ခြေရှိတဲ့ ဒေသတွေကို ဦးစားပေးထိုးပေးမှာပါ။ ရောဂါဖြစ်ပွားခဲ့တဲ့ မြို့နယ်တွေက တခြားဒေသတွေကိုလည်း ထိုးပေးသွားမှာ ဖြစ်ပါတယ်။

**□ လူကိုကိုက်ပြီး အဲ့ဒီခြင်က နောက်တစ်ဦးကို ကိုက်ရင် မကူးစက်ပါဘူး။ တစ်နည်းအားဖြင့် ဝက်ကလူသို့ ကူးစက်ပြီး လူက လူသို့ မကူးစက်ပါဘူး။ ဝက်ဟာ အဓိကကြားခံကောင်ဖြစ် □**

**မေး။ ။ ကာကွယ်ဆေးထိုးပေးမယ့် ကလေးတွေရဲ့ အသက်အပိုင်းအခြားနဲ့ ကလေးအရေအတွက်ကို သိပါရစေ။**

ဖြေ။ ။ ကာကွယ်ဆေးကို အသက် ၁၅ နှစ်အောက် ကလေးတွေကို ထိုးပေးမှာဖြစ်ပြီး ရှစ်မြို့နယ်မှာ စုစုပေါင်း ကာကွယ်ဆေးထိုးပေးမယ့် ကလေး ၆၀၀၀၀ ခန့် ရှိပါတယ်။ ကာကွယ်ဆေးကို အစုလိုက် ကာကွယ်ဆေးထိုးစနစ်နဲ့ ထိုးနှံပေးသွားမှာပါ။ တစ်ကြိမ်ထိုးပြီးရင် လုံလောက်ပါပြီ။ ဒုတိယတစ်ကြိမ် ထပ်ထိုးရန်မလိုပါ။

**မေး။ ။ ဂျပန်ဦးနှောက်ရောင်ရောဂါအဖြစ် အများဆုံး အသက်အပိုင်းနဲ့ အဖြစ်အများဆုံးရာသီကို ပြောပေးပါ။**

ဖြေ။ ။ အသက်အရွယ်မရွေး ဖြစ်တတ်ပြီး ကလေးတွေကအဖြစ်များပါတယ်။ တစ်နှစ်ပတ်လုံး ဖြစ်တတ်ပြီး မိုးရာသီနဲ့ ဆောင်းရာသီမှာ ပိုပြီးဖြစ်တတ်ပါတယ်။

**မေး။ ။ ကာကွယ်ဆေးထိုးရန် မသင့်တဲ့ ကလေးတွေက ဘယ်လိုပါလဲ။**

ဖြေ။ ။ ဆေးဝါးကုသမှု တစ်ခုခုခံနေရတဲ့ ကလေးတွေ၊ ယခင်က အလားတူ ကာကွယ်ဆေးထိုး၍ ခံတ်မတည့်တဲ့ကလေးတွေ၊ ဖျားနေတဲ့ကလေးတွေ၊ နာမကျန်း ဖြစ်နေတဲ့ ကလေးတွေကို ဆေးမထိုးသင့်ပါဘူး။

**မေး။ ။ ရောဂါကူးစက်ပုံနဲ့ ကာကွယ်ရမယ့်နည်းစနစ်တွေကို သိလိုပါတယ်။**

ဖြေ။ ။ ဂျပန်ဦးနှောက်ရောင်ရောဂါဟာ ဂျပန်ဦးနှောက်ရောင် ရောဂါပိုး(Japanese Encephalitis Virus) ကို သယ်ဆောင်တဲ့ ကျူးလက်(စ) (Culex) ခြင်ကိုက်တာကြောင့်ဖြစ်ပါတယ်။ အဲ့ဒီ ကျူးလက်(စ)ခြင်ဟာ စပါးစိုက်ပျိုးတဲ့ လယ်ကွင်းတွေမှာ အများအားဖြင့် ပေါက်ပွားပါတယ်။ ခြင်က ဝက်ကိုကိုက်မယ်။ ဝက်ရဲ့ ခန္ဓာကိုယ်မှာ ရောဂါပိုးဟာ မျိုးဗီဇပြောင်းလဲပြီးတော့ အဲ့ဒီ ဝက်ကိုကိုက်တဲ့ခြင်က လူကိုပြန်ကိုက်ပြီး ဖြစ်ပွားတာပါ။ ဂျပန်ဦးနှောက်ရောင်ရောဂါပိုးရှိတဲ့ လူကိုကိုက်ပြီး အဲ့ဒီခြင်က နောက်တစ်ဦးကိုကိုက်ရင် မကူးစက်ပါဘူး။ တစ်နည်းအားဖြင့် ဝက်ကလူသို့ ကူးစက်ပြီး လူက လူသို့ မကူးစက်ပါဘူး။ ဝက်ဟာ အဓိကကြားခံကောင်ဖြစ်ပါတယ်။ ငှက်၊ ဘဲ၊ ခို၊ လင်းနို့တို့ဟာလည်း ရောဂါရဲ့ ကြားခံကောင်တွေ ဖြစ်ပါတယ်။ ကျူးလက်(စ) ခြင်ဟာ နှစ်မိုင်ပတ်လည်ထိ ပျံနိုင်တာကြောင့် ရောဂါဖြစ်ပွားလာခဲ့ရင် စဖြစ်တဲ့ဒေသက နှစ်မိုင်ပတ်လည်မှာရှိတဲ့ ဒေသတွေကိုလည်း အထူးစောင့်ကြည့်ရန် လိုအပ်ပါတယ်။ ဝက်တွေကိုလည်း စနစ်တကျ မွေးမြူရန် လိုအပ်ပါတယ်။ ကာကွယ်ဆေးရှိတယ်ဆိုပေမယ့် ကာကွယ်ဆေးကိုချည်း အားကိုးမနေသင့်ပါဘူး။ ရောဂါမဖြစ်အောင် ကာကွယ်ရန်လည်း အရေးကြီးပါတယ်။

ကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာလည်း ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ မလုံလောက်နိုင်ပါဘူး။ ပြည်သူလူထု ပူးပေါင်းမှုက အခရာကျပါတယ်။ ဒါကြောင့် ကျန်းမာရေးပညာပေးမှုတွေကို လိုက်နာဖို့ ၊ ခြင်ကိုက်မခံရအောင်ပြုမူနေထိုင်ဖို့၊ ရောဂါဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး စောစောစီးစီးသတင်းပေးဖို့၊ မိမိတို့ဒေသမှာ ဝက်တွေ သားလျှောတာတွေ၊ သေဆုံးတာတွေရှိရင် သက်ဆိုင်ရာဌာနတွေကို ဆောလျင်စွာ သတင်းပေးကြဖို့ အဓိကလိုအပ် ပါတယ်။ ဘယ်ရောဂါမဆို ကာကွယ်ခြင်းဟာ အကောင်းဆုံးဖြစ်ပါတယ်။ ။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 4G/8845 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် BB/6522 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

စိုးဇင်စာပေ၏စာအုပ်အမှတ် (၁၈)
ဒေါက်တာ စိုးလွင်
ထွက်ပြီ
ရှက်ရှက်ရဲ့
အတွင်းဘက်က အနက်ရှိုင်းဆုံး
လျှို့ဝှက်ချက်များ အတွဲ(၂)
Tel:01 228297,
09 5049783, 09 450040767



Myanmar Professional Development Center
လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်သော
1. International Business Management Certificate Program
တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိထားသူများ (သို့) လုပ်ငန်းအတွေ့အကြုံ (၂) နှစ်ရှိသူများ လျှောက်ထားနိုင်ပါသည်
2. Human Resource Management Certificate Program
တက္ကသိုလ်တက်ရောက်နေသူများ (သို့) လုပ်ငန်းခွင် အတွေ့အကြုံရှိသူများ လျှောက်ထားနိုင်ပါသည်
ခေါင်းဆောင်မှုဆိုင်ရာ နိုင်ငံတကာ အတွေ့အကြုံရရှိနိုင်သော
3. AIESEC Global Leadership Development Program
Building (15), MICT Park , Hlaing Township, Yangon
01 507043, 507047, 09 73103785, 420114501, 256146919.
sandra@newklink.com, www.myanmarpdc.net
Enroll Now!

# ပြင်သစ်နိုင်ငံ စိုက်ပျိုးရေးတက္ကသိုလ်မှ နောက်ဆုံးပေါ်နည်းပညာများ ပို့ချပေးမည်

**နေပြည်တော် မေ ၁၇**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ပြင်သစ်နိုင်ငံ မောင့်ပယ်လီယာမြို့ရှိ(Montpellier) စိုက်ပျိုးရေးတက္ကသိုလ်( Sup Agro University) နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မေ ၁၄ ရက်က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

"အခုလို လက်မှတ်ရေးထိုးတဲ့အတွက် စိုက်ပျိုးရေးတက္ကသိုလ်က ဆရာ ဆရာမတွေနဲ့ ကျောင်းသားကျောင်းသူအချင်းချင်း စိုက်ပျိုးရေးနည်းပညာတွေ ဖလှယ်နိုင်မယ်။ သုတေသနလုပ်ငန်းတွေမှာ နည်းပညာတွေ အချင်းချင်းဖလှယ်ကြမယ်။ ပြင်သစ်နိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်က ဆရာတွေက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကို လာရောက်ပြီး သင်တန်းတွေလာရောက် ပို့ချပေးမယ်။ ဒီက ဆရာဆရာမများနဲ့ ကျောင်းသားကျောင်းသူတွေကလည်း ပြင်သစ်နိုင်ငံမှ စိုက်ပျိုးရေး နည်းပညာတွေကို သင်ယူခွင့်ရနိုင်မှာ ဖြစ်တဲ့အတွက် အလွန်ကိုကောင်းမွန်တဲ့ လုပ်ငန်းဖြစ်ပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ပြင်သစ်နိုင်ငံတို့သည် ပထမဆုံးအကြိမ်နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဂျာမနီ၊ အမေရိကန် စသည့်နိုင်ငံများနှင့် လက်မှတ်များရေးထိုးနိုင်ခဲ့ကြောင်း၊ ယခုအချိန်ထိ နိုင်ငံတကာနှင့် စိုက်ပျိုးရေးနှင့်ပတ်သက်၍ လက်မှတ်ရေးထိုးနိုင်ခဲ့သည်မှာ ၁၆ ခု ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။



**သတင်း - ဇူလိုင်မိုး (မြန်မာ့အလင်း)**
**ဓာတ်ပုံ - အိမ့်ထက်မှူး**

# ပဲခူးရိုးမ(အလယ်ပိုင်း)ရှိ ကျေးရွာများ သောက်သုံးရေရရှိရေးဆောင်ရွက်



**ရေတာရှည် မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အလယ်ရိုးမ အောက်သိုင်းနယ်ရှိ ကျေးရွာများတွင် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ယခု မတ်လအတွင်း ဆောင်ရွက်လျက်ရှိသည်။

မြို့ပြနှင့် အလှမ်းကွာဝေးသည့် စကွေး (မရိုးခုံ)ကျေးရွာအုပ်စု မြို့ကတော်ကျေးရွာတွင် မတ် ၂၈ ရက်က မသန့်ရှင်းသည့် ချောင်းရေသောက်သုံးခြင်းကြောင့် ကာလဝမ်းရောဂါများဖြစ်ပွားကာ လူလေးဦးသေဆုံးပြီး ၁၉ ဦးကို အရေးပေါ်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေကျော်နှင့် တာဝန်ရှိသူများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့သည်။ မြို့ကတော်ကျေးရွာ၌ နှစ်လက်မတွင်းတိမ်ရေတွင်းသုံးတွင်း၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် မိသားစုက လှူဒါန်းသည့် နှစ်လက်မတွင်း တိမ်တစ်တွင်းတို့ကို တူးဖော်ကာ လက်ရှိအသုံးပြုနိုင်ကြပြီဖြစ်သည်။

ယခုအခါ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ယင်လုံအိမ်သာ ၁၀လုံးကို တည်ဆောက်ပေးခဲ့ပြီး ဆက်သွယ်မှုကောင်းမွန်စေရန် CDMA 450 ဖုန်းတစ်လုံးကိုလည်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ပံ့ပိုးကူညီပေးခဲ့သည်။ ထို့ပြင် အောက်သိုင်းနယ်တွင်ပါဝင်သော ကျေးရွာများလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း ဇရဲပေါက်ကျေးရွာမှနေ၍ လှေကားထောင် - လုံးရမ်း - စကွေး (မရိုးခုံ) ကျေးရွာချင်းဆက် မြေသားလမ်းပိုင်းကို ဆောင်ရွက်သွားရန်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေသန့်ရရှိရေးအတွက် လေးလက်မစက်ရေတွင်းများကို တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။**ကိုလွင် (ဆွာ)**

# ရိခေါဒါရ်မြို့ ပတ်လမ်း တိုးချဲ့ ဖောက်လုပ်ခြင်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်

**ရိခေါဒါရ် မေ ၁၇**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြို့ပတ်လမ်းတိုးချဲ့ဖောက်လုပ်ခြင်းကို စက်ကြီးလေးစီး အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့ပတ်လမ်းသည် ယခင်လမ်းအကျယ် ၂၄ ပေမှ ပေ ၃၀ အကျယ်အဖြစ် တိုးချဲ့ဖောက်လုပ်မည်ဖြစ်ပြီး လမ်းအရှည် ၁ ဒသမ ၇ မိုင် ရှည်လျားကာ ဖောက်လုပ်ပြီးစီးပါက ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သည်။ လက်ရှိအသုံးပြုနေသည့် ရပ်ကွက်နှစ်ခု ချိတ်ဆက်သောလမ်းသည် ယာဉ်အန္တရာယ် စိုးရိမ်ရပြီး တိုးချဲ့ဖောက်လုပ်ပြီးစီးပါက အန္တရာယ်ကင်းစွာအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် မေ ၁၇**

နေပြည်တော်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ဦးစီးကျင်းပသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မေ ၁၃ ရက်က ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက အမှာစကားပြောကြားခဲ့ပြီး နေပြည်တော် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ဒုရဲမှူးမင်းနိုင်က လူကုန်ကူးမှုနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ရပ်ရွာအခြေပြုလူကုန်ကူးမှု စောင့်ကြည့်ရေးအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**



# မိုးစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ စိုက်ပျိုးရာသီအမီ ထုတ်ချေးပေးစေချင်

**မိုးညို မေ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေနှင့် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ စိုက်ပျိုးရာသီအမီ ထုတ်ချေးပေးနိုင်မှုမရှိသေးကြောင်း သိရသည်။

မိုးစပါးနှင့် ဆောင်းသီးနှံစိုက်တောင်သူများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။ စိုက်ပျိုးရန်စရိတ်သည် ကြိုတင်ထုတ်ချေးငွေဖြစ်သော်လည်း နောက်ကျမှ ထုတ်ချေးပေးသည်ဖြစ်သဖြင့် တောင်သူများအနေဖြင့် ထယ်ရေးဝင်ချိန်မှစ၍ စိုက်ပျိုးစရိတ်ကို အတိုးနှုန်းကြီးစွာဖြင့် ချေးယူကာ စိုက်ပျိုးမှုအမြန်ပြီးစီးရေး လုပ်ကိုင်ကြရသည်။

သီးနှံစိုက်ပျိုးစရိတ်များကို စိုက်ပျိုးရာသီအမီ ကြိုတင်ထုတ်ချေးပေးစေလိုကြောင်း ဇင်းချောင်းအုပ်စု သာယာကုန်းရွာတောင်သူကြီး ဦးမောင်မောင်သောင်းက ပြောကြားကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဖယ/၃၅၄၉၁ Lrojia 110 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ထူး ၈/မတန(နိုင်)၀၁၂၃၉၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/4268 Hyundai HB, Mini Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးလှစိန် ၁၂/ကတန(နိုင်)၀၉၀၅၁၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ် ၄၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၇၅၄၊ အကျယ်အဝန်းပေ(၄၀×၆၀)၊ ဧရိယာ ၀ ဒသမ၀၅၅ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ် ၇၅၄၊ စာဂ(၁၈)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ အမည်ပေါက် ဦးအောင်လင်းထင် ၇/ပခန(နိုင်)၀၀၄၅၃၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ခင်အေးမြင့်** | **ဒေါ်ဝင်းသဇင်ဦး** | **ဒေါ်ညိုမာ** |
| **(စဥ်-၇၁၅၈)** | **(စဥ်-၃၁၀၀၃)** | **(စဥ်-၃၅၇၇၆)** |
| LL.B.,LL.M,D.B.L | LL.B,D.B.L,C.B.M | LL.B |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်း မြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀။**





## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) 315 KVA,11/0.4 KV Transformer & Two Pole Structure တည်ဆောက်ခြင်းလုပ်ငန်း — 6 Lot
(ပဲခူး၊ ညောင်လေးပင်၊ ဘိုကလေး၊ လပွတ္တာ၊ မုံရွာ၊ စစ်တွေ)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၅-၂၀၁၅ရက်မှ ၁၃-၆-၂၀၁၅ရက်အထိ နေ့စဉ် နံနက်၉း၃၀နာရီမှ ညနေ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၆-၂၀၁၅ရက် နံနက်၉း၃၀နာရီမှ ညနေ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်ပေးပို့လာသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

## အခွန်တာဝန် ရှိ/မရှိ ကိုယ်တိုင်စိစစ်ကြည့်

၁။ အခွန်ဆိုသည်မှာ နိုင်ငံနှင့် ပြည်သူများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အခွန်ဥပဒေနှင့်အညီ ကောက်ခံသောငွေပင်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်အတွက် အခွန်ထမ်းဆောင်ထိုက်သူအားလုံး အခွန်ထမ်းဆောင်ကြပါရန်နှင့် မိမိသည် အခွန်ပေးဆောင်ရန် တာဝန်ရှိ/မရှိကို အောက်တွင်ဖော်ပြမည့် အချက်အလက်များနှင့် တိုက်ဆိုင် ကြည့်စေလိုပါသည်။

၂။ ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်ဆိုသည်မှာ၁-၄-၂၀၁၄ ရက်မှ ၃၁-၃-၂၀၁၅ ရက်အထိ ကာလဖြစ်သည့်အတွက် အဆိုပါကာလအတွက်ရရှိသည့်ဝင်ငွေများနှင့်ပတ်သက်၍ ၂၀၁၄ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြည့်ရန်ဖြစ်ပါသည်။

၃။ **အခွန်ထမ်းဆောင်ရန် တာဝန် ရှိ/မရှိ စိစစ်ကြည့်ရန်။** ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်တွင် စာပိုဒ် ၄ ပါဝင်ငွေအမျိုးအစားရရှိပြီး အောက်ပါတို့ကို နုတ်ပယ်ပြီးချိန်တွင် ကျပ်သိန်း ၂၀ အထက် ကျန်ရှိသူများသည် မိမိတို့နေထိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနများသို့ ဆက်သွယ်၍ အခွန်ပေးဆောင်ကြပါရန် နိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း စုစုပေါင်းရရှိသော ဝင်ငွေအနက်မှ အခြေခံသက်သာခွင့်အဖြစ် ဝင်ငွေ၏ ၂၀ ရာခိုင်နှုန်း (ကျပ်သိန်း၁၀၀ထက်မပိုရ)။
(ခ) အတူနေသူ/စရိတ်ထောက်ပံ့ထားရသည့် အိမ်ထောင်ဖက်တစ်ဦးအတွက် ကျပ်ငါးသိန်းသက်သာခွင့် (ယင်းအိမ်ထောင်ဖက်သည် ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်ထိုက်သင့်သည် ဝင်ငွေမရရှိသူဖြစ်ရပါမည်။)
(ဂ) သားသမီးများ တစ်ဦးလျှင် ကျပ်သုံးသိန်းစီဖြင့် သက်သာခွင့်[အိမ်ထောင်မရှိသည့် ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရရှိသည့် အသက် ၁၈ နှစ်မပြည့်သေးသည့် (သို့မဟုတ်) အသက် ၁၈ နှစ် ပြည့်ပြီးသော်လည်း ပညာသင်ကြားလျက်ရှိသည့်သူ ဖြစ်ရပါမည်။]
(ဃ) အခွန်ထမ်းနှင့် အိမ်ထောင်ဖက်၏ အသက်အာမခံအတွက်ပေးရသော ပရီမီယံ။
(င) နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် လူမှုဖူလုံရေးရန်ပုံငွေသို့ ထည့်ဝင်ငွေ။

၄။ ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်တွင် စုစုပေါင်းရရှိသောဝင်ငွေကိုတွက်ချက်ရာတွင် အောက်ပါတို့ ပါရှိရပါမည်-

(က) **လစာရရှိသူ** (လစာတွင် လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ လစာနှင့် လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်နှင့် အကျိုးခံစားခွင့်တို့ ပါဝင်ပါသည်။)
(ခ) **အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေရရှိသူ** (ဆရာဝန်၊ သူနာပြုဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ ရုပ်ရှင်ပညာသည်၊ သဘင်ပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ ပန်းထိမ်ဆရာ၊ စာရင်းကိုင်၊ စာရင်းစစ်၊ ဗေဒင်ဆရာ၊ ကျောင်းဆရာ၊ ဇာတ်လမ်းညွှန်၊ သင်တန်းဆရာစသည်များ။)
(ဂ) **စီးပွားရေးလုပ်ငန်းမှဝင်ငွေရရှိသူ** (စီးပွားရေးလုပ်ငန်းဆိုသည်တွင် ကုန်သွယ်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ယင်းလုပ်ငန်းများ၏ သဘောသဘာဝ ပါဝင်သက်ရောက်မှုရှိသော လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအားလုံးပါဝင်သည်)။
(ဃ) **မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှ ဝင်ငွေရရှိသူ**
(င) **အခြားရလမ်းမှဝင်ငွေရရှိသူ** (အထက်ဖော်ပြပါ ဝင်ငွေခေါင်းစဉ်များ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေ၊ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေတို့နှင့် အကျုံးမဝင်သော ဝင်ငွေရရှိသူ)။

၅။ အောက်ပါဝင်ငွေအမျိုးအစားရရှိသူများသည် စာပိုဒ် ၃ တွင် ဖော်ပြထားသော သက်သာခွင့်များရနိုင်ခွင့်မရှိပါ-

(က) အခြေပစ္စည်းမှ မြတ်စွန်းငွေရရှိသူများ (မြေ၊ အဆောက်အအုံ၊ အိမ် ခန်းများ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာမတည်ပစ္စည်း၊ အစုရှယ်ယာ၊ ကတိခံဝန်ချုပ်၊ ငွေချေးသက်သေခံလက်မှတ်များ၊ ယင်းတို့ကဲ့သို့သော လက်မှတ်စာချုပ် ရောင်းချ၍ နှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်းသည် ကျပ်သိန်း ၅၀ ထက်ကျော်လွန်ပြီး မြတ်စွန်းငွေလည်းရရှိသူ)။
(ခ) စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေရှိသူ။

၆။ ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်အတွက် အခွန်ထမ်းဆောင်နိုင်ရန် ဝင်ငွေကြေညာလွှာပုံစံ ပတခ (ဝင)-၁ ကိုရယူရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန်-

(က) WWW.irdmyanmar.gov.com တွင် Download ပြုလုပ်၍ရယူခြင်း (သို့မဟုတ်)၊
(ခ) မိမိတို့နေထိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တောင်းယူခြင်း (သို့မဟုတ်)၊
(ဂ) တယ်လီဖုန်းနံပါတ်-၀၉-၅၁၈၄၉၅၇၊ ၀၉-၅၀၈၀၀၉၃၊ ၀၉-၇၃၀၉၇၅၉၈ တို့သို့ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်ပါရှိသော SMS ပေးပို့၍ ပုံစံတောင်းယူခြင်း။

၇။ မရှင်းလင်းသည်များရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများ(ရန်ကုန်) ဖုန်း-၀၁-၃၇၈၃၇၀၊ (မန္တလေး) ဖုန်း-၀၂-၃၀၁၉၂ နှင့် မိမိတို့နှင့်သက်ဆိုင်သော တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ မေးမြန်းနိုင်ပါသည်။

**အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးတွင် လာရောက်ပြသသောပြင်ပလူနာများ၊ အတွင်းလူနာများ ကုသပေးရန် လိုအပ်သော (FDA)အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၅ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၇-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး**
**၂၃လမ်း၊ ၈၀-၈၁ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အဆိုပြုတင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ အမှတ် (၇)ရပ်ကွက်သစ်၊ သောင်ကြီးတောင် တိုးချဲ့(၁)၊ ညောင်ကျေးရွာ၊ မြေတိုင်း (၂၃/၂၆)ရွှေလင်ပန်းကျေးရွာ၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၉၃/၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ကနောင်မင်းသားကြီးလမ်းနှင့် ပဲခူးမြစ်ကမ်းပတ်တာလမ်း မြေသားလမ်း ပြုလုပ်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ Stone Pitching ပြုလုပ်ခြင်း၊ Box Culvert ပြုလုပ်ခြင်း လုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း လုပ်ငန်းတင်ဒါများ လျှောက်ထားပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

(၁) **တင်ဒါပုံစံနှင့် စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်ရက်** - ၁၉-၅-၂၀၁၅ ၊ ၀၉း၃၀နာရီ
(၂) **တင်ဒါပိတ်မည့်ရက်** - ၁၉-၆-၂၀၁၅၊ ၄း၃၀နာရီ
(၃) **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ နေပြည်တော်။

**တင်ဒါခေါ်ယူရေးဆပ်ကော်မတီ၊**
**ဖုန်း-၀၆၇-၄၀၇၅၂၇**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား CIF (Yangon) နိုင်ငံခြားငွေ (USD)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | SKD Parts for Wheel Loader(5 Ton) | 2 Units |
| (ခ) | SKD Parts for 5 Ton Forklift | 2 Units |
| (ဂ) | SKD Parts for 3 Ton Forklift | 5 Units |

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ၂၁-၅-၂၀၁၅ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးထားတင်သွင်းရမည့်ရက် ၁-၆-၂၀၁၅ရက် ၁၆း၀၀နာရီ

**စီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၅၉၊ ၀၆၇-၄၀၅၃၂၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)နေပြည်တော်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့တွင် အသုံးပြုရန် အောက်ပါ မော်တော်ယာဉ်၊ စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Computer (Desktop) — (၁) လုံး
(ခ) Air-Conditioner (2HP) — (၄) လုံး
(ဂ) Toyota Fielder (Model 2009) — (၁) စီး
(ဃ) Toyota Light Truck (Model 2003) — (၁) စီး

၂။ **တင်ဒါပုံစံ/စည်းကမ်းဝယ်ယူရမည့်ရက်** - ၂၅-၅-၂၀၁၅ရက်မှ ၁-၆-၂၀၁၅ရက်အထိ
၃။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၂-၆-၂၀၁၅ရက် ၁၃း၀၀နာရီ
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ် (၃၂)အစည်းအဝေးခန်းမ၊ နေပြည်တော်
၅။ **တင်ဒါပိတ်မည့်ရက်** - ၁-၆-၂၀၁၅ရက်
၆။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂) နေပြည်တော်နှင့် ပစ္စည်းထိန်းဌာနခွဲ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

၇။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၃၂၃၊ ၀၆၇-၄၀၆၃၂၄တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
## ဆည်မြောင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရေငန်တားတာ၊ ရေတံခါး၊ လျှိုပိတ်ဆည်နှင့် အသက်ကယ်ကုန်း၊ ကန် လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး(စစ်တွေ) တွင် ၁၅-၅-၂၀၁၅ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၃၀-၅-၂၀၁၅ ရက် နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၂။ လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ပြည်နယ်ဆည်မြောင်းဦးစီးဌာန(စစ်တွေ) ဖုန်း-၀၄၃-၂၄၃၁၈၊ ၀၄၃-၂၂၂၁၂ တို့တွင် ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဖူလုံရေးအဖွဲ့မှ အောက်ဖော်ပြပါ လုပ်ငန်းရပ်များ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့် တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်များရှိ မြို့နယ်များတွင် ရုံးနှင့်ဆေးခန်းများ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း။
(ခ) မန္တလေးအလုပ်သမားဆေးရုံကြီး ခွဲစိတ်ခန်းဆောက်လုပ်ခြင်း(ခွဲစိတ်ခန်းသုံး ပစ္စည်းကိရိယာများအပါအဝင်)
(ဂ) e-Government သုံးပစ္စည်းများဝယ်ယူခြင်း (Desktop Computer, Laptop, Webcam, Colour Printer, Scanner A4, Projector)

၂။ **တင်ဒါပုံစံဝယ်ယူရမည့်ရက်** - ၂၂-၅-၂၀၁၅ ရက်မှ ၂၈-၅-၂၀၁၅ ရက်အထိ (ရုံးချိန်အတွင်း)
**တင်ဒါ Specification တင်သွင်းရမည့်ရက်** - ၁၉-၆-၂၀၁၅ ရက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း
**တင်ဒါဖွင့်မည့်ရက်** - ၂၆-၆-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၇၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လူမှုဖူလုံရေးအဖွဲ့၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည်နှင့်တည်နေရာ | တင်ဒါပိတ်ရက် |
|---|---|---|---|
| ၁ | ၀၃/မပ/တိုင်း(၈) မော်လမြိုင် | သထုံဘူတာပင်မအဆောက်အအုံအမိုးမိုးခြင်း (၉၀၀၀ စ/ပေ)(သထုံဘူတာ) | ၁၀-၆-၂၀၁၅ |
| ၂ | ၀၄/မပ/တိုင်း(၈) မော်လမြိုင် | မော်လမြိုင်ဘူတာယာဒ်ဝင်းတွဲစစ်ကျင်းအမိုးအကာ တည်ဆောက်ခြင်း(၂၀၇၉၀ စ/ပေ) | ၁၀-၆-၂၀၁၅ |
| ၃ | ၀၅/မပ/တိုင်း(၈) မော်လမြိုင် | မော်လမြိုင်ဘူတာတွင်ရထားတွဲဆိုင်း ရေဖြည့်ရန် အဝီစိတွင်း(၃)တွင်း တူးခြင်း၊ အုတ်ရေကန်နှင့် ရေပိုက်သွယ်တန်းခြင်း။ | ၁၁-၆-၂၀၁၅ |
| ၄ | ၀၆/မပ/တိုင်း(၈) မော်လမြိုင် | မုဒုံဘူတာတွင်ရေးနွေးငွေ့စက်ခေါင်းရေဖြည့်ရန် အဝီစိတွင်းတူးခြင်း၊ ရေစင်၊ရေကန်နှင့် ရေပိုက် သွယ်တန်းခြင်း။(မုဒုံ) | ၁၀-၆-၂၀၁၅ |
| ၅ | ၀၇/မပ/တိုင်း(၈) မော်လမြိုင် | သံဖြူဇရပ်ဘူတာတွင် ရေနွေးငွေ့စက်ခေါင်း ရေဖြည့်ရန်အဝီစိတွင်းတူးခြင်း၊ ရေစင်၊ ရေကန်နှင့် ရေပိုက်သွယ်တန်းခြင်း။ | ၁၀-၆-၂၀၁၅ |
| ၆ | ၀၈/မပ/တိုင်း(၈) မော်လမြိုင် | ကိုးမိုင်-ပေါက်ပင်ကွင်း ကြားတံတားအမှတ် (၂၃၆)မျောပိုင်ရိုက်ကျောက်ကြီးစီခြင်း၊ ရေဆန်ဘက်တောင်ပံနံရံပြုပြင်ခြင်း | ၁၀-၆-၂၀၁၅ |

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၈-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အင်ဂျင်နီယာမှူး(မြို့ပြ)တိုင်း(၈)မော်လမြိုင်**
**မော်လမြိုင်ဘူတာကြီးအပေါ်ထပ်၊ ဖုန်း-၀၅၇-၂၇၁၅၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်စာရင်းစစ်ရုံး(ညောင်ဦး-ကျောက်ပန်းတောင်း မော်တော်ကားလမ်း၊ ကုန်းတန်းကြီးကျေးရွာအုပ်စု တောင်ရှည့်ကွင်းအကွက် ၁၅၃၃)၌ ၂၀၁၅- ၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်ရန်အတွက် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်/ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

- ညောင်ဦးခရိုင်စာရင်းစစ်ရုံး၊ ရုံးအဆောက်အအုံ (၄၀'×၃၆') RC တစ်ထပ်တစ်လုံးဆောက်လုပ်ခြင်းနှင့် ညောင်ဦးခရိုင် စာရင်းစစ်ရုံး လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ(၇၂'×၃၁'×၁၇') RC တစ်ထပ်တစ်လုံး ဆောက်လုပ်ခြင်းနှင့် ၂၂၅၀ ဂါလန်ဆံ့ (၁၀'×၆'×၆') အုတ်ရေကန် ဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၅-၂၀၁၅ရက်မှ ၂၇-၅-၂၀၁၅ရက်အထိ ရုံးဖွင့်ရက်များတွင် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၆-၂၀၁၅ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးရှိ တင်ဒါအဖွဲ့ဝင်များရှေ့တွင် လာရောက်တင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး ဖုန်း-၀၂-၃၉၂၇၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုခရိုင်၊ လမ်းဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရွှေဘိုခရိုင်နှင့် မြို့နယ်များရှိ လမ်း-တံတားလုပ်ငန်းများအတွက်လိုအပ်သည့် ဘိလပ်မြေ၊ သံချောင်းလုံးနှင့် လမ်းခင်းကျောက်ရွယ်စုံများကို (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါလျှောက်လွှာပိတ်ရက်နှင့်အချိန်** - ၁-၆-၂၀၁၅ရက်၊ မွန်းတည့် ၁၂:၀၀နာရီ

**တင်ဒါရွေးချယ်မည့်ရက်နှင့် အချိန်** - ၁-၆-၂၀၁၅ရက်၊ မွန်းလွဲ ၁:၀၀နာရီ

**တင်ဒါရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရွှေဘိုမြို့

၃။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁၈-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၅-၂၁၀၀၇၊ ၀၇၅-၂၂၉၃၇ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## ကျောက်မျက်ရတနာသတ်မှတ်/ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များအတွက်အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက်(၃/၂၀၁၅)
## နေပြည်တော်၊ ၁၃၇၇ခုနှစ်၊ ကဆုန်လဆန်း ၅ရက် (၂၀၁၅ခုနှစ် ဧပြီလ ၂၂ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၅ခုနှစ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးမည့်သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များ၊ လုံးခင်း၊ ဖားကန့်၊ ခန္တီး၊ မိုးညှင်းရတနာနယ်မြေများရှိ လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုံးခင်း၊ ဖားကန့်၊ ခန္တီး၊ မိုးညှင်းရတနာနယ်မြေများနှင့် နန့်ယားဆိပ်ဒေသတို့တွင် လုပ်ကိုင်ခွင့်ပြုခဲ့သည့် ၂၀၁၃ခုနှစ် ဧပြီ၊ မေ၊ ဇွန်လများတွင် သက်တမ်းကုန်သည့် လုပ်ကွက်များကို ကြေညာချက် ၄/၂၀၁၃ဖြင့် ဈေးပြိုင်အဆိုပြုလွှာခေါ်ယူခဲ့သော်လည်း ၃၁-၅-၂၀၁၂ ရက်မှစ၍ တူးဖော်မှုရပ်နားထားခဲ့ရသည့်အတွက် ၎င်းအဆိုပြုလွှာများကို ဖွင့်ဖောက်ခြင်းမပြုခဲ့ပါ။ ၎င်းလုပ်ကွက်များကို ရပ်နားကာလအလိုက် သက်တမ်းတိုးပေးပါက ၂၀၁၅ခုနှစ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ ကြေညာချက် ၄/၂၀၀၃ တွင် တင်သွင်းခဲ့သော အဆိုပြုလွှာများကို ပယ်ဖျက်၍ ၎င်းကြေညာချက်ဖြင့် ဈေးပြိုင်ခေါ်ယူခဲ့သည့် လုံးခင်း၊ ဖားကန့်၊ ခန္တီး၊ မိုးညှင်းရတနာနယ်မြေများနှင့် နန့်ယားဆိပ်ဒေသတို့ရှိ သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ ၁၂)၊ (ပုဒ်မ ၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ထပ်မံကြေညာခေါ်ယူ၍ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၄။ လုပ်ငန်းမှတ်ပုံတင်ခြင်း အဆိုပြုလွှာထုတ်ယူခြင်းနှင့်အဆိုပြုလွှာပြန်လည် တင်သွင်းခြင်းများကို မြန်မာ့ကျောက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၅ခုနှစ် ဧပြီ ၂၇ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေး ငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှု လေ့လာခြင်းများဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁) တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၅ခုနှစ် ဧပြီလ ၂၇ရက်မှ မေလ ၂၆ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၅။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ် တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၆။ အမည်မည်း (Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

